၉၂

ဒုစရိုက်ဆယ်ပါး

ဏကော်ကြီး

စိန်ပန်းမြိုင် ▲ ဦးမျိုးမြင့် ပြုစုသည်

၉၄၁၇

စိရံ တိဋ္ဌတု သဒ္ဓမ္မော



အာဂမ္မာ တရား တော်လာ

ဒုစရိုက်ဆယ်ပါး

ဝဋ္ဋုဒေါ်ကြီး

ဦးမျိုးမြင့် ပြုစုသည်

ဘာသာရေး ခွင့်ပြုချက် အမှတ် ၇၅၁၇/၇၅၁၇၊

ပ ထ မ အကြိမ်

၁၉၇၆ ခု၊ စက်တင်ဘာလ၊

အုပ်ရေ ၃၀၀၀

တန်ဖိုး ငါးကျပ်၊

ပန်းချီ .... သန်းအေး

ဘလောက် .... အောင်သိဒ္ဓိ

အဖုံးရိုက် .... ရာကျော်

ပုံနှိပ်သူ

ဦးကျော်လုံး၊ ရာကျော် ပုံနှိပ်တိုက်၊ (မြဲ-၀၁၄၁၈)
အမှတ် ၂၁၃/၃၈ လမ်း၊ ရန်ကုန်မြို့။

ထုတ်ဝေသူ

ဦးညွန့်ရွေ၊ (မြဲ-၀၃၁၃) စိန်ပန်းမြိုင်စာပေ၊
အမှတ် ၂၃၊ ဦးကောင်းလမ်း၊ ကရင်အမျိုးသား
ရပ်ကွက်၊ ကြည့်မြင်တိုင်
ရန်ကုန်။

၈ - ၂ ၊ ၈၁၂ - ၂၉ ၃၀

မာတိကာ

၁။	ဒုစရိုက်ဆယ်ပါး အကျဉ်းရှင်းလင်းချက်	၁
၂။	ဒုစရိုက် အဖွင့်	၂
၃။	ဝစီဒုစရိုက် ဝစီကံလေးပါး	၃
၄။	မနောဒုစရိုက် မနောကံသုံးပါး	၃
၅။	ဒုစရိုက် ဆယ်ပါးတွင်	၄
၆။	ပါဏာတိပါတကံ၊ သူတပါးအသက်သတ်ခြင်း	၅
၇။	ဓမ္မဒိန္နာ အလောင်းဆိတ်သတ်သမားဝတ္ထု	၅
၈။	အဒိန္နာဒါနကံ	၆
၉။	ကာမေသု မိစ္ဆာစာရကံ	၁၅
၁၀။	ရွှေပန်းတိမ်သည် ဝတ္ထု	၁၈
၁၁။	သူဌေးသားလေးယောက်ဝတ္ထု	၂၂
၁၂။	မုသာဝါဒကံ	၂၈
၁၃။	စိဉ္စမာဏဝိကာဝတ္ထု	၂၈
၁၄။	ပိသုဏဝါစာကံ	၃၅
၁၅။	ဖရုသဝါစာကံ	၃၉
၁၆။	ရေဝတီဝတ္ထု	၄၂
၁၇။	သမ္ဖပ္ပလာပကံ	၄၈
၁၈။	ဂါမဏီဝတ္ထု	၅၂
၁၉။	အဘိဇ္ဈာကံ	၅၅
၂၀။	အာဂန္တုက သူဌေးဝတ္ထု	၅၇

မာတိကာ

၂၁။ ဗျာပါဒက ၆၁
၂၂။ ဥပ္ပိပါသ ပြိတ္တာဝတ္ထု ၆၃
၂၃။ မိစ္ဆာဒိဋ္ဌိက ၇၀
၂၄။ ကောရခတ္တိမာ ဝတ္ထု ၇၂
၂၅။ မက္ခလိဂေါသာလဝတ္ထု ၇၈
၂၆။ အရိယူပဝါဒက ၈၀
၂၇။ ကောကာလိကဝတ္ထု ၈၄
၂၈။ သောရေယျသူဌေးသားဝတ္ထု ၈၉
၂၉။ ဒေဝီလရသေ့ဝတ္ထု ၉၂

၃၀။ ဥပဝါဒက ၊ မိစ္ဆာဒိဋ္ဌိက ၁၀၂
၃၁။ ဒုစရိုက်မ ပါ ....အမှာစကား ၁၁၇
၃၂။ ပါဏာတိပါတ ရှောင်ခြင်း အကျိုးကျေးဇူး ၁၂၂
၃၃။ အဒိန္နာဒါန ရှောင်ကြဉ်ခြင်း အကျိုးကျေးဇူး ၁၂၄
၃၄။ ကာမေသုမိစ္ဆာစာရ ရှောင်ခြင်း အကျိုးကျေးဇူး ၁၂၆
၃၅။ မဟုတ်မမှန်သောစကား ရှောင်ခြင်းအကျိုးကျေးဇူး ၁၂၈
၃၆။ ချောပစ်ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် ခံစားရသောအကျိုး ၁၂၉
၃၇။ အယုတ်တမာပြောဆိုခြင်းမှ ရှောင်ကြဉ်ခြင်း

မာတိကာ

ကြောင့် ခံစားသော အကျိုး ၁၃၁
၃၈။ ပိန်ဖျင်းသော စကား ပြောဆိုမှုမှ ကြဉ်ရှောင်ခြင်းကြောင့် ခံစားရသောအကျိုး ၁၃၂
၃၉။ သူတပါး၏ စည်းစိမ်ဥစ္စာကို ကိုယ့်ဟာဖြစ်လိုမှုမှ ရှောင်ကြဉ်ခြင်းကြောင့် ခံစားရသောအကျိုး ၁၃၃
၄၀။ သူတပါး၏ အသက်စည်းစိမ် အိုးအိမ်များ ပျက်စီးလျှင် ကောင်းလေစွဟု ပြစ်မှားခြင်းမှ ရှောင်ကြဉ်ခြင်းအကျိုး ၁၃၄

ဤစာအုပ်ကို ထုတ်ဝေရခြင်း၏ ရည်ရွယ်ချက်ကို တင်ပြအစီရင်ခံပါရစေ

ဒုစရိုက်ဆယ်ပါး ဝတ္ထုတော်ဟူသော အမည်ရှိ ဤစာအုပ်ငယ်အား ထုတ်ဝေရခြင်းမှာ ကျွန်တော်တို့ မြန်မာ လူငယ်လူရွယ်ကျား—မများသည် ကျောင်းဝင်ဖောင်ဖြည့်သည်မှ စာမေးပွဲဖြေခွင့် ဖောင်ဖြည့်သည်တို့နှင့် အစစအရာရာ နေ့ရာတကာဘွင်လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ- ဆိုသည့် ကွက်လပ် ဖြည့် တိုင်း မြန်မာ ဗုဒ္ဓဘာသာဟူ၍ အမြဲဖြည့်ကြပေ၏။ သို့သော် မြန်မာ့ဗုဒ္ဓဘာသာ တရားများ၏ အဓိကတရား အကျဉ်းချုပ်ဖြစ်တဲ့ တရားများကား အတိုချုပ်အကျဉ်းဆုံး တရားများသည် ကောင်းမှု၊ ဗုဒ္ဓဘုရား နှစ်ခြိုက်တော်မူသောကုသိုလ်တရား သုစရိုက်ဆယ်ပါး။

သူတော်စဉ်များ၏ တရား။ ဗုဒ္ဓဘုရားရှင်နှင့် သူတော်စဉ်တို့ ပါယ်အပ်သော၊ မနှစ်မသက်သော ဒုစရိုက်တရားဆယ်ပါး မသူတော်တို့၏ တရားများ (၀၁) မကောင်းကျိုးကိုသာ ပေးတတ်သော [illegible] တော်နှင့် [illegible] အား လေ့လာ ဖတ်ရှုခြင်းဖြင့် သတိမူနိုင်ကြစေရန် [illegible] ခြင်းဖြင့် ဝမ်းမြောက်စွာ ရှိလှပါကြောင်း။

ထုတ်ဝေသူ

ဒုစရိုက်ဆယ်ပါးဘွဲ့

ကာယ ဒုစရိုက်သုံးပါး

၁။ သူ၏ အသက် သတ်ဖျတ်လေတာ
ပိုင်ရှင်မကင်း၊ ခိုးခြင်းဥစ္စာ။
သူ့လင် သူ့မယား၊ ပြစ်မှားလေတာ။
ကာယဒု။ ပြစ်မှု သုံးခုသာ။

ဝစီ စဒုရိုက်လေးပါး

၂။ မမှန်စကား ပြေကြားမုသာ
သူနှစ်ဦး၌ ကုန်းတိုက်ဝါစာ၊
ဆဲဆိုရမ်းလို့ ကြမ်းတမ်းယုတ်မာ
ပြိန် အဖျင်း့ပြောခြင်း ဒုလေးဖြာ။

မနော ဒုစရိုက်သုံးပါး

၃။ လိုချင်တောင့်တ သူများဥစ္စာ
သင်းကိုသေအုံး နှလုံးမသာ
အယူမှားတဲ လူနွားမိစ္ဆာ၊
မနောဒု ပြစ်မှုသုံးခုပါ။

၄။ ကိုယ်နှုတ် နှစ်လုံး ပေါင်းရုံဆယ်ဖြာ
ဒုစရိုက်တရား လိုက်စားသူမှာ
ပါယ်ငရဲသို့ ရောက်မြဲမှန်စွာ
မကောင်းမှုကြည့်ရှုရှောင်ကြဉ်ပါ။

ပါဏာတိပါတကံ အကျိုးအပြစ်ဘွဲ့

ဒုစရိုက်နှင့် သုစရိုက်ကို၊
ပြုမိကြံမိ ရှောင်သည့် ပုဂ္ဂိုလ်၊
ပဝတ္တိကြွင်း မယွင်းနဂို၊
အကျဉ်းမျှ လင်းပြဖွင့်ဆို။

ပါဏာတိပါတ ကံပြ

ပါဏာတိပတ် သက်သတ်ရှေးဆို၊
အကုသိုလ်ကြောင့် သေပျောက်သက်တို။
သူ့သက်သတ်မှု မပြုပုဂ္ဂိုလ်၊
ဘေးရန်ရှား၊ ရှည်လျားသက်တန်းပို။

အဒိန္နာဒါန ကံပြ

သူ့ဟာခိုးဘိ ပြုမိရှေးဆို၊
ချမ်းသာမရ မဝငြင်ငြို၊
စောင့်ထိန်းပါက ဘဝထိုထို၊
စည်းစိမ်ကြီး ပစ္စည်း လျှမ်းလျှမ်းပို။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

(ဒုတိယရိုက်ဆယ်ပါ၊ အကျဉ်းရှင်းလင်းချက်)

အလုံးစုံသော သဗ္ဗညုတဉာဏ်တော်ကို အလိုလို ကိုယ်တော်တိုင် ထိုးထွင်း၍ သိတော်မူသော မြတ်စွာဘုရား သခင်အားလည်းကောင်း၊

မြတ်စွာဘုရားသခင်၏ တရားတော်မြတ်အားလည်းကောင်း၊
သမုတိ သံဃာတော် အရှင်မြတ်တို့အားလည်းကောင်း၊
မြင့်မိုရ်တောင်မျှမက ကျေးဇူးကြီးမားလှသော မိဘနှစ်ပါးတို့အားလည်းကောင်း၊

ပညာပေး၍ လိမ္မာယဉ်ကျေးအောင် သွန်သင်ဆုံးမခဲ့ကြသော သင်ဆရာ မြင်ဆရာ ကြားဆရာတို့အားလည်းကောင်း၊ အကျွန်ုပ် ရိုသေစွာ ဦးညွှတ်ရှိခိုးပါ၏။

ဒုစရိုက်အဖွင့်

မကောင်းသောအကျင့်ကို ပြုမူကျူးလွန်ခြင်းစသော ဒုစရိုက်ဓလေ့တို့ကို ပါဠိလို-ဒုစရိတ၊ မြန်မာလို-ဒုစရိုက်ဟု ခေါ်သည်။ ကောင်းသောအကျင့်ကို ပါဠိလို-သုစရိတ၊ မြန်မာလို-သုစရိုက်ဟုခေါ်သည်။ [ဒု=မကောင်းသော၊ သု = ကောင်းသော + စရိတ=စရိုက်(အကျင့်)]

ထိုဒုစရိုက် သုစရိုက်တို့ကား၊ ကာယကံသုံးပါး၊ ဝစီကံလေးပါး၊ မနောကံသုံးပါး၊ ဤသို့အားဖြင့်ဆယ်ပါးရှိ၏။ထိုဆယ်ပါးတို့တွင်—

ကာယဒုစရိုက်-ယာယကံ သုံးပါးကား

၁။ ပါဏာတိပါတ — သူ၏အသက်ကို သတ်မှု၊သက်ရှိသတ္တဝါကိုသတ်ခြင်း။

၂။ အဒိန္နာဒါန — ပိုင်ရှင်သည် ကိုယ် နှုတ် ဖြင့် မ ပေးသော သူ့ဥစ္စာကို ခိုးယူမှု။

၃။ ကာမေသုမိစ္ဆာစာရ— မသွားလာအပ်သော မာတုရက္ခိတအစရှိသော မိန်းမတို့နှင့် ယုတ်ယုတ်မာမာ ဖောက်ပြန်ကျူးလွန်မှု။

ဝစီ ဒုစရိုက်-ဝစီကံ လေးပါး

၁။ မုသာဝါဒ — မဟုတ်မမှန်သော စကားဖြင့် လိမ်ညာပြောဆိုမှု။

၂။ ပိသုဏာဝါစာ — ချောပြစ်ဂုန်းတိုက်မှု၊ ချစ်သူနှစ်ဦးကွဲသွားအောင်၊ သို့မဟုတ် မိမိအား ချစ်ခင်လာအောင် ချစ်သူနှစ်ဦးကို ရန်တိုက်ပေးမှု၊ သင့်တင့် ညီညွတ်နေသော မိတ်ဆွေ နှစ်ဦးတို့ကို မသင့်မတင့်ဖြစ်အောင် စိတ်ဝမ်းကွဲအောင် ပြောဆိုမှု။

၃။ ဖရုသဝါစာ — အယုတ်တမာကြမ်းတမ်းစွာဆဲဆိုမှု။

၄။ သမ္ဖပ္ပလာပ — အကျိုးမရှိ ပိန်ဖျင်း ယုတ်ညံ့သော စကားကို ပြောဆိုမှု။

မနော ဒုစရိုက်-မနောကံ သုံးပါး

၁။ အဘိဇ္ဈာ — သူတပါးစည်းစိမ်ကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွဟု မတရားကြံမှု၊ အချင်းချင်းသင့်တင့်ညီညွတ်စွာ နေသည်ကို မရှုစိမ့် မမြင်လို၍ မိမိသာ သင့်တင့်ကောင်းမွန်လိုခြင်း၊ သူတပါး စည်းစိမ်ကို ပျက်စေလိုလျက် မိမိသာ ကောင်းစားလိုစိတ် ရှိခြင်း။

၂။ ဗျာပါဒ — သူတပါး၏ အိုးအိမ်စည်းစိမ်အသက် သေကြေပျက်စီးသွားလျှင် ကောင်းလေစွဟု သူတပါးကို ပြစ်မှားမှု၊ သူတပါးကို မကောင်းမြင်လိုမှု။

၃။ မိစ္ဆာဒိဋ္ဌိ — အယူမှားမှု၊ ကံ-ကံ၏အကျိုးကိုမယုံကြည်မှု၊ အမှန်တရားကို အလွဲမမှန်ထင်မှု၊ အမှားထင်မှု။

ဤဒုစရိုက်ဆယ်ပါးကို အကုသလကမ္မပထ ဆယ်ပါးဟုလည်းခေါ်၏။ (အကုသလ=အကုသိုလ်+ကမ္မ=ကံ + ပထ=အပါယ်ရောက်ကြောင်းလမ်း) အပါယ်ရောက်ကြောင်း မကောင်းသောလမ်းခရီးဖြစ်သော အကုသိုလ်ကံများ ဟုလို။

ထိုဒုစရိုက်ဆယ်ပါးတွင်

၁။ ကိုယ်တိုင်ပြုလုပ်ခြင်းဟူသော—သဟတ္ထိက
၂။ သူတပါးကို အပြုခိုင်းခြင်းဟူသော—အာဏတ္တိက
၃။ မကောင်းပြုလျှင် ရနိုင်မည့် လောကီကျိုးကို ပြောပြခြင်းဟူသော—ဝဏ္ဏဘာသန
၄။ သူတပါးတို့ အလိုအလျောက်ပြုနေသည်ကို ဝမ်းမြောက်သဘောတူ နှစ်သက်ခြင်းဟူသော—သမနုညာ

ဤလေးမျိုး မြောက်ပွားလျှင် (ဒုစရိုက်) လေးဆယ် ရှိသည်။
ကာယကံ ၃ ပါး သက်သတ်ခိုးမှု၊ ကာမေသု၊သုံးခုကာယကံ။
ဝစီကံ ၄ ပါး လှည့်စားရန်တိုက်၊ မိုက်မိုက်ကန်းကန်း၊ နှုတ်

ကြမ်းလှေ့ခြင်း၊ ပိန်ဖျင်းစကားပြောဆိုငြား၊
လေးပါးဝစီက^{*}။

မနောကံ ၁ပါး သူ့ဥစ္စာမှန်၊ မြတရားကြံ၍၊ ဖောက်ပြန်သော
ကြေ၊ ပျက်စေလိုငြား စိတ်ဝယ်ထား၊ အယူ
မှား၊ သုံးပါးမနောကံ။

ပါဏာတိပါတကံ၊ သူတပါးအသက်သတ်ခြင်း

သူတပါး၏ အသက်သတ်ခြင်းသည် ပယောဂ ခြောက်ပါး
ရှိ၏။

၁။ ကိုယ်တိုင် မိမိလက်ဖြင့် သတ်ခြင်း

၂။ သူတပါးကို စေခိုင်း၍ သတ်ခြင်း

၃။ ဓား၊ လှံ၊ သေနတ် အစရှိသော လက်နက်မျိုးစုံတို့ဖြင့်
တီထွင်ပြုလုပ်၍ သတ်ခြင်း

၄။ တွင်းကျင်းတူး ထောင်ခြင်း၊ အဆိပ်ခတ် အဆိပ် ထိုးသွင်း
ခြင်း စသော ထာဝရ အမှုကို ပြု၍ သတ်ခြင်း

၅။ အင်းအိုင် ဆေးဝါး စသော အတတ်ပညာဖြင့် သတ်
ခြင်း

၆။ တန်ခိုးဖြင့် သတ်ခြင်း

ဟူ၍ ခြောက်ပါးရှိ၏။

သူ၏အသက်ကိုသတ်၍ ပါဏာတိပါတကံကို ကျူးလွန်ခဲ့သော ဓမ္မဒိန္နာ အလောင်း ဆိတ်သတ်သမားဝတ္ထု။

လွန်လေပြီးသောအခါ၊ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း
သည် မင်းပြု၏။ တနေ့၌ ထိုမင်း၏ သားတော် အိမ်ရှေ့မင်းသား

သည် ပြည်ကိုလှည့်လည်ပျော်ပါးရာမြို့တော်ဉယျာဉ်ပင်၌ သူတပါးတို့ ဆိတ်၊ ဝက် စသည်တို့ဖြင့် ယဇ်နတ် ပူဇော်နေသည်ကို မြင်၍ ညောင်ပင်ရင်းသို့ ချဉ်းကပ်ပြီးလျှင် "အရှင်နတ်မင်း၊ အကျွန်ုပ်အား အဖ၏ ဥစ္စာဖြစ်သော မင်းစည်းစိမ်ကို မကြာခင်ရအောင် စောင်မပါ၊ ထိုသို့ မကြာမတင်ရလျှင် အသင်နတ်မင်းအား တရာသော ထီးဆောင်းမင်းအပေါင်းနှင့် တကွ၊ မိဖုရားတို့၏ လည်ချောင်းသွေးဖြင့် ပူဇော်ပါမည်"ဟု ဆုတောင်းပတ္တနာပြု၏။

ထိုမင်းသားသည် ခမည်းတော် ကြမ္မာကုန် နတ်ရွာစံ၍ မိမိကံအားလျော်စွာ မင်းအဖြစ်ကို ရလေလျှင် တရာသော ထီးဆောင်းမင်းများနှင့် မိဖုရားတို့ကို ဖမ်းခေါ်၏။ ညောင်ပင်ရင်း၌ စု၍ ထားလေသည်။ ထိုမင်းတို့တွင် ဥဂ္ဂသေနမင်းကား အငယ်ဆုံးတည်း။ ထိုဥဂ္ဂသေနမင်း၏ မိဖုရား ဓမ္မ ဒိန္နာသည် ပရိသတ်အလယ်၌ တည်လျက်၊ ဗ ရာဏသီမင်းကို နောက်ကျော ခိုင်းပြီးလျှင် မိမိလင်သို့ ရှေးရှု ရှိခိုးလျက်နေ၏။

ထိုအခါ၌ ဗာရာဏသီမင်းသည် ပြင်းစွာ အမျက်ထွက်သော စိတ်ရှိသည်ဖြစ်၍ "ဟယ်....ဓမ္မဒိန္နာ၊ မင်းတကာထက်မြတ်သော ငါ့အား ရှိမခိုး၊ မင်းတကာတို့အောက်ယုတ်သော နင့်လင်ကို အဘယ့်ကြောင့် ရှိခိုးရသနည်း"ဟု ဆို၏။

ဓမ္မဒိန္နာကလည်း 'မင်းကြီး၊ အကျွန်ုပ်၏ လင်သာလျှင် အကျွန်ုပ်အား စည်းစိမ်ကို ပေးပေသည်။ ကျေးဇူးရှင်ဖြစ်၍ အကျွန်ုပ် ရှိခိုးသည်။ မင်းကြီးမူကား အကျွန်ုပ်အား အဘယ် ကျေးဇူးရှိ၍ ရှိခိုးရအံ့နည်း"ဟု ဆို၏။

ထိုအခါ ညောင်စောင့်နတ်သည် ညောင်ပင်မှ ကိုယ်ထင်သက်ဆင်း ထင်ရှားပြလျက် "သင် မိဖုရား၊ သင် ယခု ဆိုသော စကားသည် မှန်သော ဟရား ဟုတ်ပေစွ"ဟု ချီးမွမ်း၍ ရွှေပန်းတောင်းဖြင့် ပူဇော်ပြီးလျှင် မိမိဗိမာန်ညောင်ပင်တို့ ပြန်တက်လေ၏။

ဗာရာဏသီမင်းလည်း ထိုအခြင်းအရာကို မြင်၍ "ခမ္မဒိန္နာ၊ ငါ့ကို ရှိမခိုးလျှင် ငါ့အား စည်းစိမ်ပေးသည့် ညောင်စောင့်နတ်မင်းအား ရှိခိုးဘိလော"ဟု ဆို၏။

ခမ္မဒိန္နာက "မင်းကြီး၊ ရှေးက ပြုခဲ့သော ကောင်းမှု အကျိုးပေး၍ ရသည့် စည်းစိမ်ကို ဤနတ်ပေး၍ရသည် သင် ထင်သလော။ ဤနတ်မင်းသည် မိမိဗိမာန်ဖြစ်သော ညောင်ပင် တခြမ်းကို မီးသင့်လောင်ရာ သင့်နတ်သည် မီးကိုမျှ ငြိမ်းအောင်မတတ်နိုင်။ အရပ်တပါးသို့ ဖဲ့ရှား နေထိုင်ရသောကြောင့် ယခုထက်တိုင် ညောင်ပင်တခြမ်းပဲ့လျက် ရှိသေးသည်"ဟု ဆို၏။

ထိုအခါ နတ်မင်းသည် "မိဖုရား၊ သင်ဆိုသော စကားသည် ဟုတ်မှန်ပေစွ"ဟု တဖန်ဆင်း၍ ပူဇော်ပြန်၏။

မင်းကြီးလည်း ထိုစကားကိုကြားလျှင် စိတ်၏ နူးညံ့ခြင်းသို့ ရောက်၏။ ခမ္မဒိန္နာလည်း ပြင်းစွာ ရယ်ခြင်း ငိုခြင်းကို ပြု၏။ မင်းကြီးက ထိုအကြောင်းကို မေးလျှင် အောက်ပါအတိုင်း မင်းကြီးအား ဖြေကြားလေ၏။

"မင်းကြီး၊ အကျွန်ုပ်သည် ရှေးအခါက ဤဗာရာဏသီပြည်၌ သူဆင်းရဲမဖြစ်၍ ညွှန့်သည်ကျေးရန် ဆိတ်တကောင်၏ လည်ကိုဖြတ်မိဘူး၏။ ထိုမကောင်းမှုကံဖြင့် ငရဲပြည်၌ ကြာမြင့်စွာကျ

ပြီးမှ ဤဆိတ်၏ အမွေးအရေအတွက်နှင့် အမျှ လည်အဖြတ်ခံရ ဘူးလေပြီ။ ယခု ဘဝ အဆုံးပင်တည်း။ ထိုသို့ မိမိပြုခဲ့မိသော အကုသိုလ်၏ မကောင်းကျိုးအဆုံးကို မြင်သောကြောင့် ဝမ်း မြောက်၍ ရယ်ပါသည်။ ငိုသည်မှာကား မင်းကြီးသည် အကျွန်ုပ် ကဲ့သို့မျှမက တရာသော မင်းအပေါင်းနှင့်တကွ မိဖုရားတို့ လည်ကို ဖြတ်သည်ရှိသော်၊ ထိုအကုသိုလ်ကံမှ အဘယ်ခါ လွတ်နိုင်ပါ အံ့နည်းဟု မင်းကြီး ကိုသနား၍ ငိုပါသည်”ဟု ဆိုပြီးလျှင် မင်းကြီး ကို အောက်ပါအတိုင်း ဆုံးမလေ၏။

“မင်းမြတ်၊ အကျွန်ုပ်သည် ဆိတ်တကောင်၏ လည်ကို ဖြတ်မိ သော မကောင်းမှုကြောင့် ထိုဆိတ်၏ အမွေးအရေအတွက်နှင့် အမျှ လည်ဖြတ်ခံရခြင်းသို့ရောက်ခဲ့ရလေပြီ။ သင် မင်းမြတ်သည် များစွာသော မင်းမိဖုရားတို့၏ လည်ကို ဖြတ်မိသည် ရှိသော် နောင်အခါ၌ ထိုကဲ့သို့ပင် လည်ဖြတ်ခံရခြင်းမှ လွတ်ခြင်းကို အဘယ်သူ ပြုနိုင်ပါအံ့နည်း”ဟု ဆုံးမလေလျှင် ဗာရာဏသီ မင်းသည် တရာသော မင်းမိဖုရားတို့ကို ရှိသေစွာ တောင်းပန်ကန် တော့၍ လွှတ်လေ၏။။

ဤကား တကြိမ်တခါမျှ ကျူးလွန်မိသော ပါဏာတိပါတ ကံ၏ အကျိုးအတွက် ငရဲပြည်၌ ကြာမြင့်စွာ ခံရပြီးမှ ဆိတ်မွေး အရေအတွက်နှင့်အမျှ လည်ဖြတ်ခံရသည်ကိုပြသော ဝတ္ထုတည်း။

သုဘပုဏ္ဏား၏ အမေး

တခံသောအခါ သုဘပုဏ္ဏားသည် မြတ်စွာဘုရားအား ဤသို့ နားတော်လျှောက်ထားလေ၏။

"အရှင်ဘုရား၊ ဤလောက၌ အချို့သူသည် အသက်ရှည်ပါသည်။ အချို့သောသူသည် အသက်တိုပါသည်။ အချို့သောသူသည် အနာရောဂါ ကင်းပါသည်။အချို့သောသူသည် အနာရောဂါ များပါသည်။အချို့သောသူသည် အဆင်းလှပါသည်။ အချို့သောသူသည် အဆင်းမလှပါ။ ဤသို့စသည်ဖြင့် ဖြစ်ရခြင်းသည် အဘယ့်ကြောင့် ဖြစ်ရပါသနည်း ဘုရား"ဟု လျှောက်ထားသောအခါ

မြတ်စွာဘုရားသခင်က "အသင် ပုဏ္ဏား၊ ဤလောက၌ သူ့အသက်ကို သတ်ခြင်း တည်းဟူသော အကြောင်းကြောင့် တိုသော နည်းသော အသက်ရှိသည်ဖြစ်၏။ သူတပါးကို ရိုက်ပုတ်ညှဉ်းဆဲခြင်းကြောင့် များသော အနာရောဂါရှိသည် ဖြစ်၏။ အမျက်ဒေါသ မာန်ကြီးခြင်းကြောင့် အဆင်းမလှသည် ဖြစ်၏"ဟု ပြန်လည် ဟောကြားတော်မူလေသည်။

၂။ အဒိန္နာ ဒါနာ ကံ

(ပိုင်ရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါး စည်းစိမ်ဥစ္စာကို ခိုးယူခြင်း)

ခိုးယူခြင်းဟူသည် နှစ်ဆယ့်ငါးပါးရှိ၏။ ထိုနှစ်ဆယ့်ငါးပါးသော ခိုးခြင်းကား—

၁။ နာနာဘဏ္ဍ ပဥ္စက
ဧကဘဏ္ဍ ပဥ္စက
သာဟတ္ထိက ပဥ္စက

ပုဗ္ဗပယောဂ ပဉ္စက

တေယျာဝဟာရ ပဉ္စက

အဝိညာဏက (သက်မဲ့) ဖြစ်သော အထူးထူးသော ဘဏ္ဍာတို့ကိုရင်း၊ အဝိညာဏက၊ သဝိညာဏက (သက်ရှိသက်မဲ့) ရောနှောသော အထူးထူးသော ဘဏ္ဍာတို့ကိုရင်း၊ အာဒိယန၊ ဟာရဏ အဝဟရဏ၊ ဣရိယာပထဝိကောပန၊ ဌာနာစာဝနအားဖြင့် ခိုးယူခြင်းသည် နာနာဘဏ္ဍပဉ္စက ခိုးယူခြင်း ငါးပါးမည်၏။ ထိုငါးပါးတွင်—

၁။ တရားဆင်သဖြင့် ဥစ္စာရှင်ကို ရှုံးစေ၍ ခိုးယူခြင်းသည် အာဒိယန ခိုးယူခြင်း မည်၏။

၂။ သူတပါးတို့၏ ပစ္စည်းကို ထားသော နေရာမှ အရပ်တပါးသို့ ရွှေ့ပြောင်းထားစေခြင်း ဆောင်စေသည်ရှိသော် ခိုးလိုသော စိတ်ရှိသည်ဖြစ်၍ ဦးခေါင်း၌ တည်သော [illegible] ချခြင်းသည် ဟာရဏ ခိုးယူခြင်း မည်၏။

၃။ ဥစ္စာရှင်တို့က မိမိထံအပ်နှံသော ဘဏ္ဍာကို တောင်းအပ်သည်ရှိသော်၊ ငါမယူဟု ငြင်းဆံခြင်း စသည် ပြောင်ပြောင်ကွယ်သည်ဖြစ်၍ ပစ္စည်းရှင်၏မရလတံ့ မယူမဟုတ်ဟု ဝန်ချစေခြင်းသည် အဝဟရဏ ခိုးယူခြင်း မည်၏။

၄။ ဘဏ္ဍာဆောင်သူနှင့် တကွ ဥစ္စာကိုခိုးယူအံ့ဟု ဘဏ္ဍာဆောင်သူကို ခြိမ်းခြောက်ဆွဲငင်သဖြင့် ဒုတိယ ဖဝါးလှမ်းလွန်စေခြင်းသည် ဣရိယာပထဝိကောပန ခိုးခြင်း မည်၏။

၅။ ထားအပ်သောဘဏ္ဍာကို တည်ရာမှ ရွေ့စေခြင်းသည် ဌာနာစာဝန ခိုးခြင်း မည်၏။

(ဤကား နာနာဘဏ္ဍပဉ္စက ခိုးခြင်း ငါးပါးတည်း)

လူ—ကျွဲ—နွား စသဖြင့် သက်ရှိ ပိုင်ရှင် ရှိနေသည့်၊ တနည်းအားဖြင့် အမိ၊ အဖ၊ ဦးရီး၊ ကြီးဒေါ် စသည့် သက်ရှိပိုင်ရှင်ရှိနေသော သက်ရှိပစ္စည်း ဘဏ္ဍာ (လူ-တိရစ္ဆာန်စသည်) တို့ကို ဆိုအပ်ပြီးသောအာ ဒိယနစသော ခိုးခြင်းငါးမျိုးတို့ဖြင့် ခိုးခြင်းသည်လည်း ကေဘဏ္ဍပဉ္စကပင် မည်၏။

(ဤကား- ကေဘဏ္ဍပဉ္စက ငါးပါးတည်း။ ဘဏ္ဍာသာ ထူးခြားကွဲပြား၍ ခိုးပုံ မထူးသည်သာတည်း)

သာဟတ္ထိက ပဉ္စက ငါးပါး ဟူသည်ကား သာဟတ္ထိက အာဏတ္တိက၊ နိဿဂ္ဂိယ၊ အတ္ထသာဓက၊ ဓုရနိက္ခေပ ဤငါးပါးတို့တည်း။ ထိုငါးပါးတွင်—

၁။ မိမိကိုယ်တိုင်ခိုးခြင်းသည် သာဟတ္ထိကခိုးခြင်းမည်၏။

၂။ ဤမည်သောဘဏ္ဍာဟိုကိုခိုးယူလောဟု သူတပါးတို့အား စေခိုင်းခြင်းသည် အာဏတ္တိက ခိုးခြင်းမည်၏။

၃။ ကင်းထားရာအရပ် ကြံဆ ရာအရပ်တို့၏ အတွင်း၌နေ၍ အပသို့ ဘဏ္ဍာ ပစ်ချခြင်းသည် နိဿဂ္ဂိယ ခိုးခြင်းမည်၏။

၄။ ဤမည်သော သူ၏ ဘဏ္ဍာကို အကြင်အခါ စွမ်းနိုင်၏။ ထိုအခါ ခိုးလောဟု စေခိုင်းခြင်းသည် အတ္ထသာဓက ခိုးခြင်းမည်၏။

၅။ တရားဆင်သော အခါ အပ်နှံထားသော ဘဏ္ဍာကို တောင်းသောအခါ၊ အခိုက်အတန့် ငှားရမ်းသောပစ္စည်း၊

ဘဏ္ဍာစားထိုက်သော ပစ္စည်းတို့ကို တောင်းသော အခါ တို့၌ မပေးဟု ပျက်ကွယ်သည်ဖြစ်၍ ဥစ္စာရှင်တို့ ဆုံးပြီဟု ဝန်ချခြင်းသည် ဓုရနိက္ခေပ ခိုးခြင်းမည်၏။

ပုဗ္ဗပယောဂ ပဥ္စက ဟူသည်ကား ပုဗ္ဗပယောဂ၊ သဟပယောဂ၊ သံဝိဓာဝဟာရ– သင်္ကေတကမ္မ၊ နိမိတ္တကမ္မ၊ ဤငါးပါးတို့တည်း။ ထိုငါးပါးတို့တွင်–

၁။ စေ၍ ခိုးယူခြင်းသည် မခိုးယူမီရှေး၌ဖြစ်သော ပယောဂ ဖြစ်သောကြောင့် ပုဗ္ဗပယောဂ ခိုးခြင်းမည်၏။

၂။ နေရာမှ ရွေ့စေ၍ ခိုးခြင်းသည် အားထုတ်သောပယောဂဖြစ်သောကြောင့် သဟပယောဂ ခိုးခြင်းမည်၏။

၃။ ဤမည်သောဘဏ္ဍာကို ခိုးယူအံ့ဟုတိုင်ပင်ခိုး ခိုးခြင်းသည် သံဝိဓာဝဟာရ ခိုးခြင်းမည်၏။

၄။ နံနက်ခါ၌ ခိုးယူလော၊ မွန်းလွဲအခါ၌ ခိုးယူလောဟု အချိန်းအချက်ထားသဖြင့် စေခိုင်းခြင်းသည် သင်္ကေတကမ္မ ခိုးခြင်းမည်၏။

၅။ ခိုးယူစေခြင်းငှာ မျက်စေ့မှိတ်ခြင်း၊ လည်ညိတ်ခြင်းစသော အမှတ်ကိုပြု၍ ခိုးယူခြင်းသည် နိမိတ္တကမ္မ ခိုးခြင်းမည်၏။

ထေယျာဝဟာရ ပဥ္စကငါးပါး ဟူသည်ကား-- ထေယျာဝဟာရ၊ ပသယှဝဟာရ၊ ပရိကပ္ပါဝဟာရ၊ ပဋိစ္ဆန္နာဝဟာရ၊ ကုသာဝဟာရ၊ ဤငါးပါးတို့တည်း။ ထိုငါးပါးတို့တွင်–

၁။ အလေးချိန်ခွင်စဉ်းလဲ၊တင်းပြီ တောင်း စဉ်းလဲ၊ အသပြာ စဉ်းလဲခြင်းဖြင့် ခိုးခြင်း၊ မိမိကိုယ်ကို မထင်ရှား စေမူ၍

ရုပ်ဖျက်၍အိမ်ခြံစပ်ဖြတ်ခြင်းစသည်ဖြင့်ခိုးခြင်းသည် ထေယျာဝဟာရ ခိုးခြင်းမည်၏။

၂။ အနိုင်ထက် နှိပ်စက်၍ ခိုးခြင်း၊ ခါးပြတိုက်ခြင်း စသည်သည်ပသယှဝဟာရ ခိုးခြင်းမည်၏။

၃။ ဘဏ္ဍာကိုရင်း၊ အရပ်ကိုရင်း၊ ခြံမြေ အိမ်ချေကိုရင်း၊ ကြံဆ၍ ခိုးခြင်းသည် ပရိကပ္ပါဝဟာရ ခိုးခြင်းမည်၏။

၄။ အကျင်အမှတ်မရှိသောသူသည် အရုံဉယျာဉ် စသည်တို့၌ သူတပါးတို့ ချွတ်၍ ထားသော လက်စွပ် စသည်တို့ကို မြင်၍ နောက်မှ ယူအံ့ဟု မြေမှုံ့စသည်ဖြင့် ဖုံးလွှမ်း၏။ ထိုပုဂ္ဂိုလ်အား ထိုခန အဒိန္နာဒါနာ မဖြစ်သေး၊ ဥစ္စာရှင်တို့သည် ရှာ၍ မတွေ့မမြင်ကုန်လတ်သော် နောက်မှ သိရကုန်အံ့ဟု အာလယ (စွဲလန်းခြင်း) နှင့်တကွ ပြန်သွားကြကုန်၏။ ထိုအခါ ခိုးယူသော ပုဂ္ဂိုလ်အား အဒိန္နာဒါနသည် ဖြစ်၏။ ဤသို့ခိုးယူခြင်းသည် ပဋိစ္ဆန္နာဝဟာရ ခိုးခြင်းမည်၏။

၅။ အမည်ပြောင်း၍ ခိုးခြင်းသည် ကုသာဝဟာရ ခိုးခြင်းမည်၏။

(ဤကား ခိုးခြင်း နှစ်ဆယ့်ငါးပါး ဖြစ်သတည်း)

ဘုရားသခင်နှင့် သံဃာတော်များကို လုပ်ကျွေးရန်ဖြစ်သော ပစ္စည်းဥစ္စာများကို ခိုးယူ စားသုံးသည့် ဝတ္ထု

ဤကမ္ဘာမှ ပြန်၍ ရေသည်ရှိသော် ကိုးဆယ့်နှစ် ကမ္ဘာ ထက်၌ ကာသိ အမည်ရှိသောပြည်ဝယ် ဇယသေန အမည်ရှိသော မင်းအုပ်စိုး၏။ ထိုမင်း၏ သီရိမာ အမည်ရှိသော မိဖုရားဝမ်းမှ ဖုဿဘုရားအလောင်းဖွား၍ ဘုရားအဖြစ်သို့ ရောက်တော်မူလျှင် ထိုဖုဿမြတ်စွာဘုရား၏ အမိခြား ညီတော် သုံးယောက်တို့သည် နောင်တော်ဘုရားအားမိမိတို့စားသော ဇနပုဒ်သို့ သံဃာတော်တို့ နှင့်တကွပင့်၍ ကျောင်းတော်ဆောက်လုပ် လှူဒါန်းကြ၏။

ထိုနောက် နိယုတ္တက အမည်ရှိသော အမတ်ကို ဝါတွင်းသုံး လပတ်လုံး ချက်ပြုတ်ရန်အတွက် လူတသိန်းနှစ်သောင်း အပ်၍ မြတ်စွာဘုရားနှင့် သံဃာတော် အပေါင်းတို့အား ကြိုးကြပ်လုပ် ကျွေးစေ၏၊ ထိုလူအပေါင်းတို့တွင် နိယုတ္တအမတ် ဘဏ္ဍာစိုး တို့နှင့် သုံးသောင်းခြောက်ထောင်ကုန်သောလူတို့သည် ကြည်ဖြူ သဒ္ဓါ ကောင်းမွန်စွာ လုပ်ကျွေး ကြကုန်၏။ ကြွင်းသောရှစ် သောင်း လေးသောင်းကုန်သော သူတို့သည်ကား မြတ်စွာဘုရား နှင့် သံဃာ တော် တို့ကို လုပ်ကျွေးရန် ဖြစ်သည့် ဆီ၊ ဆန်၊ ထောပတ်စသည်တို့ကို ခိုးယူသုံးစားကြပြီးလျှင် လှောင်ထားရာ ကျီတို့ကို မီးတိုက်ကြကုန်၏။

ထိုလူနှစ်မျိုးတွင်ခိုးယူသုံးစားထိပါးဖျက်ဆီးသောသူတို့သည် ကိုးဆယ့်နှစ်ကမ္ဘာ ကာလပတ်လုံး ငရဲမှာသေ၍ ငရဲ၌သာ

ဆက်ခါဆက်ခါ ကျကြရသဖြင့် ဤဘဒ္ဒကမ္ဘာတွင်အဝတ် အချိုးနှီး၊ ထမင်းရေစာ မွတ်သိပ်လှသော ခုပ္ပိပါသ ပြိတ္တာ ဖြစ်၍ ဘုရားလေးဆူတို့၏ အကြား၌ ကြီးစွာသော ဆင်းရဲကို ခံပြီးမှ ငါတို့ဘုရားသခင်လက်ထက်တော်၌ ရာဇဂြိုဟ်ပြည်တွင် ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမှူးရှိသော ငါးရာသော သံဃာတော်မြတ်တို့အားအလှူကြီးပေး၍ အမျှဝေ သည်ကို အနုမောဒနာပြုမှ လွတ်ကြရကြောင်းကို တိရောကုဋ္ဋ သုတ်၌လာသည်။

ဤသည်ကိုရည်၍ ပါရမီတော်ခန်း ပျို့တွင်—

> အံ့အဲစွာမှို၊ ပြိတ္တာတို့ကား၊ မည်သို့ခြင်းရာ၊ မဟူသာခဲ့။
> ပမာနည်းထုံး၊ ဆိုဘွယ်ဆုံးမျှ၊ နှစ်-သုံး-လေး-ငါး၊ ဘုရားရှင်တော်၊ပွင့်ပြောသော်လည်း၊ကျွတ်သော်ဝေးလံ၊နံသည်မထား၊လျှာဖျားဆွတ်လောက်၊ရေမိုးပေါက်မျှ၊မသောက်ရတန်၊ ပူဆာထန်၏။ ။

ဟူ၍ ရှင်မဟာသီလဝံသ ဆရာ စပ်ဆိုတော်မူသည်။

၃။ ကာမေသု မိစ္ဆာစာရကံ

(မေထုန် အကျင့်တို့၌ မှားသောအားဖြင့် ကျင့်ခြင်း)

ထို ကာမေသုမိစ္ဆာစာရက၌ မသွားလာအပ်သော မိန်းမတို့ မည်သည်ကား—

၁။ မာတုရက္ခိတာ — အမိစောင့်သော မိန်းမ
၂။ ပိတုရက္ခိတာ — အဖစောင့်သော မိန်းမ

၃။ မာတာပိတုရက္ခိတာ— မိဖနှစ်ပါးစောင့်သော မိန်းမ
၄။ ဘာတုရက္ခိတာ — မောင်ကြီး၊ မောင်ငယ် စောင့်သော မိန်းမ

၅။ ဘဂိနိရက္ခိတာ — အမ၊ညီမ စောင့်သော မိန်းမ
၆။ ဉာတိရက္ခိတာ — ဆွေမျိုးစောင့်သော မိန်းမ
၇။ ဂေါတ္တရက္ခိတာ — အနွယ်တူစောင့်သော မိန်းမ
၈။ ဓမ္မရက္ခိတာ — သီတင်းသုံးဖော်စောင့်သောမိန်းမ
၉။ သာရက္ခာ — ထိမ်းမြား ထိုက်သူ စောင့်သော မိန်းမ
၁၀။ သပရိဒဏ္ဍာ — မင်းတို့ထားအပ်သောဒဏ်ရှိသော မိန်းမ

၁၁။ ဒနက္ကီတာ — ဥစ္စာဖြင့် ဝယ်အပ်သော မိန်းမ
၁၂။ ဆန္ဒဝါသိနီ — အလိုတူ၍ သင့်နေသောမိန်းမ
၁၃။ ဘောဂဝါသိနီ — စည်းစိမ်ပေး၍နေသောမိန်းမ
၁၄။ ပဋဝါသိနီ — ပုဆိုးပေး၍နေသော မိန်းမ
၁၅။ ဩဒပတ္တကိနီ — ရေခွက်၌ လက်ချ၍ မိဘနှစ်ပါး ထိမ်းမြားသော မိန်းမ

၁၆။ ဩပဋ္ဌစုမ္ဗဋာ — ခေါင်းခုကိုချ၍နေသော မိန်းမ
၁၇။ ဒါသိစ ဘရိယာ — ကျွန်လည်းဖြစ်၊ မယားလည်းဖြစ်သော မိန်းမ

၁၈။ ကမ္မကာရီစဘရိယာ — အမှုလုပ်လည်း ဖြစ်၊ မယားလည်း ဖြစ်သော မိန်းမ

၁၉။ ဓဇာဟဋ္ဌာ — စစ်မြေမှဆောင်ခဲ့သော မိန်းမ
၂၀။ မုဟုတ္တိကာ — တမုဟုတ်မျှ ပေါင်း ဖော် သော မိန်းမ။

ဤ နှစ်ကျိပ်သော မိန်းမတို့သည် ယောကျ်ားတို့၏ မသွားလာအပ်သော မိန်းမတို့ မည်ကုန်၏။

ထို နှစ်ဆယ်သော မိန်းမတို့၌ သွားလာ လွန်ကျူး သော ယောကျ်ားတို့အား မိစ္ဆာစာရကံ ထိုက်၏။ အဘယ့်ကြောင့်နည်း ဟူမူကား.... သူတပါးတို့စောင့်ရှောက်လုံခြုံစေအပ်သော မိန်းမကို ခိုးယူ ပေါင်းသင်းသောကြောင့်တည်း။

ရင့်ကျက်ပြီးသော ယောကျ်ား ဖြစ်လျက်
သူ့မယားကို ဖောက်ပြန်ကျူးလွန်မိ၍၊ မိန်းမဘဝဖြင့်သာ
နိဗ္ဗာန်သို့ ကူးရသော ရွှေပန်းတိမ်သည် ဝတ္ထု

အကျွန်ုပ်တို့ ဂေါတမ ဘုရားရှင် လက်ထက်တော်က ဣသိဒါသီ အမည်ရှိသော ရဟန္တာထေရီမတဦးကို အဆွေခင်ပွန်း ဖြစ်သော ဗောဓိထေရီမက ရဟန်းပြုသည်၏ အကြောင်းရင်းကို မေးရာ၊ ဣသိဒါသီ ရဟန္တာထေရီမက အောက်ပါအတိုင်း ပြန်လည်ဖြေဆိုတော်မူ၏။

အကျွန်ုပ်သည် ရှေးရှေးဘုရားရှင်တို့ အထံတော်၊ ထို ထိုသော ဘဝတို့၌ ယောကျ်ား အဖြစ်၌သာ တည်လျက်၊ ဝဋ်ဆင်းရဲတို့မှ လွတ်မြောက်ကြောင်း ကောင်းမြတ်သော ပါရမီတို့ကို ဖြည့်သဖြင့် ရင့်ပြီးသော ယောကျ်ားမြတ် ဖြစ်လျက်၊ အန္တိမ၏နောက် ခုနစ်ခု

မြောက်သော ရွှေပန်းတိမ်သည် ဘ၀၌ ယုတ်မာသော အဆွေ ခင်ပွန်းနှင့် ပေါင်းဖော်မိ၍ သူတပါး မယားကို ဖောက်ပြန် ကျူးလွန် ပြစ်မှားခြင်းကို ပြုမိလေ၏။

ထိုဘ၀မှ စုတေ သေလွန်လတ်သော် ငရဲ၌များစွာသောနှစ်တို့ ပတ်လုံးလည်ပြီး၍ ငရဲမှလွတ်လျှင် ကန်းလည်းကန်း၊ ခွင်လည်းခွင် သော ဆိတ်မတကောင်၏ဝမ်း၌ ပဋိသန္ဓေနေ၍ အရွယ်သို့ရောက် လျှင် သူတပါး သားမယားကို ပြစ်မှားမိခဲ့သည့် မကောင်းမှုကံ ကြောင့် အသိုးထုတ်သည့် (ဝှေးသင်းခြင်း) ကို ခံရ၏။

ထိုဘ၀မှ သေလွန်လတ်သော် နွားထီးဖြစ်၍ အရွယ်ရောက် လျှင် သူတပါး၏သားမယားကို ပြစ်မှားမိသည့်ကံကြောင့် အသိုး ထုတ်သည်ကို ခံရပြန်၏။ထိုဘ၀မှ သေလွန်လတ်သော် သန္ဓိဝါရ တိုင်း၌ တယောက်သောကျွန်မ၏ဝမ်းတွင် ဝင်စားခဲ့၏။ထိုအခါ၌ မိမိပြုခဲ့သော သူတပါး၏ သားမယားကို ပြစ်မှားသည့် ကံက "ဟယ်... အချင်း၊ နင်သည် ယောကျ်ားတို့၏ ဓမ္မတာ မွေ့လျော် ရာ မယားထင်ရှားရှိပါလျက်၊ ကာမဂုဏ်မီး လောင်အား ကြီး၍ တာ.ဆီးမှုဖြစ်၊ စုတ်ညစ်ယုတ်နိမ့်သော မသူတော်တို့၏အမူအကျင့် မသင့်သော မိစ္ဆာစာရကံကို လိုက်လံ ပြုကျင့်သောသူ ဖြစ်သည်။ ဤ တဘ၀လုံး ကာမသုခချမ်းသာကို မခံစားရအောင် နိမိတ်မှ သုဉ်း၍နပုံးဖြစ်လေတော့"ဟု မဆိုသော်လည်း ဆိုဘိသကဲ့သို့ မိန်းမ မဟုတ်၊ ယောကျ်ားမဟုတ်သော ပဏ္ဍုက်နပုံး ဖြစ်ရလေ၏။

ထိုဘ၀မှ သေလွန်ပြန်လျှင် ထို တိုင်းပြည်၌ပင်လျှင် ကြွေးမြေ အားကြီးသော လှည်းကုန်သည် သမီးဖြစ်၍ မိဘတို့က မယားရှိ

လင် ကြေးရှင်ယောကျ်ားအား ပေးရ၍ ကျွန်ထိန်းမယားဖြစ်လျှင် သီလရှိသော မယားကြီးကို လင်နှင့်မုန်းအောင် ဂုန်းတိုက်မိပြန်၏။

ထိုမှ တဖန် သေလွန်ပြန်လျှင် အကျွန်ုပ်တို့ မြတ်စွာဘုရား ထင်ရှား ပွင့်တော်မူသော အခါကာလ၌ အဝန္တိတိုင်း ဥဇ္ဇေနီ ပြည်ဝယ် များမြတ်သော ဥစ္စာရှိသော သူဌေးသမီးဖြစ်၍ ဣသိဒါသီဟူသော ယခုအမည့်ကို မှည့်၏။

အရွယ်သို့ရောက်လျှင် သာကေတပြည် သူဌေးသားနှင့် ထိမ်းမြား၏။ အကျွန်ုပ်သည် လင်နှင့် ယောက္ခမတို့ကို ရိုသေစွာ လုပ်ကျွေး၏။ လင်၏ညီအကိုနှမတို့ကို တွေ့မြင်လျှင် ထမင်း၊ အဖျော်၊ ဒိုင်ရာ နေရာ၊ အဝတ်တန်ဆာတို့ကို ပေး၏။ လင်အား နတ်ကဲ့သို့ ထား၍ လုပ်ကျွေး၏။

ယင်းသို့လုပ်ကျွေးပါလျက်ပင် လင်သည် အကျွန်ုပ်ကို ချစ်မြတ်နိုးခြင်း မရှိဘဲ မိဘထံသို့ ပို့ အပ်စွန့်ပစ်လေ၏။

ထိုနောက် အကျွန်ုပ်၏အဖက ကြွယ်ဝသော တယောက်သော အမျိုးသားနှင့် ထိမ်းမြားပြန်၏။ ထိုယောကျ်ားကလည်း အကျွန်ုပ်နှင့် ပေါင်းဖော်မိ၍ တလလောက်ရှိလျှင် အကျွန်ုပ်ကို နှင်ထုတ်ပြန်၏။ ထို့နောက် အကျွန်ုပ်၏ အဖက ထမင်း တောင်းစားသော အထီးကျန် ယောကျ်ားတယောက်ကို တောင်းစားသော ခွက်နှင့် အဝတ်စုတ် ဝတ်သည်ကိုပယ်ပြီး ငါ့သမက် ဖြစ်တော့ဟု ဆို၍—

အကျွန်ုပ်အား ထိုသူနှင့် ပေးစား ပြန်၏။ ထို အထီးကျန် သူတောင်းစား ကလည်း အကျွန်ုပ်နှင့် ပေါင်း၍ လဝက်ရှိလျှင် အကျွန်ုပ်ကို မြင်ပြင်းကပ်သောကြောင့် ကွာရှင်း၍ သူတောင်းစားအဖြစ်ဖြင့် ပြန်၍ နေပါတော့သည်။

ထိုအခါ အကျွန်ုပ်၏မကောင်းမှုကြောင့် လှုင်ဟူသမျှ စွန့်ပစ်ခံရ၍ သံဝေဂတရားဖြစ်ပြီး ရဟန်းပြုသဖြင့် ဝိဇ္ဇာသုံးပါးကိုး ရခဲ့ပါသတည်း” ဟု ဗောဓိထေရီမအား ဖြေကြားလေသည်။

ဤဣသိဒါသီထေရီမသည် အဆူဆူသော ဘုရားရှင်တို့ထံ ယောကျ်ားဘဝဖြင့်ဖြည့်ကျင့်အပ်သော ပါရမီ ရင့်ကျက်သော သူဖြစ်ပါလျက် ရှေးပန်းတိမ်သည်ဘဝတွင် မကောင်းသောအပေါင်းအဖော်နှင့် ပေါင်းမိ၍ အကုသိုလ်ဖြစ်သော သူများ သားမယား ကို ဖောက်ပြန်မှားယွင်းမိခြင်းကြောင့် ကြာမြင့်စွာသော ကာလပတ်လုံး ငရဲတိရစ္ဆာန် နှစ်တန်သော အပါယ်နှင့်တကွ ခုနစ်ဘဝတိုင်တိုင် ထိုကံနှိပ်စက်အပ်သည်ဖြစ်၍ အရဟတ္တ မဂ် ဖိုလ်ဆိုက်အောင်ပင် ပန်ဆင်ဖြည့်ကျင့်ရင်း ပူရိသအဖြစ်သို့ မရောက်နိုင်ဘဲ မိန်းမဘဝဖြင့်သာ အန္တိမခန္ဓာ အဆုံးစွန်သော ခန္ဓာကို နှိမ့်စွန့်ချရလေသည်။ အမျိုးသား၊ အမျိုးသမီးတို့ သတိပြုပါရန်။

x x x

သူတပါး သားမယားကို ပြစ်မှားသော

သူဌေးသားလေးယောက် ဝတ္ထု

ကဿပ မြတ်စွာဘုရား လက်ထက်တော် ဗာရာဏသီ ပြည်၌ သူဌေးသားလေးယောက်တို့သည် ကုဋေလေးဆယ် ကြွယ်ဝသော ဥစ္စာပစ္စည်းနှင့် ပြည့်စုံကြ၏။ ထိုသူတို့သည် တစုံတရာ ဒါန-သီလ စသော သူတော်ကောင်းတရားကို မပွားများကြပဲ၊ သူတပါး သားမယားများကိုသာ များစွာသော ဥစ္စာပစ္စည်းများ ပေးလျက် အသက်ရှည်သမျှ ကာလပတ်လုံး ကျူးလွန် ဖျက်ဆီးကြ ကုန်၏။ ထိုသူတို့သည် စုတေသေသည်မှ နောက်ဘဝ၌ ထို သူတပါး သားမယား ပြစ်မှား ဖျက်ဆီးသော ပရဒါရိက အကုသိုလ်ကံ ပစ်ချသဖြင့် မဟာအဝီစိငရဲကြီး၌ ဤမြေကြီး တယူဇနာ ကျော်ကျော် အပေါ်သို့ တက်သည့်တိုင်အောင် ကြာမြင့်စွာ ကျင်လည် ကျက်

စားပြီးမှ လောဟကုမ္ဘီ ငရဲကြီးနီသံအိုး ငရဲတွင် ဦးခေါင်းဇောက် ထိုးကျ၍ ပွက်ဆဲသော ယာဂုအိုး၌ ငုပ်လျှိုးသော ဆန်လုံးကဲ့သို့ ပေါ်လိုက် မြုပ်လိုက်နှင့် အနှစ်သုံးသောင်းနှစ်ပြီးမှ တဖန် အနှစ် သုံးသောင်း တက်ရပြန်သဖြင့် အိုးဝသို့ ရောက်သည့်ကာလ မိမိတို့ မှားခြင်း မှားခဲ့ကြသော သူတပါးသားမယား ပြစ်မှားကျူးလွန် ခဲ့ကြသည်ကို အချင်းချင်းပြောလိုသောဆန္ဒဖြင့် "ဒု-သ-န-သော" ဟု အက္ခရာတလုံးစီ ရွတ်မိလျှင် ပြောလိုသော ဂါထာ မပြီးမဆုံး တလုံးစီနှင့်ပင် တဖန်ငုပ်မြဲ ငုပ်ကြရလေသည်။

သာဝတ္ထိပြည် ကောသလမင်းသည် ညဥ့်အခါ၌ ငင်း လေး ယောက်သော သူဌေးသားရဲသားတို့သည် တယောက်က "ဒု" တယောက်က "သ"၊တယောက်က "န"၊တယောက်က "သော" ဟူသော အက္ခရာအသံတို့ ဆိုမြည်ကြသည်ကို ကြားရလေ၏။

ကောသလ မင်းကြီးသည် ထိုအသံတို့ကို ကြား၍ ထိတ်လန့် သည်နှင့် ပုဏ္ဏားတို့အား ပြောကြားသော်၊ ပုဏ္ဏားတို့က ကြမ်း ကြုတ်သော အသံတို့ဖြစ်၍ ဘေးအန္တရာယ်ကြီးစွာ ရောက်ဖွယ် မြင်ကြောင်း၊ ယဇ်ပူဇော်မှ ချမ်းသာမည့် အကြောင်း များကို လျှောက်ကြလေ၏။

မင်းကြီးလည်း "ကောင်းပြီ ယဇ်ပူဇော်လော့"ဟုဆို၏။ ထို အကြောင်းကို မလ္လိကာ မိဖုရားကြီး ကြားသော်၊ မင်းကြီးအား လာဘ်လာဘကိုမြှော်၍ ဆိုသော ပုဏ္ဏားတို့၏စကားကို မယူစေဘဲ မြတ်စွာဘုရားထံသို့ သွားရောက် လျှောက်စေ၏။

မြတ်စွာဘုရားက "ဒါယကာ မင်းမြတ်၊ ထိုအသံတို့ အတွက် အသင်မင်းကြီးအား တစုံတရာသော ဘေးဥပါဒ် အန္တရာယ် ဖြစ်

လိမ့်မည် မဟုတ်။ စင်စစ်သော်ကား ဆင်းရဲစွာ ခံနေရသော ငရဲသားတို့၏ အော်ဟစ်သံမျှသာ ဖြစ်သည်။ ဤ အသံမျိုးကို သင်မင်းကြီးသာလျှင် ကြားသည်မဟုတ်၊ ရှေးမင်းတို့လည်း ဤသို့ကြား၍ ပညာရှိတို့၏ စကားကြောင့် သတ္တဝါတို့ ချမ်းသာရာရဘူးလေပြီ”ဟု အောက်ပါဇာတ်ကို ဟောတော်မူသည်။

လွန်လေပြီးသောအခါ၊ ဗာရာဏသီ မင်းတပါးသည် လေးယောက်ကုန်သော ငရဲသူတို့၏ ဒု-သ-န-သော ဟူသောအသံတို့ကို ကြားရ၍ ထိတ်လန့်သည်နှင့် ပုဏ္ဏားတို့ အကြံပေးချက် အတိုင်း လူလေးယောက်၊ ဆင်လေးစီး၊ မြင်းလေးစီး စသည်ဖြင့် လေးစုကုန်သော အသားတို့ဖြင့် လေးယောက်၊ လေးကောင် အစုံအစုံ ယဇ်ပူဇော်ရန် စီရင်လေ၏။

ထိုအခါ ပုရောဟိတ် ပုဏ္ဏား၏တပည့်တယောက်သည် ဤအမှုမျိုး၌မပါလိုသည့်အပြင် သတ္တဝါတို့အသက်ကို ချမ်းသာစေရန်ဟု ဉယျာဉ်ရှိရသေ့တပါးထံသို့ မင်းကြီးကို ဆောင်ခဲ့၍ ရောက်သော် “မြတ်သောမင်းကြီး ထိုအသံကိုဟစ်သော သူလေးယောက်တို့သည် ရှေးဘဝ၌ သူတပါးတို့ ထိန်းသိမ်းအပ်သော မိန်းမတို့၌ ပြစ်မှားပျော်ပါးကုန်သည်ဖြစ်၍ လောဟကုမ္ဘီငရဲတို့၌ကျ၏။ ထို ငရဲအိုးတွင်းသို့ နစ်သွားသည်မှာ အနှစ်သုံးသောင်း ကြာ၏။ အထက်သို့ တက်လာသည်မှာ အနှစ်သုံးသောင်းကြာ၏။ အိုးဝသို့ရောက်သော ခန၌ ထို လေးယောက်တို့သည် လေး ဂါထာတို့ကို ဆိုလိုသော်လည်း မဆိုနိုင်ဘဲ အစဖြစ်သော အက္ခရာ တလုံး- တလုံးကိုသာ ဆိုနိုင်၍ တဖန် ငရဲအိုးအတွင်းသို့ နစ်သွားရပြန်၏။ ဤတွင် ၎င်းအသီးသီးဆိုလိုသော လေးဂါထာကား-

(ဒု-အက္ခရာ)

၁။ ဒုဇ္ဇီဝိတမဇီဝိမှ၊ ယေသံနော နဒဒါမသေ။
ဝိဇ္ဇမာနေသု ဘောဂေသု၊ ဒီပံနာကမှ အတ္တနော။

စကားပြေ

အပေါင်းအသင်း သူငယ်ချင်းတို့.. ....ငါတို့၏ စည်းစိမ်ဥစ္စာ ချမ်းသာတို့သည် ထင်ရှားရှိကုန်ပလျက်၊ မပေး မလှူမိကုန်။ မိမိ၏ ကျွန်းကြီးသဖွယ် ကိုးကွယ်ရာဖြစ်သော ကောင်းမှုကို မပြုမိကုန်။ ထိုငါတို့သည် မှားသောအသက်မွေးခြင်းကို မွေးမိကုန်၏။

(သ-အက္ခရာ)

၂။ သဋ္ဌိဝဿသဟဿာနိ၊ ပရိပုဏ္ဏာနိ သဗ္ဗသော။
နိရယေ ပစ္စမာနာနံ၊ ကဒါ အန္တော ဘဝိဿတိ။

စကားပြေ

အပေါင်းအသင်း သူငယ်ချင်းတို့ .....လောဟကုမ္ဘီ ငရဲ၌ အခါခပ်သိမ်း ကျက်ရကုန်သော ငါတို့အား၊ ကာလတွက်စစ် အနှစ်ခြောက်သောင်းတို့သည် ပြည့်ကုန်ပြီ၊ အဘယ်အခါ၌ အဆုံးသို့ ဖြစ်ပါအံ့နည်း။

(န-အက္ခရာ)

၃။ နတ္ထိအန္တော ကုတောအန္တော၊ နအန္တော ပင္ဒိဒိဿတိ၊
တဒါပိ ပကတံပါပံ၊ မမတုယှဉ္စ မာရိသာ။

စကားပြေ

အပေါင်းအသင်း သူငယ်ချင်းတို့........ထို သူဌေးသား စစ်ဖြစ်ခဲ့သော ငါတို့သည်ရင်း၊ နှောင်း၌ အခါ၌ရင်း စိတ်တူကိုယ်မျှပြုခဲ့ကြသော မကောင်းမှုကံသည်၊ ငါ့အားရင်း၊ သင့်အားရင်း အဆုံးသည် မထင်။ တူသောအကျိုးပေးဦးမည်သာတည်း။

(သော-အက္ခရာ)

၄။ သောဟံနူနဣတောဂန္တွာ၊ ယောနိံ လဒ္ဓါနမာနုသံ။

ဝဒညူ သီလသမ္ပန္နော၊ ကာဟာမိကုသလံဗဟုံ။

ထိုငါသည် သံရည်ပွက်ပွက် ပူချက်မစဲ ဤငရဲမှ သွားရ၍ လူ့၌ ပဋိသန္ဓေကို အကယ်၍ ရသည်ရှိသော်၊ အလှူခံပုဂ္ဂိုလ်တို့ ကျေးဇူးကို သိသည်ဖြစ်၍၊ သီလနှင့်ပြည့်စုံသည်ဖြစ်၍ကုသိုလ်ကိုများစွာပြုတော့အံ့။

မြတ်သော မင်းကြီး၊ ဤသို့ အပြည့်အစုံ ဆိုလိုလျက်လည်း ဆိုခွင့်မရဘဲ ဂါထာတို့၏ အစဖြစ်သော၊ ဒု-သ-န-သော အက္ခရာတို့ကိုသာ အသီးသီးဆို၍ နစ်ရပြန်ခြင်းဖြစ်သည်။ အသင်မင်းကြီးအား တစုံတရာ အန္တရာယ်ဖြစ်ကြောင်း မဟုတ်ဟု မိန့်တော်မူ၏။ ထိုအခါ မင်းကြီးသည် သက်သာရာရ၍ ယဇ်ကောင်ဖြစ်သော သတ္တဝါတို့ကို အလျှင်အမြန်လွှတ်စေသတည်း။

၄။ မုသာဝါဒကံ

မဟုတ်မမှန်သောအားဖြင့် ချွတ်ယွင်းခစေခြင်း၊ သိက္ခာကျစေခြင်းငှါ ကိုယ်နှုတ်တို့ဖြင့် လိမ်လည်၍ ပြောဆိုခြင်းသည် မုသာဝါဒကံ တည်း။

ဂေါတမဗုဒ္ဓဘုရားရှင်အား လိမ်လည်စွပ်စွဲခဲ့သော စိဉ္စမာဏဝိကာ ဝတ္ထု

ဂေါတမ ဗုဒ္ဓမြတ်စွာ ဘုရားသခင်သည် ပဌမ ဗောဓိမှစ၍ ဆုံးမတော်မူသဖြင့် များစွာသော သာဝက ဖြစ်ကုန်သော နတ်လူတို့သည် အရိယာဘုံသို့ သက်ဝင်ကုန်သည်ရှိသော်၊ ဂုဏ်တော်အပေါင်းသည် ပျံ့နှံ့ရကား၊ များစွာသော လာဘသက္ကာ

ရတို့သည် ထင်ရှားဖြစ်ကုန်၏။ တိတ္ထိတို့သည် နေထွက်သောအခါ ပိုးစုန်းကြူးကဲ့သို့ပျက်သော လာဘသက္ကာရ ရှိကုန်၏။

ထိုအခါတိတ္ထိတို့သည် ခရီးအကြား၌ ရပ်လျက် "အသို့နည်း... ရဟန်းဂေါတမသာ ဘုရားလော၊ ငါတို့လည်း ဘုရားပင်ဖြစ်သည်။ ရဟန်းဂေါတမအား လှူခြင်းသာ အကျိုးကြီး မြတ်သလော၊ ငါတို့အား လှူခြင်းသည်လည်း အကျိုးကြီးမြတ်ပါ၏။ ငါတို့အားလည်း လှူလော့"ဟု လူတို့ကို တောင်းပန် ပြောဆိုကုန်သော်လည်း လာဘသက္ကာရတို့မရ၊ လှူသူမရှိရကား၊ ဆိတ်ငြိမ်ရာ၌ စည်းဝေး၍ အဘယ်သို့သောအကြောင်းဖြင့် ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကို လူတို့အကြား၌ ဖြစ်စေ၍ လာဘသက္ကာရကို ဖျက်ဆီးရအံ့မည်နည်းဟု ကြံကြကုန်၏။

ထိုအခါ ကြံသော အတိုင်ပင်ရှိသော တိတ္ထိတယောက်သည် ဤသို့ဆို၏။ "စိဉ္စမာဏဝိကာ အမည်ရှိသော ငါတို့တပည့် ပရိဗိုဇ်မသည် မြတ်သောအဆင်းကိုဆောင်၏။ တင့်တယ်ခြင်းသို့ ရောက်သော နတ်သမီးကဲ့သို့ ကိုယ်မှအရောင်တို့သည်ထွက် လှုပကုန်၏။ ထိုစိဉ္စမာဏဝိကာကိုစွဲ၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကိုဖြစ်စေသဖြင့် လာဘသက္ကာရကို ဖျက်ဆီးကုန်အံ့"ဟုဆို၏။ တိတ္ထိတို့သည်လည်း ဤအကြောင်းကား ကောင်း၏ဟု သဘောတူဝန်ခံကြကုန်၏။

တရံရောအခါ စိဉ္စမာဏဝိကာသည် တိတ္ထိအရံသို့ လာစေ၍ ရှိခိုးလျက်တည်၏။ တိတ္ထိတို့လည်း စိဉ္စမာဏဝိကာနှင့် စကားမဆိုကုန်၊ စိဉ္စမာဏဝိကာ သုံးကြိမ်မြောက်အောင် ရှိခိုးပါ၏။ အရှင်

ဘုရားတို့ဟု ဆို၍ "အကျွန်ုပ်၏ အပြစ်ကား အဘယ်နည်း၊ အဘယ်ကြောင့် အကျွန်ုပ်နှင့် စကားမဆိုကြသနည်း" ဟု မေး၏။

ထိုအခါ တိတ္ထိတို့သည် "နှမ....ငါတို့ကို ညှဉ်းဆဲလျက် ဖျက်ဆီးသော လာဘသက္ကာရရှိသည်ကို ပြု၍လှည့်လည်သော ရဟန်းဂေါတမကို မသိသလော" ဟုဆိုသော်၊ "အရှင်တို့....ငါကား မသိ၊ ဤအရာဝယ် အဘယ်သို့ ငါပြုရအံ့နည်း" ဟုဆို၏။

"နှမ...သင်သည် အကယ်၍ ငါတို့ချမ်းသာခြင်းကို အလိုရှိငြားအံ့၊ မိမိကိုယ်ကို အရင်းပြု၍ ရဟန်းဂေါတမ၏ ကျေးဇူးမဲ့ကိုဖြစ်စေလျက်၊ အများသဒ္ဓါတရားကို၊ ပျက်စီးစေသောလာဘသက္ကာရကိုပြုလော့" ဟုဆိုသော်၊ "ကောင်းပြီအရှင်တို့.. ဤသည်ကား ငါ့တာဝန်သာ၊ ငြိမ်ပါစေ" ဆို၍ ဖဲ့ခွာပြီးလျှင် မိန်းမတို့မာယာ၌ လိမ္မာရကား၊ ထိုအခါမှစပြီး သာဝတ္ထိပြည်သူတို့တရားနာ၍ ဇေတဝန်ကျောင်းတော်မှ ပြန်ကြသော ညနေချမ်းအခါ၊ ပိုးဖလံအဆင်းရှိသော အဝတ်ကိုခြုံလျက် လက်၌ ပန်းနံ့သာအစရှိသည်ကိုကိုင်ပြီးသော် ဇေတဝန်ကျောင်းတော်သို့ ရှေးရှုသွားလေ၏။

လူအပေါင်းတို့က လာနေသည်ကိုမြင်သော ဤအခါဝယ် အဘယ်ကိုအရှင်မသွားမည်နည်းဟု မေးသော် "သင်တို့အား ငါသွားရာကိုသိသဖြင့် သင်တို့ အဘယ်အကျိုးရှိအံ့နည်း" ဟု ဆို၍ ဇေတဝန်ကျောင်းတော်၏ အနီးအပါး တိတ္ထိတို့ အရံ၌ အိပ်နေ၍ နံနက်စောစောထလျက် သူများထက်ဦးအောင် ရှိခိုးအံ့ဟု မြို့မှထွက်လာသော လူအပေါင်းတို့နှင့် တိုက်ဆိုင်မိအောင် ဇေတဝန်ကျောင်းတော်၌ နေ၍ ပြန်လာသကဲ့သို့ တဖန် မြို့သို့ပြန်ဝင်သော

စိဥ္စမာနဝိကာကို "သင်အဘယ်မှ ပြန်၍လာသနည်း" ဟု မေးသည်ရှိသော် "ငါပြန်လာသော နေရာသိသဖြင့် သင်တို့၌အဘယ်အကျိုးရှိအံ့နည်း"ဟုဆို၍ တလလွန်သဖြင့် မေးမြန်းသည်ရှိသော် "ဇေတဝန် ကျောင်းတော်၌ ရဟန်းဂေါတမနှင့်တကွ တခုသောဂန္ဓကုဋိတိုက်၌ နေရသည်"ဟု ဆိုလေသည်။

ပုထုဇဉ်တို့သဘာဝ ဟုတ်များဟုတ်လေသလော-မဟုတ်လေသလောဟု တွေးတောယုံမှားခြင်းကိုဖြစ်စေ၍ သုံးလ လေးလလွန်သဖြင့် ပုဆိုးကြမ်းတို့ကို ဝမ်းတွင်ရစ်ပတ်ပြီးလျှင် ကိုယ်ဝန်ဆောင်အသွင်ကိုပြုလျက် နီသောပုဆိုးကိုရုံပြီး ပျဉ်ချပ်ဖုံး၍ ကိုယ်ဝန်ဟန်လုပ်ပြီးသော် ရဟန်းဂေါတမကိုစွဲ၍ ငါ၌ ကိုယ်ဝန်ပဋိသန္ဓေရှိနေသည်ဟု သူမိုက်တို့အား ကြားသိစေ၏။

ပြီးမှ ရှစ်လ ကိုးလလွန်သဖြင့် ဝမ်း၌ သစ်သားပျဉ်ချပ်ကိုဖွဲ့ပြီး အလျှင်အထက်၌ အဿတက်ကြွသည်ကိုပြုလျက်၊ ပင်ပမ်းသော ဣန္ဒြေရှိသည့်အမူအရာကိုပြု၍၊ ညချမ်းသောအခါ ဘုရားရှင်သည် ကန်ဆာဆင်အပ်သော တရားဟောပလ္လင်ထက် ထိုင်နေတော်မူလျက် တရားဟောတော်မူသည်ရှိသော်၊ တရားသဘင်သို့ လာ၍ မြတ်စွာဘုရား၏ ရှေ့တော်၌ ရပ်လျက် "ရဟန်းကြီး၊ လူအပေါင်းတို့အား တရားဟောသည်မှာ သာယာနာပျော်ဘွယ်သော အသံရှိပေ၏။ နှုတ်ခမ်းပါးစပ် စေ့စပ်ပေ၏။ ငါမူကား သင့်ကိုစွဲ၍ ကိုယ်ဝန်ရသောကြောင့် ၁၀-လပြည့်သော ကိုယ်ဝန်ရှိ၏။ သားဖွားရာအိမ်ကိုလည်း မသိ၊ ထောပတ်၊ ဆီ၊ အစရှိသည်တို့လည်း မရှိ၊ ကိုယ်တိုင်ပင် မပြုစုနိုင်သော်လည်း၊ အလုပ်အကျွေးပြုသောသူတို့တွင် ထင်ရှားသော ကောသလမင်းကိုသော်၎င်း၊

အနာထပိဏ်သူဌေးကိုသော်၎င်း၊ ဝိသာခါ ဒါယိကာမကိုသော်၎င်း ဤစိဉ္စမာဏဝိကာအား ပြုသည်ကိစ္စကို ပြုကြပါဟု မဆို၊ အလိုအတိုင်း မြွှေ့လျော်ခြင်း နေဖို့ကိုသာ သိရှာ၏။ ကိုယ်ဝန် အစောင့်အရှောက်ကိုကား မသိရှာ''ဟု မစင်တုံးကို ကိုင်ပြီးမှ လပြည့်ဝန်းကို ဖျက်ဆီးလို၍ လုံ့လပြုသကဲ့သို့ ပရိသတ်လေးပါး အလယ်တွင် ရှင်တော်ဘုရားကို စွပ်စွဲလေ၏။

သဗ္ဗညုဘုရားရှင်လည်း တရားစကားကိုတန့်ရပ်တော်မူပြီးလျှင် ခြသေ့်မင်းကဲ့သို့ ရဲရင့်သော အသံ‌တော်ဖြင့် ''ဒါယိကာမ၊သင် ဆိုအပ်သော စကား၏ ဟုတ်မှန်သည် ချွတ်ယွင်းသည် ဟူသော အဖြစ်ကို သင်နှင့်ငါသာ သိ၏''ဟု မိန့်တော်မူ၏။

''အို .. ရဟန်းကြီး၊ သင်နှင့်ငါသာ သိသည့်၏အဖြစ်ကြောင့် ဤအမှုသည် ဤကဲ့သို့ဖြစ်၏''ဟု ဆို၏။

ထိုခဏဝယ်၊ သိကြားမင်းနေရာသည် ပူလောင်ခြင်းအရာကို ပြ၍ ဗန္ဓုကမ္ဗလာတင်း၏။ သိကြားမင်းသည် ဆင်ခြင်လတ်သော် စိဉ္စမာဏဝိကာသည် ဘုရားရှင်ကို မဟုတ်မမှန်ဘဲ စွပ်စွဲဆဲရေးခြင်း ပြုဘိ၏ဟု သိ၍ ဤသူယုတ်မာကို သုတ်သင်အံ့ဟု-နတ်သားလေး ယောက်တို့နှင့်လာ၏။ နတ်သားလေးယောက်တို့သည် ကြွက်ငယ် ဟန် ဖန်ဆင်းပြီးလျှင် သစ်သားပျဉ်ချပ်ဝမ်း၌ စွဲသောကြိုးဆက် ကိုးတပြိုင်နက်ကိုက်ဖြတ်ကုန်၏။ ရုံသောပုဆိုးကို လေသည် အထက် သို့ပင့်၏။ သစ်သားပျဉ်ချပ်ဝန်းသည် အောက်သို့ ပြုတ်ကျသည် ရှိသော် စိဉ္စမာဏဝိကာ၏ ခြေဖမိုးထက် ကျရကား ခြေဖျားနှစ် ဖက်တို့သည် ပြတ်ကုန်၏။

တရားနာသော သူတို့သည်လည်း ဖုံးကွယ်စဉ်းလဲ စွပ်စွဲသော အခြင်းအရာကို ဟုတ်မှန်စွာ သိမြင်သဖြင့် "ဟယ် သူယုတ်မ၊ နင်သည် မြတ်စွာဘုရားကို စွပ်စွဲဆဲရေးဘိသည်' ဆို၍ ထိုစိဉ္စမာဏဝိကာ၏ ဦးခေါင်းထက်၌ တံတွေးထွေးလျက် လက်ခြေ လှံတန် အုတ်ခဲတို့ဖြင့် ပုတ်ခတ်ရိုက်နှက်၍ ဇေတဝန်ကျောင်းတော်မှ ထွက်စေကုန်၏။

ထိုစိဉ္စမာဏ၏ အဖြစ်ကို မြတ်စွာဘုရား မြင်တော်မူရာ လွန်သည့် ဝေးအရပ်ရောက်သည့်ကာလ ယူဇနာ နှစ်သိန်း လေးသောင်းအထုရှိသော ဤမြေကြီးသည်စကြဝဠာမြင့်မိုရ်၊ ယုဂန္ဓိုရ်၊ ဤသိန်၊ နေမိန်၊ သုဒဿန၊ ကရဝိက စသော တောင်မင်းတို့နှင့်တကွ အလုံးစုံသော သောကဝတ္တုတို့ကို ရွက်ဆောင်ရခြင်းသည် ဝန်မလေး၊ သူယုတ်မဘာယောက်၏ ဝန်ကားအလွန်လေးသည်။ မြေပြင်၌ထား၍ ငါမထမ်းဆောင်နိုင်ဟုမဆိုသော်လည်း သဘောအားဖြင့် ဆိုဘိသကဲ့သို့ ထိုသူယုတ်မ၏ တည်ရာအရပ် မြေတွင်နှစ်ဖြာကွဲ၍ အပေါက်ဟင်းလင်းဖြစ်လေ၏။ အဝီစိငရဲ မီးလျှံသည် ထိုအပေါက်မှ ထလှုတ်၍ စိဉ္စမာဏဝိကာသည် အမျိုးတို့ပေးအပ်သော ကမ္ဗလာနီကို ခြုံရုံဘိသကဲ့သို့ ရစ်ပတ် လောင်မြိုက်ဆောင်ယူ၍ မဟာအဝီစိငရဲကြီး၌ ကျ၍ ကျက်ရလေသတည်း။

ဤကား မုသာဝါဒကံ၏ အကျိုးတည်း။

× × ×

ဝိသုဂ္ဂန်းချော ပြောမိရှေးဆို၊ အကုသိုလ်ကြောင့် ကိုယ့် ထိလိုလို၊ ဖြစ်ရာဘဝ သောကပိုမို၊ ရှောင်သူများ ရငြား ကောင်းကျိုးကို။



ဒိသုက္ကာဝါစာကံဖြေး၍အပြစ်ကိုဆိုသောရဟန်းတပါး

၅။ ပိသုဏာဝါစာကံ

ညီညွတ်သည်ကို ကွဲပြားအောင်ပြုခြင်း၊ သူနှစ်ယောက်တို့၏ အချစ်ကို မေတ္တာကင်းအောင် သို့မဟုတ် ကွဲအောင် လုပ်ခြင်းသည် ပိသုဏာဝါစာကံတည်း။

ပိသုဏာဝါစာကံ၏အပြစ်ကိုပြဆိုသော ဂုန်းတိုက်သောရဟန်း ဝတ္ထု

လွန်လေပြီးသောအခါကဿပမြတ်စွာဘုရားသခင်လက်ထက်တော်၌ နှစ်ယောက်သော အမျိုးသားတို့သည် သာသနာတော်၌ ရဟန်းပြုပြီးလျှင် သီလအကျင့်နှင့် ပြည့်စုံကုန်သည်ဖြစ်၍ ခေါင်းပါးသော အသက်မွေးခြင်းရှိကုန်လျက်၊ အမှတ်မရှိသော ရွာငယ်တရွာ၌ အသင့်အတင့် အညီအညွတ်နေကြကုန်၏။

ထိုအခါ ယုတ်မာသော၊ မသင့်မတင့်သည်ကို အလိုရှိသော၊ ချောပစ်ဂုန်းတိုက်တတ်သော ရဟန်း တပါးသည် ထိုရဟန်းနှစ်ပါးတို့ နေရာသို့ ရောက်လာ၏။ မထေရ်နှစ်ပါးတို့လည်း ထို

ရဟန်းအား အရို အသေပြု၍ ညှော်ဝတ် ပြုငှာကို ပြုလျက် နေ ရာ ပေး ပြီး လျှင် နှစ်ရက်မြောက်သောနေ့၌ ထိုရဟန်းကို ခေါ်၍ ဆွမ်းခံရွာသို့ဝင်ကြကုန်၏။ လူတို့လည်း မထေရ်တို့၌ အလွန်ရိုသေခြင်းကိုပြု၍ ယာဂုဆွမ်း စသည်တို့ကို လှူဒါန်းကုန်၏။ အာဂန္တုက ရဟန်းသည် ကျောင်းသို့ဝင်ပြီးလျှင် ဤသို့ ကြံ၏။

ဤဝေါစရ ဂါမ့ကား ကောင်းလှ၏။ လူတို့လည်း သဒ္ဓါတရားနှင့် ပြည့်စုံ၏။ ကျောင်း၌ ချမ်းသာစွာနေခြင်းငှာ သင့်မြတ်ကောင်းမွန်၏။ သို့သော်လည်း ဤရဟန်းတို့ ဤကျောင်း၌ နေကုန်သော် ငါ့အား ဖာသုဝိဟာရမ ဖြစ်လတ္တံ့။ သို့ဖြစ်၍ ဤရဟန်းတို့ကို အချင်းချင်း ဂုန်းတိုက်သဖြင့် ပြေးစေအံ့ ဟု ကြံ၍ တနေ့သ၌ မဟာထေရ်သည် နှစ်ယောက်သော ရဟန်းတို့အား အဆုံးအမပေးပြီးမှ မိမိနေရာသို့ ဝင်သော် အာဂန္တုက ရဟန်းသည် အနည်းငယ်ကာလကို လကြာစွာ လွန်စေ၍ ကြာကြာနေပြီးမှ မဟာထေရ်သို့ ကပ်လျှင် မဟာထေရ်က “အဘယ်နည်းဟု” စကားပြောရန် အကြောင်းရှာ၍ မေးသော် “အရှင်ဘုရား၊ အနည်းငယ် လျှောက်ထား ပြောဆိုဘွယ်ကား ရှိ၏” ဟု ဆိုသောကြောင့် “ပြောဆိုလော့ ငါ့ရှင်”ဟု မဟာထေရ်က ခွင့်ပြုရကား “အရှင်ဘုရား၊ အရှင်၏ အဆွေဖြစ်သော ဤမထေရ်သည် မျက်မှောက်၌ အဆွေခင်ပွန်းကဲ့သို့ဖြစ်၍ မျက်ကွယ်၌ ရန်သူကဲ့သို့ စွပ်စွဲကဲ့ရဲ့၏ တကား”ဟုဆို၏။ အဘယ်စကားကို ဆိုသနည်းဟု မဟာထေရ်က မေးသည်ရှိသော် “အရှင်ဘုရား၊ ယင်းသို့ တပြီကား နာ ထောင်လော့၊ ဤမထေရ်သည် စဉ်းလဲကောက်

ကျစ်လျက် မိစ္ဆာဇီဝဖြင့် အသက်မွေး၏ ဟု အရှင်ဘုရား၏ ကျေးဇူးမဲ့ကို အမျိုးမျိုးအဖုံဖုံ ဆိုသည်"ဟု လျှောက်၏။

ထိုအခါ မဟာထေရ်က "ငါ့ရှင်၊ သင်သည် ဤသို့ မဆိုလင့်၊ ထိုရဟန်းသည် ဤသို့ ငါ့ကို မစွပ်စွဲ မပြောဆိုလတံ့၊ လူဖြစ်သော ကာလမှ စ၍ ငါ ထိုရဟန်း၏ သဘောမှန်ကို ငါသည် အသိပင် ဖြစ်သည်"ဟု ဆို၏။

ထိုအခါ ဂုန်းတိုက်သောရဟန်းသည် "အရှင်ဘုရား၊ သင်ကား မိမိ၏ စင်ကြယ်သောစိတ် ရှိသည်၏ အဖြစ်ကြောင့် ဤသို့ ကြံတော်မူ၏။ ဤရဟန်းသည် အရှင်ဘုရားအား သာ လျှောက် ပတ်၏။ အကျွန်ုပ်အား ထိုရဟန်းနှင့်ကား ရန်မရှိ၊ အဘယ်ကြောင့် အကျွန်ုပ်သည် ထိုရဟန်း မဆိုဘဲကို ဆန်းပြား၍ အရှင်ဘုရား အား လျှောက်ထားအံ့နည်း။ ထိုသို့ဖြစ်စေ၍ ကာလရှည်လျှင် ကိုယ်တိုင်သိတော်မူလတံ့"ဟု လျှောက်၏။

မဟာထေရ်သည် ပုထုဇဉ်ဟု ဆိုအပ်သော အဖြစ်ကြောင့် မလိုမုန်းထား တိုက်ခိုက်မှုများသောအခါ စိတ်နှစ်ခွ ရှိရကား၊ ဤသို့မူလည်း ဖြစ်ရာ၏ ဟု ယုံမှား သံသယရှိသော စိတ်နှလုံး ရှိသည် ဖြစ်၍ အတန်ငယ်လျော့သော အကျွမ်းဝင်ခြင်း ရှိ၏။ ထိုရဟန်းယုတ်လည်း ထိုနည်းတူပင် ၎င်းထေရ်ကိုဂုန်းတိုက်ပြန်၏။

ထို့နောက်မှ မထေရ်နှစ်ပါးတို့သည် အချင်းချင်း စကား မပြောဆို အရိုအသေကိုမျှ မပြုဘဲ ကာလရှည်မြင့်စွာ ဖြစ်သော အချစ်သည် ဖြန်းဖြန်းကွဲ၍ သပိတ်သင်္ကန်းကို ယူပြီ လျှင် အသီး သီး စိတ်ချမ်းသာရာအရပ်သို့ တကွဲတပြားစီ ခွဲသွားကြကုန်၏။ ဂုန်းတိုက်သော ရဟန်းလည်း တရက်နှစ်ရက်လွန်သဖြင့် ငါသည်

သီလဝန္တ ရဟန်းတို့ကို ကျောင်းလိုခြင်ခြင်းကြောင့် ဂုန်းတိုက်လျက် ဖျက်စီးမိ၏။ များစွာသောမကောင်းအမှုကို ပြု၍ ပွားစေအပ်၏ ဟု ကြံသော ရဟန်းအား ကြီးစွာသော စိတ်မကောင်းခြင်းသည် နှိပ်စက်အပ်ရကား အပြစ်ကို ကြောက်လန့် စိုးရိမ်ခြင်း၏ အဟုန်ကြောင့် နာဖျားလျက် မကြာမြင့်မီ သေဆုံး၍ အဝီစိငရဲကြီး၌ ကျက်ရလေ၏။

မထေရ်နှစ်ပါးတို့လည်း နောက် အကြောင်းစုံကို သိသဖြင့် ပြန်လည် စေ့စပ်ပေါင်း ဖော်၍ တရားကို အားထုတ်သဖြင့် အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။ ဂုန်းတိုက်သော ရဟန်းလည်း ဘုရား တဆူနှင့် တဆူ အကြား ပတ်လုံး ငရဲ၌ ကျက်ပြီးမှ ငါတို့ ဘုရား လက်ထက်တော်ဝယ် ရာဇဂြိုဟ်ပြည်၏ အနီး၌ ပူတိမုခ ပြိတ္တာမျိုး၌ ဖြစ်ရ၏။

ထိုပြိတ္တာ၏ ကိုယ်ကား ရွှေအဆင်းနှင့် တူ၏။ ခံတွင်း၌ ပိုးလောက်တို့သည် ထွက်ကုန်၏၊ ထိုမှ ဤမှ ခံတွင်းကို ခဲကုန်၏။ အရပ်ထက်ဝန်းကျင် ပြန့်နှံ့၍ မကောင်းသော အနံ့လှိုင်၏။ ယခုထက်တိုင်ခံ၍မစဲ ဆင်းရဲအစု၌သာ တည်ရှာရလေသည်။

ဖရုသဝါစာကံ

အပြစ်နှင့် တကွ ကြမ်းကြုတ်သော စကား။ မိမိ၌ရင်း၊ သူ တပါး၌ရင်း၊ လူသွားကဲ့သို့ ကြမ်းတန်းသောစကားကို ပြောဆို ရေရွတ်ခြင်းသည် ဖရုသဝါစာကံတည်း။

ဤဖရုသဝါစာကံ၌ သူတပါး၏ နား၊ နှလုံးကို ကျင်စေတတ် သော မချမ်းသာအောင် ဖြစ်သော ဆဲရေးခြင်း ဆယ်ပါး ရှိ၏။ ထိုဆယ်ပါးကို အောက်ပါအတိုင်း သိအပ်၏။

၁။ ယုတ်ညံ့သော အမျိုးအနွယ်ဖြင့် စပ်လျဉ်း၍ (ကျွန် မျိုး၊ သူတောင်းစားမျိုး စသည်ဖြင့်) ဆဲရေးခြင်း

၂။ ယုတ်ညံ့သော အမည်ဖြင့် (ခွေး၊ အေး၊ ကောန်း စသည် မျိုး) ဆဲရေးခြင်း

၃။ ယုတ်ညံ့သော အနွယ်ဖြင့် (သူခိုးသား၊ ဓားပြတူ စသည် မျိုး) ဆဲရေးခြင်း

၄။ ယုတ်ညံ့သော အမှုဖြင့် (ဖိနပ်ကိုင်၊ မစင်ကျုံး စသည် မျိုး) ဆဲရေးခြင်း

၅။ ယုတ်ညံ့သော အတတ်ဖြင့် (ဆတ္တာသည်၊ ခဝါဖွတ်၊ နွားဝှေးသင်း စသည်မျိုး) ဆဲရေးခြင်း

၆။ ယုတ်ညံ့သော အနာရောဂါဖြင့် (ရှူနာ ရှိုက်ကုန်း၊ ကြောင်တောင်ကန်း၊ လိပ်ခေါင်းထွက် စသည်မျိုး) ဆဲရေးခြင်း
၇။ ယုတ်ညံ့သော သဏ္ဌာန်အသွင်ဖြင့်(ခြေကျိုး၊ လက်သိမ်၊ ခါးကုန်း၊ ဖင်ကောက် စသည်မျိုး) ဆဲရေးခြင်း
၈။ ယုတ်ညံ့သော ကိလေသာဖြင့် (ကြာခိုသမား၊ မယားငယ်၊ လင်ခိုးမ စသည်မျိုး) ဆဲရေးခြင်း
၉။ ယုတ်ညံ့သော အဖြစ်ဖြင့် (အရက်သမား၊ ဖဲသမား၊ လူလိမ်၊ လူညာ စသည်မျိုး) ဆဲရေးခြင်း
၁၀။ ယုတ်ညံ့သော ဆဲရေးခြင်းဖြင့် (မအေရိုး၊ နှမရိုး၊ မိန်းမပျက် စသည်မျိုး) ဆဲရေးခြင်းတို့တည်း။

ကြမ်းကြုတ်နှုတ်က ဖရုသဆို၊ ပါးစပ်ယုတ်ညမ်းသော သွမ်းရှေးလို၊ နှုတ်ခမ်းလျှာပြတ်ဖြစ်တတ်သကို၊ ရှောင်သူများ ရပြားကောင်းကျိုးကို။

ဧဝဝိဝဋ္ဌ

ဖရသဝါစာက၏ အပြစ်ကိုပြသော ရေဝတီဝတ္ထု။

မြတ်စွာဘုရားသခင်သည် ဗာရာဏသီပြည် မိဂဒါဝုန်တော၌ သီတင်းသုံးနေတော်မူသောအခါ၊ ထိုဗာရာဏသီပြည်၌ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးသမီး၏ သားဖြစ်သော နန္ဒိယမည်သော ဥပါသကာသည် ရတနာသုံးပါးကို ကြည်ညို၏။ ပေးလှူတတ်သောအလေ့ ရှိ၏။ ဒါနံရှင်ဖြစ်၍ သံဃာတော်အား လုပ်ကျွေး၏။ နန္ဒိယ၏ အမိသည်ကား နန္ဒိယကို ဦးရီး၏ သမီးဖြစ်သော ရေဝတီနှင့် ဆောင်နှင်း၏။ ရေဝတီကား သဒ္ဓါတရားမရှိ၊ ဝန်တိုမိစ္ဆာ ရှိ၏။

တရံရောအခါ နန္ဒိယသည် ရေဝတီကို "ရှင်မ၊ သင်သည် အကယ်၍ ရဟန်းသံဃာနှင့် ငါ့မိငါ့ဖတို့ကို အရိုအသေ လုပ်ကျွေးအံ့၊ သင့်အား ဤအိမ်၌နေခြင်းငှာရလတံ့၊ မမေ့မလျော့

သောကာလပတ်လုံး သဒ္ဓါသကဲ့သို့ လင်၏ အလိုသို့ အစဉ်လိုက် လျက် သားနှစ်ယောက်တို့ကို ဖွားမြင်၏။ နန္ဒိယ၏ မိဘတို့သည် သေလွန်ကုန်သည်ရှိသော် အိမ်၌ရှိသော အလုံးစုံသော စည်းစိမ် ဥစ္စာသည်ရေဝတီအားသာ ရသတည်း။

နန္ဒိယသည် အလှူရှင်ဖြစ်၍ သံဃာတော်များအား လုပ်ကျွေး ၏။ အထီးကျန် ခရီးသွား မရှိဆင်းရဲသား အစရှိသည် တို့အား လည်း အိမ်တံခါး၌ ချက်ပြုတ်ကျွေးမွေးလှူဒါန်းမြဲ ဝတ်ကို ဖြစ် စေ၏။ ဣသိပတန မိဂဒါဝုန်တော၌ လေးစုံသော တိုက်ခန်းတို့နှင့် တန်ဆာဆင်အပ်သော မုတ်ထွင့်လေးခု ရှိသော ကျောင်းကို ဆောက်လုပ်ပြီးလျှင် အင်းပျဉ်၊ ညောင်စောင်း အစရှိသည်တို့ကို ခင်း၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား လှူပြီးလျှင် မြတ်စွာဘုရား၏ လက်တော်၌ ရေစက်ချ၍ ဆောင်နှင်း ပေး လှူ၏။

အလှူတော်ရေစက်ချသည်နှင့် တကွ တာဝတိံသာနတ်ပြည်၌ အလျားအနံ တဆယ့်နှစ်ယူဇနာ၊အစောက် ယူဇနာတရာရှိသော ရတနာ ခုနစ်ပါးဖြင့်ပြီးသော နတ်သမီး အပေါင်းတို့နှင့် ကြေး ကြော် ခြံရံလျက်ရှိသော ဘုံပြဿဒ်သည် ပေါက်လေ၏။

တရံရောအခါ နန္ဒိယသည် ကုန်သွယ်ခြင်းငှာ အရပ်တပါးသို့ သွားသော် မယား ရေဝတီကို "ရှင်မ သင်သည်ငါဝတ်ပြုနေကြ ဖြစ်အပ်သော သံဃာတော်အား လှူမြဲဝတ်၊ ဖုန်းတောင်းစား တို့အား စွန့်မြဲဝတ်ကို မချွတ်စေလင့်၊ မမေ့မလျော့ ပြုဘိ"ဟု မှာခဲ့၏။

ရေဝတီလည်း "ကောင်းပါပြီသခင်" ဟုဝန်ခံ၏။ နန္ဒိယသည် အရပ်တပါးသို့ သွားသော်လည်း ထိုထို အရပ်၌ သံဃာတော်တို့အားငင်း၊ ဖုန်းတောင်းစားတို့ အားငင်း ဒါနဝတ်ကို မချွတ်ည် သာတည်း။ ရေဝတီကား နန္ဒိယသွားပြီးလျှင်နှစ်ရက်၊ သုံးရက်သာ အလှူဝတ်ကို ပြုစေ၍ ဖုန်းတောင်းစားတို့အားပေး လှူမြဲဝတ်ကို ဖြတ်လေ၏။ ရဟန်း၊ သံဃာတို့အားလည်း ဆန်ကွဲ ထမင်း ပုန်းရည်ဟင်းကိုသာ လှူ၏။

ရဟန်း သံဃာတော်တို့ ဆွမ်းစားရာ အရပ်၌ မိမိစားကြွင်း ထမင်းလုံးကျ၊ အရိုးငါးပိုင်း၊ အမဲပိုင်းတို့ကို ဖရိုဖရဲ ကြဲ၍ အိမ်နီးချင်း တို့အား "သင်တို့သည် ဤရဟန်းတို့၏ ပြုသော အမှုကိုကြည့်ရှုကြပါကုန်၊ သဒ္ဓါ၍ လှူသော ဝတ္ထု ခဲဘွယ်ကို ဤသို့ဖျက်ဆီးကောင်းသလော၊ ကြည့်ရှု ကြပါသော့" ဟုပြ၏။ နန္ဒိယသည် ကုန်များကို ရောင်းဝယ်ခြင်းပြုရာမှ ပြန်လာသော် ထိုအကြောင်း စုံကိုသိ၍ ရေဝတီကို အိမ်မှ နှင်ထုတ်၏။ တဖန် အိမ်နီးနားချင်း အဆွေခင်ပွန်းတို့ ဆုံးမပြီး တောင်းပန်ကြ၍ အိမ်သို့ခေါ်ဆောင်ထားသော်လည်း စည်းစိမ်ကို မနှင်းဘဲ စားရုံ ဝတ်ရုံမျှကိုသာ ပေး၍ ထား၏။

နောင်အခါ နန္ဒိယသည် သေလွန်၍ တာဝတိံသာနတ်ပြည် မိမိဗိမာန်၌ ဖြစ်လျက် ခံစားရလေ၏။ ရေဝတီကား ဤသူတို့ ကြောင့် ငါ၏လာဘ်လာဘတို့သည် ယုတ်၏ဟု ရဟန်း၊ သံဃာ၊ ဖုန်းတောင်းစား တို့ကို ဆဲရေးလျက် လွတ်၏။ အလုံးစုံသော ဒါနဝတ်ကို ဖြတ်၏။ ထိုအခါ ဝေဿဝဏ္ဏနတ်မင်းသည် ဘီလူး နှစ်ယောက်တို့ကို "အချင်းတို့သွားကြကုန်၊ ဗာရာဏသီ ပြည်၌

ရေဝတီကို ဤနေ့မှ ခုနစ်ရက်မြောက်သော နေ့၌ အသက်နှင့် စဉ်ပင် ငရဲတွင်ပစ်ချအံ့ ဟု ကြွေးကြော်ကြပါကုန်” ဟု စေ၏။ ဘီလူးတို့လည်း ဝေဿဝဏ္ဏနတ်မင်း စေသည့် အတိုင်း ကြွေးကြော်လာ၏။

ထိုကြွေးကြော်သံကိုကြား၍လူအပေါင်းကားအလွန်ကြောက်လန့်ကြကုန်၏။ ရေဝတီကား ပြာသာဒ် အထက်သို့ တက်ပြီးလျှင် တံခါးပိတ်၍ ပုန်းနေ၏။ ခုနစ်ရက် မြောက်သောနေ့၌ ဝေဿဝဏ္ဏနတ်မင်းသည် စေအပ်သောအကြောင်းအရာတို့နှင့် ကြောက်မက်ဖွယ်ကောင်းသော အဆင်းရှိသော ဘီးလူး နှစ်ယောက်တို့ သည် လာ၍ “ယုတ်မာသော ရေဝတီ--- ထလော့” ဟု ဆိုပြီးလျှင် လက်မောင်းနှစ်ဖက်ကိုကိုင်၍ လူအပေါင်းသည် မြင်စေအပ်သတည်းဟု အလုံးစုံသော မြို့ခရီး၌ လှည့်လည် ပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ဆောင်၍ နန္ဒိယ၏ ဗိမာန် စည်းစိမ်ကို ပြပြီးမှ ဥဿဒ ငရဲ၏ အနီး အပါးသို့ ဆောင်လေကုန်၏။

ရေဝတီက “နတ်ပြည်၌ သင်တို့ပြသောဗိမာန်သည် အဘယ်သူ့ဗိမာန် ဖြစ်ပါသနည်း” ဟု မေး၏။ ဘီလူး နှစ်ယောက်တို့ကလည်း “နန္ဒိယ ဥပါသကာ၏ ဗိမာန် ဖြစ်သည်” ဟု ပြောဆိုကြကုန်၏။

ထိုအခါ ရေဝတီက “ငါသည် နန္ဒိယ ဥပါသကာ၏ မယားပင်ဖြစ်သည်။ ငါ့လင်နှင့် အတူတကွ စံပျော်ပါအံ့၊ သင်တို့ပြသော ငရဲကို ငါမမြင်လို” ဟု ဆို၏။ ထိုအခါ ဘီလူးတို့က “ရေဝတီ၊ သင်သည် လူ့ပြည်၌ အလွန်ဝန်တို၏။ ရဟန်း သံဃာတို့အား ဆဲရေး၏။ ထိုမကောင်း မှုကြောင့် သင့် နေရာကား

ငရဲသာသွားရာ ရှိသတည်း။ နတ်ရွာမဟုတ်" ဟု ဆို၍ ကွယ်လေ၏။

ယင်းသို့ ဘီလူးနှစ်ယောက်တို့ ကွယ်လျှင်ထိုဘီလူးနှစ်ယောက်တို့နှင့်တူစွာ ငရဲထိန်း နှစ်ယောက်တို့လာ၍ သံသဝကမည်သော လူဘငရဲ၌ ပစ်ချမည် ဆွဲငင်လာသည်ကို ရေဝတီမြင်၍ "ဤငရဲကား အဘယ်နည်း" ဟုမေး၏၊ "ဤငရဲကား သံသဝကမည်သောငရဲတည်း။ အသူတရာ နက်၏။ ဤငရဲ၌ သင်သည် အနှစ်တထောင်တို့ ပတ်လုံး ကျက်ရလတံ့" ဟု ဆိုသော် "အဘယ်မကောင်းမှုကြောင့် ငါကျက်ရအံ့နည်း" ဟုမေး၏။

"သင်သည် လူ့ပြည်၌ စဉ်းလဲ ဝန်တိုသဖြင့် ရဟန်း၊ ပုဏ္ဏား၊ ဖုန်းတောင်းယာစကာတို့အား ရေရွတ်ဆဲရေး၊ ယုတ်မာသည့်ဖရုသဝါစာကံမကောင်းမှုကြောင့်ကျရောက်ရလိမ့်မည်။သည်သာမကသေး ဤငရဲ၌ နှစ်တထောင်တို့ ပတ်လုံး ကျက်၍ ထွက်ရပြန်က လက်ဖြတ်ခြင်း၊ ခြေဖြတ်ခြင်း၊ နား၊ နှာခေါင်း ဖြတ်ခြင်းတို့ကိုလည်း ခံရကုန်လတံ့။ ထက်စွာသော သံနှုတ်သီးရှိကုန်သော ကျီး၊ လင်းတတို့သည် သုံးဂါဝုတ်မျှလောက်သော သင်၏ကိုယ်ကို ထိုးဆိတ်ဆွဲ၍ စားကြကုန်လတံ့" ဟုဆိုသော် ရေဝတီသည် "လူ့ပြည်ကိုတဖန်ပြန်၍ ကျွန်တော်မကိုဆောင်ကြပါ၊ လူ့ပြည်သို့ရောက်သောအခါ များစွာသော ကောင်းမှု ကုသိုလ်ကို ပြုပါမည်" ဟု ဆို၍ တောင်းပန် ပါသော်လည်း........။

ငရဲထိန်းတို့က "ဟယ် ရေဝတီ၊ သင်သည် လူ့ပြည်၌ ရခဲလှစွာသော လူအဖြစ်ကိုရ၍ ဘုရားပွင့်ရာကာလနှင့် ကြုံကြိုက်သဖြင့် နန္ဒိယသူတော်ကောင်းနှင့်ပေါင်းမိပါလျက်ပင် မေ့လျော့

လစ်လပ် ယုတ်မာကြမ်းကြုတ်သော ဖရုသဝါစာ စသည်များကို များစွာပြုခဲ့လေပြီ။ ယခုမှ မြည်တမ်းခြင်းငှာ အရာ မဟုတ်ပြီ” ဟု ဆို၍ ဦးခေါင်းဇောက်ထိုး ခြေကား မိုးမျှော် ငရဲ၌ ပစ်ချလေကုန်၏။

ဤကား ဖရုသဝါစာ၏အပြစ်ကို ပြအပ်သော ဝတ္ထုတည်း။

ယခုအခါ လူတို့သည် မိမိစိတ်ဆန္ဒနှင့် မကိုက်ညီ၍ သို့မဟုတ် မိမိလိုဘ မပြည့်၍ မိဘ၊ ဆွေမျိုး၊ သားသမီး၊ အိမ်နီး နားခြင်း စသောသူတို့အား အမျက်ဒေါသ ထွက်၍ ငါအား ဤကဲ့သို့ ပြောဆိုပြုကျင့်သော ဤသူသည် ဝမ်းကျ၍ သေပါစေ၊ သွေး အန်၍ သေပါစေ၊ မြွေပွေး၊ မြွေဟောက် ကိုက်၍ သေပါစေ၊ ကားတိုက်၍သေပါစေ အစရှိသဖြင့် များစွာ ကျိန်ဆဲ ရေရွတ် တတ်ကြကုန်၏။

ထိုသို့ ကျိန်ဆိုဆဲရေးခြင်းသည် သစ်ကြိတ်မှ ထွက်သော မီး သည် အခြားဝတ္ထု ကိုကား မလောင်၊ မိမိမှီရာ သစ်ပင် ကိုသာ လောင်သကဲ့သို့ရင်း၊ လေညာသို့ ရှေးရှုလွှင့်အပ်သော မြူသည် အရပ်တပါးသို့မသွား လွှင့်သောသူ၏ မျက်နှာကိုသာ ပြန်၍ ကပ်ရောက်သကဲ့သို့ရင်း၊ ထို့အတူ မိမိကျိန်ဆို ဆဲရေးအပ်သော ယုတ်မာ ကြမ်းကြုတ်သော ဖရုသဝါစာ စေတနာ သည်လည်း မိမိရည်ညွှန်းအပ်သော သူတပါးတို့ ထံသို့ကား မသွား၊ မိမိအား သာလျှင် မိမိနှုတ်က ထုတ်ဖော်ဆဲရေးသော စကား အမည်သညာ အတိုင်း ပြန်၍ ဘေးအန္တရာယ် ရောက်တတ်ကုန်၏။

သမ္ဗလာပ်ကံ

(အကျိုးမရှိ ပိန်ဖျင်းသော စကားကို ဆိုခြင်း)

နတ်ရွာ နိဗ္ဗာန် ချဉ်းကပ်ဖို့ နှင့် ဆန့်ကျင်ဘက် ဖြစ်သော စကားကို ဆိုလိုသည်။

ဤသမ္ဖပ္ပလာပ၌ အကျုံးဝင်သော တိရစ္ဆာန် နကထာ သုံးဆယ့်နှစ်ပါးကို သိသကွန့်ပါဠိတော်သာမညဖလသုတ်၌ ဟောတော်မူသည်။ ထိုသုံးဆယ့်နှစ်ပါးသော စကားတို့သည်ကား

၁။ ရာဇကထံ မင်းနှင့်စပ်သော စကား
၂။ စောရကထံ ခိုးသူနှင့်စပ်သော စကား
၃။ အာနတ္တိယကထံ စခိုင်း၍ ဖြစ်စေအပ်သောစကား
၄။ မဟာမတ္တကထံ အမတ်ကြီးနှင့်စပ်သော စကား
၅။ သေနာကထံ စစ်သည်နှင့် စပ်သော စကား
၆။ ယုဒ္ဓကထံ စစ်ထိုးခြင်းနှင့် စပ်သော စကား
၇။ အန္နကထံ ထမင်းနှင့် စပ်သော စကား
၈။ ပါနကထံ အဖျော်နှင့် စပ်သော စကား
၉။ ဝတ္ထကထံ အပတ်နှင့် စပ်သော စကား
၁၀။ သယနကထံ အိပ်ရာနေရာနှင့် စပ်သော စကား

၁၁။ မာလာကထံ ပန်းနှင့်စပ်သော စကား
၁၂။ ဂန္ဓကထံ နံ့သာနှင့်စပ်သော စကား
၁၃။ ဉာတိကထံ ဆွေမျိုးနှင့် စပ်သော စကား
၁၄။ ယာနကထံ ယာဉ်နှင့် စပ်သော စကား
၁၅။ ဂါမကထံ ရွာနှင့်စပ်သော စကား
၁၆။ နိဂမကထံ နိဂုံးနှင့်စပ်သော စကား
၁၇။ နဂရကထံ မြို့နှင့်စပ်သော စကား
၁၈။ ဇနပဒကထံ ဇနပုဒ်နှင့်စပ်သော စကား
၁၉။ ဣတ္ထိကထံ မိန်းမနှင့် စပ်သော စကား
၂၀။ ပုရိသကထံ ယောကျ်ားနှင့် စပ်သော စကား
၂၁။ ကုမာလကထံ လုလင်ပျိုနှင့် စပ်သော စကား
၂၂။ ကုမာရီကထံ မိန်းမပျိုနှင့်စပ်သော စကား
၂၃။ သူရကထံ ရဲရင့်ခြင်းနှင့်စပ်သော စကား
၂၄။ ဝိသိခါကထံ ခရီးနှင့်စပ်သော စကား
၂၅။ ဝိသိခက-ကထံ ခရီး၌နေသောသူနှင့်စပ်သော စကား
၂၆။ ကုမ္ဘဋ္ဌာနကထံ ရေဆိပ်နှင့် စပ်သော စကား
၂၇။ ကုမ္ဘဒါသီကထံ ရေရွတ်သောကျွန်မနှင့်စပ်သောစကား
၂၈။ ပုဗ္ဗပေတကထံ ရှေးပျက်စီးသော ဆွေးမျိုးနှင့် စပ်သော စကား

၂၉။ နာနတ္တကထံ အထူးထူးသော စကား
၃၀။ လောကက္ခာယိထံ လောကကို ဖန်ဆင်းသည်နှင့် စပ်သော စကား

၃၁။ သမုဒ္ဒက္ခာယိထံ — သမုဒ္ဒရာကိုဖန်ဆင်းသည်နှင့်စပ်သော စကား

၃၂။ ဣတိဘာဝါဘာဝကထံ — ဤသို့ပွား၏၊ ဤသို့ဆုတ်၏ဟူသော စကား

ဤသုံးဆယ့်နှစ်ပါးသော စကားတို့သည် နတ်ရွာနိဗ္ဗာန် မဂ်ဖိုလ်နှင့်ဆန့်ကျင်ဘက် ဖြစ်သောကြောင့် အကျိုးစီးပွားမရှိသော တိရစ္ဆာန်နကထာ မည်ကုန်၏။

သမ္ဗပ္ပလာပ

ဖြိန်ဖျင်းစကား ပြောကြားရှေးဆို၊ ဩဇာမရောက် စိတ်နောက်ယှင်းယို၊ အာဃာတမရှ ဘဝထိုထို၊ ရှောင်သူများ ခန့်ငြားလူတိုင်းလို။

သံမွုပ္ပလာပက ၏ အပြစ်ပြ
ကချေသည်အကြီးအမှူး ဂါမဏိဝတ္ထု

တရံရောအခါ မြတ်စွာဘုရား သခင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ကိန်းဆောင်း မွေ့လျော် နေတော်မူ၏။ ထိုအခါ အညာမှကြွေကျသော ထန်းသီးမှည့်ကဲ့သို့ ကြည်လင်သော မျက်နှာရှိသောကြောင့် 'တာလပုဋ' အမည် ရှိသော ပဉ္စမဘာဝိကဖြစ်သော အထောင်သော ကချေသည်တို့၏ အကြီးအမှူးဖြစ်သော ဂါမဏိသည် ရင့်သောဉာဏ်ရှိသည်၏ အဖြစ်ကြောင့် အခြံအရံနှင့် တကွ သဗ္ဗညုဘုရားသို့ ကပ်ပြီးလျှင် "ဘုန်းတော်ကြီးလှသော အရှင်ဘုရား၊ အကြင် ကချေသည်တို့သည် ပွဲသဘင်၏ အလယ်၌ မှန်သော အမှုကို ချွတ်ယွင်း ပျက်စီးသော အမှုဖြင့် ပွဲသဘင်၏ အလယ်၌ ပွဲသဘင်ကြည့်သူ အပေါင်းကို ရွှင်လန်းဝမ်းမြောက်စေလျက် နှစ်သက် မွေ့လျော် ပျော်ပါးစေ၏။ ထိုကချေသည်သည် သေသည်မှ နောက်၌ ပဟာသ

အမည်ရှိသော နတ်သမီးတို့၏ အပေါင်းအဖော်အဖြစ်သို့ ရောက်၏ဟု ရှေ့အဆက်ဆက်က ဖြစ်ကုန်သော ကချေသည် ဆရာတို့ထံမှ ဤစကားကို ကြားဘူးပါသည်။ ဤအရာ၌ ဘုန်းတော်ကြီးလှသော ဘုရား အဘယ်သို့ အယူရှိတော်မူပါသနည်း”ဟု မေးလျှောက်၏။ သဗ္ဗညုဘုရားလည်း“ဂါမဏိ၊ သင်သည်ဤစကားကို ငါဘုရားအား မမေးလင့်”ဟုသုံးကြိမ်တိုင်အောင်ပယ်တော်မူ၏။ ယင်းသို့ ပယ်တော်မူလျက် သုံး ကြိမ် တိုင် အောင် ပင် ထပ် ၍ လျှောက်၏။

သဗ္ဗညုဘုရားလည်း “သင့်ကို ငါမမေးမလျှောက်နှင့်ဟု ပယ်တော်မူလျက် သုံးကြိမ်တိုင်အောင် ထပ်၍ မေးသည်။ ယင်းသို့ ဖြစ်သောကြောင့် သင့်အား ငါမိန့်ကြားအံ့၊ ဂါမဏိ ရှေးအခါ သတ္တဝါတို့သည် မကင်းသော ရာဂ၊ ဒေါသ၊ မောဟ ရှိကုန်၏။ ရာဂ၊ ဒေါသ၊ မောဟ တည်းဟူသော အနှောင်အဖွဲ့ဖြင့် နှောင်ဖွဲ့ခြင်း ရှိကုန်၏။ ကချေသည်သည် ထိုသတ္တဝါတို့ အလယ်သို့ ဝင်၍ သတ္တဝါတို့အား လွန်စွာတပ်နှစ်သက်ခြင်း၊ အမျက်ထွက်ခြင်း၊ မိုက်မဲတွေဝေစေတတ်သော အာရုံတို့ကို အနီးသို့ဆောင်၏။ ထိုကချေသည်သည်၊ မိမိလည်း လွန်စွာမေ့လျော့လျက်၊ သူတပါးတို့ကိုလည်း လွန်စွာမေ့သောကြောင့် သေသည့်မှ နောက်၌ ပဟာသ အမည်ရှိသော ငရဲ၌ ဖြစ်၏”

"ပဟာသောနာမနိရယော တတ္ထဥပပဇ္ဇတိ။ ပဟာသ အမည်ရှိသော ငရဲသည် ရှိ၏။ ထိုပဟာသနငရဲ၌ ဖြစ်၏။

ပဟာသငရဲဟူသည် အသီးအခြား မရှိ။ စင်စစ်မူကား အဝီစိ သာလျှင် တခုသောအရပ် အဖို့၌ ကကုန်သီကုန်သကဲ့သို့ ကချေသည် အသွင်ကိုယူ၍သာ ကျက်ရကုန်၏။ထိုကျက်ရာအရပ် ကိုသာ ပဟာသ ငရဲဟု ဟောတော်မူသည်။

အဘိဇ္ဈာကံ

(သူတပါး၏ စည်းစိမ်ချမ်းသာကို ငါ့စည်းစိမ် ငါ့ချမ်းသာ ဖြစ်ပါမူ ကောင်းလေစွ ဟု မိမိသို့ရှေးရှု၍ အလိုရမက် ဖြစ်လျက် တိုးတက်နေသူကို ပျက်ဆီးစေခြင်း ဖြစ်သည်။

သူပိုင်နက်ကို ကိုယ့်ဘက်ဖြစ်လို တကြောင်းကြကြ တောင့်တ
ရှေးဆို၊ ရန်မျိုးငါးကြောင့် ပျက်ပြားယွင်းယို၊ ရှောင်သူများ
ခန့်ပြားလူတိုင်းလို။

အာတိဋ္ဌာကာံ၏ အပြစ်ကိုပြသော

အာဂန္တုက သူဌေးဝတ္ထု

သဗ္ဗညု မြတ်စွာဘုရား သခင်သည် သာဝတ္ထိပြည်ဇေတဝန် ကျောင်း တော် ကြီး ၌ သီတင်း သုံး နေ တော် မူ သောအခါ အာဂန္တုက အမည်ရှိသော သူဌေးကြီး တယောက်သည် ပစ္စည်း ဥစ္စာ ပေါများစွာရှိ၍ မိမိလည်း ကောင်းစွာ မသုံးဆောင်၊ သူတပါးအားလည်း မပေးမစွန့်နိုင်၊ ဒကရက္ခိုက်စောင့်သော ရေကန်ကဲ့သို့ စောင့်နေသူလည်း မသုံးဆောင်ရ၊ တပါးသူတို့လည်း သုံးဆောင်ခွင့်မရ ဖြစ်နေ၏။ ထိုသူဌေးကြီး၌ သားသမီးအမွေခံလည်းမရှိပေ။

တရံရောအခါ ထိုအာဂန္တုက သူဌေးကြီး စုတေလျှင် အမွေဆက်ခံသူ ကင်းသော ပစ္စည်းဖြစ်၍ ပသေနဒီ ကောသလမင်းကြီးသည် နန်းတော်သို့ဆောင်၍ သိမ်းဆည်းလေ၏။ ကောသလမင်းကြီးလည်း ထိုပစ္စည်းများကို သိမ်းဆည်းရသဖြင့် ခုနစ်ရက်

ပတ်လုံး ဘုရားသခင် ကျောင်းတော်သို့မရောက်နိုင်၊ သိမ်းဆည်းပြီး၍ရှစ်ရက်မြောက်သောနေ့မှ နေ့မွန်းတည့် အချိန်တွင် ကျောင်းတော်သို့သွားပြီးလျှင် မြတ်စွာဘုရားအားရှိခိုးလျက် ဘုရားရှေ့၌ တည်၏။

သဗ္ဗညုမြတ်စွာဘုရားသခင်က "ဒါယကာမင်းကြီး၊ ခုနစ်ရက်ပတ်လုံး ကျောင်းတော်သို့မလာရောက်မူ၍ ယနေ့မွန်းတည့်အခါမှ အဘယ်ကြောင့် လာဘိသနည်း" ဟု မေးတော်မူလတ်သော် ထိုအာဂန္တုကသူဌေး အကြောင်းအလုံးအစုံနှင့်တကွပစ္စည်းတို့ကို သိမ်းဆည်း ရသော အဖြစ်တို့ကို လျှောက်ပြီးမှ ဤသို့တဖန်နားတော်လျှောက်ပြန်၏။

"ဘုန်းတော်ကြီးလှသောမြတ်စွာဘုရား၊ဤအာဂန္တုကသူဌေးသည် အဘယ်ကြောင့် ပစ္စည်းဥစ္စာ ပေါများစွာဖြစ်ရပါသနည်း၊ အဘယ့်ကြောင့်ပစ္စည်းဥစ္စာတို့ကို ကောင်းစွာ မသုံးမဆောင်နိုင်ပါသနည်း၊ ပစ္စည်း၏ အမွေခံ သားသမီးသည်လည်း အဘယ့်ကြောင့် ကင်းရပါလေသနည်း" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားက ဤသို့ ပြန်လည် ဖြေကြားတော်မူ၏။ "ဒါယကာမင်းကြီး၊ဤအလုံးစုံသောအဖြစ်အပျက်တို့သည် ရှေး၌ အာဂန္တုက သူဌေးပြုအပ်သော အကြောင်းကြောင့်သာလျှင်ဖြစ်သတည်း။ ဒါယကာမင်းကြီး၊ဤအာဂန္တုကသူဌေးသည် ရှေးလွန်လေပြီးသော အခါ ဗာရဏသီပြည်၌ သူဌေးပင်လျှင်ဖြစ်၍ နန်းတော်သို့ ဝင်ထွက်သွားစရာရှိ၍သွားမည်ရှိစဉ် တဂ္ဂရသိခိအမည်ရှိသော အရှင်ပစ္စေကဗုဒ္ဓါ ဆွမ်းခံကြွသည်ကို မြင်၍

"အရှင်အား ဆွမ်းကိုလှူဒါန်းလော" ဟု သူဌေး ကတော်အား ဆို၍နန်းတော်သို့သွားလေ၏။ သူဌေးကတော်လည်း သူတပါးတို့အား ပေးလှူလော့ဟု တကြိမ်တခါမျှ မဆိုဘူးသော သူဌေး၏ စကားကိုကြားရသဖြင့် ဝမ်းမြောက် ဝမ်းသာ ကောင်းမွန်မြိန်ယှက်စွာ ချက်ပြုတ်ပြင်ဆင်၍ အရှင် ပစ္စေကဗုဒ္ဓါ ဘုရားအား ဆက်ကပ် လှူဒါန်းလေ၏။ အရှင် ပစ္စေကဗုဒ္ဓါလည်း ဆွမ်းအနုမောဒနာပြု၍ ကြွတော်မူလေ၏။

သူဌေးလည်း နန်းတော်မှအပြန် ပစ္စေကဗုဒ္ဓါနှင့်တွေ့ပြန်လျှင် "အရှင်ဘုရား တစုံတခုကိုမျှ ရခဲ့ပါ၏လော" ဟု လျှောက်ထား၍ သပိတ်တော်ကို ကြည့်ရှုလေသော် အလွန် ကောင်းမြတ်သော ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကိုမြင်၍ "ငါသည်အလွန်မြတ်ထွတ်သော အရှင်အား ကောင်းမြတ်သော ဆွမ်းဘောဇဉ်တို့ကို လှူဒါန်းရပေပြီ၊ ကောင်းလေစွတကား" ဟု ဝမ်းမြောက်ဝမ်းသာ သဒ္ဓါပါမောဇ္ဇ ဖြစ်ရပါမည်ကို ဤသို့ ဝမ်းမြောက်ခြင်းကား မဖြစ်၊ "ငါသည် ဤမျှလောက် ကောင်းမြတ်သော ဝတ္ထုကိုငါ၏ ကျွန်အမှုလုပ်စသော သူတို့အား ကျွေးမွေး သုံးဆောင် စေရသည်ရှိသော် အလွန်ခဲယဉ်း ပင်ပမ်းခက်ခဲသော အမှုကို လုပ်စေသည်ရှိသော် မငြင်းမဆန် ဆောင်ရွက်အားထုတ်လေရာ၏။ ဤရဟန်းအား ပေးလှူကျွေးမွေးရခြင်းသည် ငါ့၌တစုံတခုသော အမှုကိုမျှ မပြီး၊ ငါ့၌ အကျိုးမရှိလေ" ဟု မသင့်သောအကြံဖြင့် ကြံပြန်၍ အလှူခံလက်၌ လှူပြီး၍ တည်သော ဆွမ်းပစ္စည်းကို မိမိသို့ တဖန် အာရုံညွတ်စေ ပြန်ဘိသည်။

တခုသော ဘဝ၌ကား ထိုသူဌေးသည်ပင်လျှင် ရဟန်းပြု၍နေသော အကို၏ အမွေခံသားကိုအမွေပစ္စည်း၌ ကြီးစွာတပ်မက်ခြင်းရှိသည်ဖြစ်သောကြောင့် သတ်ပုတ်လေ၏။ "ဒါယကာ မင်းကြီး၊ ဤသည်ကား အာဂန္တုကသူဌေးကြီးအဖို့ ရှေးကိုယ်၏ အပြစ်၌ ပြုခဲ့ဘူးသောကောင်းမှု မကောင်းမှုပင်တည်း။ ဒါယကာမင်းကြီး ဤသူဌေးသည် တဂ္ဂရသိခီအမည်ရှိသော အရှင်ပစ္စေကဗုဒ္ဓါအား မိန်မြတ်သော ဝတ္ထုကိုလှူဒါန်းခဲ့ဘူးသောကံ၏အကျိုးအားဖြင့် နတ်ပြည်၌ ခုနစ်ကြိမ် နတ်၏အဖြစ်ကိုရ၍ လူ့ပြည်၌ ခုနစ်ကြိမ် များသော စည်းစိမ်ဥစ္စာရှိသော သူဌေးကြီးဖြစ်ရလေ၏။ ထိုဒါန၌ အကြင် ဆိုအပ် ခဲ့ပြီးသော ပစ္ဆာ စေတနာသည် ပျက်၏။ ထိုသို့ ပစ္ဆာစေတနာ ပျက်သောကြောင့် ထို ဒါန အ ကျိုး ကို ကောင်းစွာ မသုံးဆောင် မခံစားနိုင်ခြင်း ဖြစ်သည်။

အကြင်အမွေပစ္စည်း၌ အားကြီးစွာတပ်မက်ခြင်းကြောင့်အကို၏ အမွေခံသားကို သတ်ပုတ်လေ၏။ ထိုကြောင့် များစွာသော ကာလပတ်လုံး ငရဲ၌ကျက်၍ [illegible] သော ဘဝတို့၌ အမွေခံသားမရှိသော အဖြစ်ဖြင့် မင်းဘဏ္ဍာသာ ဖြစ်ရ လေသတည်း။ မြတ်သောမင်းကြီး၊ ဤအာဂန္တုကသူဌေးသည် ရှေး၌ပြုခဲ့ဘူးသော ကောင်းမှုကံ၏အဟုန်သည်း ကုန်လေပြီ။ အသစ်အားဖြင့်ပြုအပ်သော ကောင်းမှုကံလည်း မရှိ၊ ယနေ့မှုကား ငါးခုမြောက်သော မဟာရောရုဝ ငရဲကြီး၌ ဖြစ်ရ လေ၏။" ဟု ဟောတော်မူ၏။

ဗျာပါဒကံ

ဒေါသစိတ်ဖြင့်သူတပါးကို (၀၁) အကျိုးစီးပွားကိုဖျက်ဆီးတတ်၏။ ထို့ကြောင့် ဗျာပါဒ မည်၏။

ထိုဗျာပါဒကံကြောင့် ဖြစ်ခဲ့ရသော ဝတ္ထုသက်သေသည်ကား အောက်ပါအတိုင်း ဖြစ်၏။

အသေတောင့်တ ဗျာပါဒကို၊ စာနာမရှိ ကြံမိရှေးဆို၊ ရောဂါထူထပ် မလှရုပ်ကို၊ ရှောင်သူများ ရပြားကောင်း ကျိုးကို။

ဗျာပါဒကံကိုပြသော ဥပ္ပိပါသာဝတ္ထု

ဃဋပဒါက်၏ အဖြစ်ကို ပြသော

ဥပ္ပပါသ ပြိတ္တာ ဝတ္ထု

လွန်လေပြီးသောအခါ ဂါသုဒေဝ၊ ဗလဒေဝ၊ စန္ဒာဒေဝ၊ သူရိယဒေဝ၊ အဂ္ဂိဒေဝ၊ ဝရုဏဒေဝ၊အဇ္ဇုန၊ သဇ္ဇုန၊ဃတပဏ္ဍိတ၊ အင်္ကုရဟူ၍ မင်းညီနောင် တကျိပ် နှစ်မတော် ကဏ္ဍနဒေဝီ။ ဤ မောင်တော်၊ နှမတော် တကျိပ်တယောက်တို့သည် ဒွါရဝတီမြို့၌ နေလျက် ဇမ္ဗူဒိပါ ကျွန်းအပြင်ဘက်ခြောက်သောင်းသုံးထောင် သော မြို့တို့ကို ဆယ်စုဆယ်ပုံ ဝေပြီးလျှင် မင်းပြုကြကုန်၏။

ထိုမင်းတို့၏ ညီတော် အငယ်ဆုံ ဖြစ်သော အင်္ကုရမင်းသား သည်ကား မင်းအဖြစ်ကို မယူမူ၍ ကုန်သည် အလုပ်ကို ပြုလျက် အသက်မွေး၏။ ထို အင်္ကုရမင်းသား၏ ဘဏ္ဍာစိုး တယောက်သည်

အရှင်၏ အမှုကြီးငယ်ကို ကောင်းစွာဆောင်သဖြင့် မင်းသားသည် ထိုဘဏ္ဍာစိုးကို နှစ်သက်သောကြောင့် များစွာသော ဆုလာဘ် စားကျေး လစာရိက္ခာကိုပေး၍ ချီးမြှင့်ပြုစု၏။

တရံရောအခါ ဘဏ္ဍာစိုးသေဆုံးခဲ့သော် ဘဏ္ဍာစိုး၏ သားငယ်ကိုပင် ဆုလာဘ်များစွာပေး၍ ကျွေးမွေး ချီးမြှင့်၏။

ထို သူငယ်သည် အရွယ်သို့ရောက်လျှင် ဒွါရာဝတီမြို့ မင်းသား၏ ချီးမြှောက်ခြင်းကို မခံယူတော့ဘဲ၊ ၎င်းမြို့မှ တခြား ဖြစ်သော ရောရုဝမြို့သို့ သွား၍ အပ်လျှိုအပ်ချုပ်အတတ်ဖြင့် အသက်မွေး၏။ ထို ရောရုဝမြို့၌ အသယု အမည်ရှိသော သူဌေးကြီးသည် သဒ္ဓါတရားနှင့် ပြည့်စုံသည်ဖြစ်၍ မိမိအိမ်၌ အလှူ တင်းကုတ် ဆောက်လုပ်ပြီးလျှင် များစွာသော ခရီးသွား ဧည့်သည် ဖုန်းတောင်း ယာစကာစသော အလှူခံ ပုဂ္ဂိုလ်တို့အား အဝတ် အစားများ၊ ရိက္ခာစသော အသုံးအဆောင်တို့ကိုနေ့စဉ်မပြတ် ပေးကမ်းလှူဒါန်း စွန့်ကြဲ၏။

အပ်လျှိုသမားသည် ထိုသူဌေး၏ အလှူပေးသည်ကို မြင်လျှင် ဤသူဌေးကြီးကား ရှေးကပြုခဲ့ဘူးသော ကောင်းမှုကံ အားကြီးသူဖြစ်၍ ယခုဘဝ၌များစွာသော ပစ္စည်း ဥစ္စာတို့နှင့်လည်းပြည့်စုံသည်၊ သဒ္ဓါတရားနှင့်လည်း ပြည့်စုံသည်။ အကြောင်းနှစ်ပါး စုံညီ၍ နတ်ပြည်သို့ရောက်ကြောင်း ကောင်းမှုကုသိုလ်ကို နေ့စဉ်ပြုရပေသည်။

ငါမှာမူကား အလွန်ဆင်းရဲသောကြောင့် တမလွန်ဘဝအဖို့ရာ ဒါနကို မပြုနိုင်ချေ။ ထို သူဌေး၏ အလှူကိုသာ မှီ၍ ကောင်းမှုဖြစ်စေအံ့ဟု ကြံလျက် လမ်းဆုံ လမ်းမသို့ ထွက်ပြီးလျှင် အသယု

သူဌေးကြီးအိမ်ကိုမသိကုန်သောအလှူခံတို့အား အမိ၊ အဖ၊ အကို၊ အမ၊ ညီ၊ နှမ တို့သဖွယ် အရွယ်အားလျော်စွာ မေတ္တာဖြင့်ပျို့သော စိတ်ကို ဖြစ်စေလျက်၊ ဤခရီးဖြင့်သွား၍ ဤအရပ်၊ ဤလမ်းသို့ သာ ဝင်ပါ၊ အသယှသူဌေးကြီးသည် အလိုရှိသောပစ္စည်းဝတ္ထုကို ပေးလှူပါလိမ့်မည် ဟု ချစ်ကြည်လှစွာ သာယာ ရှင်လန်းသော စေတနာတို့ဖြင့် ဝမ်းမြောက်သောအမူအယာဖြင့် လက်ျာလက်ညှိုး ကို ထိုးပြီးလျှင် ခရီးနေ့စဉ်ညွှန်ကြား၏။

ထို အပ်လျှိုသမားသည် တရံရောအခါ အမှတ်မရှိသော အနာ ဖြင့် သေသည်ရှိသော် အလှူခံပုဂ္ဂိုလ်တို့အား လက်ညှိုးထိုး လမ်း ညွှန်ပြီးလျှင် ကြည်ညိုစွာခရီးညွှန်ကြားခြင်း၊ ကာယဝေယျာဝစ္စ အဗျာပါဒ မနောကံ ကုသိုလ်စေတနာကြောင့် မရုကန္တာရ အရပ် တွင် အစောက်အဂန်း လေး ယူဇနာရှိသော ပညောင်ပင်ကြီး၌ တန်ခိုးကြီးသော ရုက္ခစိုးနတ်ဖြစ်၍ အကြောင်းနှင့်လျော်စွာအလို ရှိ၍ မိမိလက်ညှိုးကိုညွှန်သည်ရှိသော် ရတနာ ရွှေ-ငွေ၊ဆန်ရေစပါး၊ ဝတ်စားတန်ဆာတို့သည် လက်ညှိုးညွှန်တိုင်း အလို အလျောက် ထွက်၍ ရ၏။

ထို အသယှ သူဌေးကြီး၏ အလှူ၌ အကြီးအကြပ်ထားသော တယောက်သော ပုဂ္ဂိုလ်သည် သဒ္ဓါကြည်ညိုခြင်း မရှိ၊ မစ္ဆရိယာ ဗျာပါဒ အားကြီးလှသောကြောင့် အလှူခံတို့ လာသည်ကို မြင် လျှင် မပေး မလှူရအောင် ကုန်ပြီ၊ မရှိတော့ဟု အဝေးကပင် မိမိကိုယ်ကိုပြလျက် အရပ်တပါး ဖဲသွားခြင်း၊ မလွဲသာ၍ ပေးရ ပြန်လျှင်လည်း ကြည်ညိုသောစိတ်၊ ယခုပြည်သူ့အရောင်း တချို့ ကဲ့သို့ စေတနာ မရှိ။ ခြေလက် မျက်နှာတို့ကို တွန့်လိမ် ကောက်

ကွေးခြင်း၊ မကြည်သာသော မျက်နှာ မျက်စိဖြင့် ကြည့်ရှုခြင်းတို့ကို ပြု၏။ ထိုသူလည်း နောက်အခါ သေလွန်၍ မရကန္တာရ၌ ဘုမ္မစိုးနတ်၏ ဗိမာန်အနီးတွင် မွတ်သိပ် လှစွာသော ဥပ္ပပါသ ပြိတ္တာဖြစ်လေ၏။

တရံရောအခါ အကုံရမင်းသားသည် အဖော်ပုဏ္ဏားတယောက်နှင့်တကွ လှည်းတထောင်တို့ဖြင့် ကုန်သွယ်သွားသည်ရှိသော် ခရီးလမ်းမှားသဖြင့် ကန္တာရတွင် ဘုမ္မစိုးနတ်၏ ဗိမာန်ညောင်ပင်သို့ရောက်လေ၏။

ဘုမ္မစိုးနတ်လည်း ရှေးဘဝကပြုခဲ့ဘူးသော ကျေးဇူးကိုအောက်မေ့သဖြင့် ကျေးဇူးတုန့်လှယ် ကယ်ဆယ်ပေးခြင်ငှာ အကုံရ မင်းသား၏ လှည်းသား၊ နွား၊လူတို့နှင့်တကွ သုံးဆောင် စားသောက်၍ မကုန်နိုင်အောင် မိမိလက်ညှိုးကိုညွှန်၍ မြက်၊ ရေ၊ ဘောဇဉ်၊ ထမင်း၊အဖျော် စသည်တို့ကို ပေး၏။အဝတ်၊ ပုဆိုး စသည်တို့ကိုလည်း ပေး၏။

ထိုအခါ အကုံရမင်းသားသည် ဘုမ္မစိုးနတ်အား "အရှင်နတ်မင်း၊ သင်၏ လက်ညှိုးသည် တန်ခိုးကြီးပေစွ၊ အလိုခပ်သိမ်းကိုပင် စိတ်တွင်ကြံစည်တိုင်း ပြီးစေနိုင်သည်။ သိကြားမင်းပင် ဖြစ်လေသလော၊ အဘယ်သို့သော ကုသိုလ် ကောင်းမှုကို ပြုခဲ့ဘူး၍ ထူးမြက်သော လက်ညှိုးကို ရပေသနည်း" ဟု မေး၏။

ဘုမ္မစိုးနတ်လည်း "မင်းသား... ငါသည် သိကြားမဟုတ်၊ ဤညောင်ပင်၏ ဗိမာန်ကိုသာ အစိုးရသော ရုက္ခစိုး နတ်တည်း။ ရှေးလူဖြစ်သောအခါ ရောရုဝမြို့တွင် အပ်ချုပ်သမားဖြစ်၍ ဆင်းရဲငြိုငြင်လှသောကြောင့် တစုံတခုသော ဒါနကိုမျှ မပြုခဲ့ရဘူးချေ။

ထိုရောရုဝမြို့၌ အသယ် အမည်ရှိသော သူဌေးကြီးသည် နေ့စဉ်မပြတ် ပေးအပ်သောအလှူတွင် အလှူခံ ပုဂ္ဂိုလ်တို့အား ကြည်ညိုလှစွာသော မေတ္တာ စေတနာထားလျက် လမ်းညွှန်ပေးခြင်း အမှုကို လက်ညှိုးဖြင့် ပြုခဲ့ဘူး၏။ ထို ကုသိုလ်ကြောင့် အလိုခပ်သိမ်းကို ပြီးစေနိုင်သော လက်ညှိုးနှင့် တကွ ရုက္ခစိုးနတ် ဖြစ်ရသည်" ဟု ပြော၏။

အင်္ကုရမင်းသားလည်း "အရှင်နတ်မင်း၊ မိမိသည် တစုံတခုသော ဝတ္ထုပစ္စည်းကိုမျှ တဘဝလုံး အသက်ဆုံးအောင်ပင် ပေးလှူခွင့် မရ၊ သူတပါးအလှူကို ကြည်ဖြူမြတ်နိုး၍ လက်ညှိုးညွှန်ကာမျှဖြစ်သော ကုသိုလ်၏ အကျိုးအာနိသင်ကို ယခု ကိုယ်တွေ့မြင်ကြားသိရသည်ကား အလွန်အံ့ဩဖွယ် ရှိပေစွ၊ ဥစ္စာ ကိုယ်ပိုင်ကိုယ့်လက်ကိုင်၍ ပေးလှူရသော ဒါနပတိ အလှူ၏ အရှင်မှာမူ ဆိုဘွယ်ရာ မရှိလင့်ပြီ။ ကျွန်ုပ်လည်း ဒွါရာဝတီမြို့သို့ ရောက်လျှင် ရေကန်၊ ရေတွင်း၊ ထမင်းအစာမျိုး ရိက္ခာစသော လှူဘွယ်ဝတ္ထုတို့ကို တခုမကျန်စေရ၊ များစွာ ပေးလှူတော့အံ့" ဟုဆို၏။ ရုက္ခစိုးနတ်လည်း အလွန်နှစ်သက်သဖြင့် "အဆွေမင်းသား တွန့်တိုခြင်း မရှိဘဲ ရဲရဲဝံ့ဝံ့သာ ပေးလှူပါလော၊ ပစ္စည်း ဥစ္စာမှာ ငါ တာဝန်သာ ဖြစ်ပါစေ" ဟု ဆို၏။

ဤသို့ နတ်မင်းနှင့် မင်းသားတို့ စကားပြောဆိုကြပြီးလျှင် လှည်းတို့ လိုရာခရီး အစဉ်အတိုင်း မောင်းနှင်သည် ရှိသော် တခုသောလမ်း၌ မြည်တမ်းငိုကြွေးလျက်လာသော ပြိတ္တာကို တွေ့မြင်

လေ၏။ အင်္ဂုလိမာလ မင်းသားသည်း ထို ပြိတ္တာကိုမြင်လျှင် "အချင်း ယောကျ်ား သင်၏လက်ခြေအင်္ဂါ၊မျက်နှာ မျက်ခွက်တို့သည် ကောက်ကွေ့ရွဲ့စောင်းလျက် မျက်စိမှမစင်ကဲ့သို့ ရွံရှာဘွယ် အရေဒိုးဒီး ယိုကျစီး၍ ကြီးစွာဟစ်အော် ငိုကြွေးနေ၏။ သင့်ကို အဘယ် အမျိုးအနွယ်၊ အဘယ်ပုဂ္ဂိုလ်ဆိုရအံ့နည်း အဘယ်သို့သော မကောင်းမှုကို ပြုခဲ့ဘူး၍ ဤသို့သဘောရှိသော ကိုယ်အင်္ဂါဖြင့် ကြီးစွာသော ဆင်းရဲဒုက္ခကို ခံရလေသနည်း" ဟု မေး၏။

ပြိတ္တာလည်း "အင်္ဂုလိမာလမင်းသား၊ ငါသည် ရှေး လူဖြစ်စဉ် အခါ အသယ် သူဌေးကြီး၏ ပေးလှူသော အလှူတွင် ထပ်တူ ကိုယ်စား အကြီးထားသောသူပင် ဖြစ်ပါသည်။ ထိုအခါ ငါသည် အလှူခံပုဂ္ဂိုလ်တို့ကို မကြည်မညို ဝန်တိုမိစ္ဆာ ယုတ်မာသော မစ္ဆရိယဗျာပါဒစိတ် ရှိသည်ဖြစ်၍ အလှူခံပုဂ္ဂိုလ်တို့ကိုမြင်လျှင် မပေးမကမ်းရအောင် မိမိကိုယ်ကိုပြ၍ အရပ်တပါးဖဲသွားရှောင်လွှဲခြင်း၊ ပေးပြန်ရလျှင်လည်း လက်ခြေ ကောက်ကွေး၊ လေးလံ့ကန့်ကွက်၊ မရက်မရော နှစ်မြော်တွန့်တိုခြင်း၊ အလှူခံပုဂ္ဂိုလ်ကို မကြည်ညိုသော မျက်စိမျက်စောင်း၊ မကောင်းသဖြင့်သာ ကြည့်ရှုခြင်း၊ ဤသို့ ဆိုအပ်သော မကောင်းမှုတို့ကြောင့် ယခုဘဝ၌ မွတ်သိပ်လှသော ပြိတ္တာဘုံသို့ရောက်၍ ကောက်ကွေ့ရွဲ့စောင်း မကောင်းသောအင်္ဂါ ခြေလက်စက်ဆုပ်ဘွယ် ခန္ဓာကိုရ၍ ကြီးလှစွာသော ဆင်းရဲကို အမြဲခံနေရလေသတည်း"ဟု ပြောလေ၏။

ထိုပြိတ္တာစကားကို မင်းသားကြားလျှင် "ယောက်ကျ်ားယုတ်၊ သင်သည် မိမိပစ္စည်းဥစ္စာကို သဒ္ဓါကြည်ဖြူ ပေးလှူနိုင်မည်ကို

ကား မဆိုလင့်ဦး၊ ကိုယ်နှင့် မစပ် မဆိုင်၊ မပိုင်သော သူတပါး၏ အလှူဝတ္ထုကိုပင် ဝန်တိုမိစွာ ယုတ်မာသော စိတ်သဘောဖြင့် နှမြောတွန့်တိုချေသေး၏တကား”ဟု များစွာကဲ့ရဲ့၍ သွားသဖြင့် ဒွါရာဝတီမြို့သို့ရောက်လျှင် အလှူတင်းကုတ်တိုက် ဆောက်လုပ်စေ၍ အနှစ်တသောင်းကျော် ကာလပတ်လုံး နေ့စဉ်မပြတ် အလှူကြီးကိုပေးလှူသဖြင့် သေသည်၏ အခြားမဲ့၌ တာဝတိံသာ နတ်ပြည်သို့ ရောက်ရလေ၏။

ဤဝတ္ထု၌ ဘုမ္မစိုးနတ်သည် ရှေး လူဖြစ်စဉ်အခါ အသယ သူဌေးအလှူကို ခံယူအံ့သောငှာ လာကုန်သော ပုဂ္ဂိုလ်တို့အား ပြည့်စုံစေလိုသော စေတနာမေတ္တာ ရှေ့ထားလျက် လက်ညှိုးညွှန်ပြခြင်း၊ ကာယဝေယျာဝစ္စ၊ အဗျာပါဒ မနောကံ၏ အစွမ်းကြောင့် နတ်အဖြစ်ကိုရ၍ ပဝတ္တိအခါ၌လည်း ကြီးစွာသော တန်ခိုးနှင့်ယှဉ်သော လက်ညှိုးကိုရတိသကဲ့သို့၊ ထိုအတူ ထို ပြိတ္တာသည်လည်း ရှေး လူဖြစ်စဉ်အခါ အသယ သူဌေး၏ အလှူကို ရွက်ဆောင်သည်ရှိသော် အလှူခံပုဂ္ဂိုလ်တို့ကိုမြင်လျှင် မပြည့်မစုံစေလိုငြိုငြင် ညစ်ညူးသော မနောရစိတ်ဖြင့် ဆိုပိတ် ဝန်တိုလျက်ကောင်းစွာ မကြည့် မရှု၊ မပေးမကမ်း ကြမ်းကြုတ် ယုတ်မာစွာသော အကုသိုလ်ဗျာပါဒ မနောကံ၏ အစွမ်းဖြင့် ပြိတ္တာ အဖြစ်ကိုရ၍ ပဝတ္တိအခါ၌လည်း အကြောင်းနှင့်တူစွာ မျက်နှာ၊ လက်ခြေတို့သည် အနေမကျဖြစ်လာ၍ ကြီးလှစွာသော ဆင်းရဲတို့ကို အမြဲခံနေရလေသတည်း။

မိစ္ဆာဒိဋ္ဌိကံ

တရားသဘောကို ဖောက်ပြန်သောအားဖြင့် မြင်တတ်သောကြောင့် မိစ္ဆာဒိဋ္ဌိဟု ဆိုသည်။

ဒုစရိုက်ဆယ်ပါး၊ သုစရိုက်ဆယ်ပါး ဟုဆိုအပ်သော ကုသိုလ်၊ အကုသိုလ်၏ အကျိုးကို ခံစားရရှိခြင်း မရှိဟု ကံ၏ အကျိုးကို မြစ်တား၍ယူသော နတ္ထိကဒိဋ္ဌိ၊ သတ္တဝါတို့၏ ဖြစ်ရာအကြောင်း၊ သံသရာ၏စင်ကြယ်ရာ စင်ကြယ်ကြောင်း မရှိဟု အကြောင်းကို မြစ်တား၍ ယူသော အဟေတုကဒိဋ္ဌိ၊ တစုံတခု တစိုးတစိသော ကုသိုလ် အကုသိုလ်ကံမည်သည် မရှိ၊ ဒါန- သီလ ပါဏာတိပါတစသည်ကိုပြု၍ ကုသိုလ်၊ အကုသိုလ် မဖြစ်ဟု ကံကို မြစ်တား၍ ယူသော အကြိယဒိဋ္ဌိဟု ဆိုအပ်သော ဒိဋ္ဌိတို့သည် မိစ္ဆာဒိဋ္ဌိမည်ကုန်၏။

မိစ္ဆာဒိဋ္ဌိယူသည့်ပုဂ္ဂိုလ်၊ ငတိလွဲက ငရဲရောက်ဆို၊ ကျောက်ခဲ
အစုန်၌ မြှုပ်ပြပုံလို၊ နိယတ—ထုတ်ပြကျမ်း ဆိုဆို။

မိစ္ဆာဒိဋ္ဌိကံပြ ဝတ္ထု

မိစ္ဆာဒိဋ္ဌိကံကို ကျူးလွန်သဖြင့်

အပြစ် ခံရသော ကောရခတ္တိယမာ၀ တ္ထု

တရံရောအခါ မြတ်စွာဘုရား သခင်သည် ထုလဇနပုဒ်၌ ဥတ္တရကာ အမည်ရှိသော နိဂုံးကို ဆွမ်းခံအမှီပြု၍ နေတော်မူ၏။ ထိုအခါ သုနက္ခတ္တရဟန်းကို နောက်လိုက် ရဟန်းပြုတော်မူ၍ ဥတ္တရကာ နိဂုံးသို့ဆွမ်းခံဝင်တော်မူရာ အဝတ်မဆည်း၊ အချည်း နှီး နေသော ခွေးကဲ့သို့ နမ်းပြီးမှ စားခြင်း၊ ခုံလောက်ကြား၌ အိပ်ခြင်း၊ သည်မှတပါး ခွေး၏အမူအရာကိုသာ ပြုသည်ဖြစ်၍ ဆောက်တည် အပ်သော ခွေး၏အကျင့်ရှိသော ပုဆစ်နှစ်ဖက်၊ တထောင်နှစ်ဖက်တို့ကို မြေ၌တွား၍ သွားလာလှည့်ပတ်သော ကောရခတ္တိယအမည်

ရှိသော တိတ္ထိကို လိစ္ဆဝီမင်းသားရဟန်း သုနက္ခတ္တသည် နောက်တော်မှလိုက်လျက် မြင်လျှင် "ဤ ရဟန်းကား.... ကောင်းသော သဘောရှိ၏၊ အလိုနည်းသည်ဖြစ်၍ ခွေးကဲ့သို့သာ ကျင့်ပေ၏"ဟု ကြံ၏။

ထိုအကြံကိုဘုရားသဗ္ဗညုသိတော်မူ၍ "မောဃပုရိသသုနက္ခတ္တ၊ ငါဘုရားနောက်တော်ကလိုက်လျက် ယုတ်မာသောအကြံကို ကြံဘိသည်" ဟု မိန့်တော်မူ၏။ "အဘယ်နည်း... အရှင်ဘုရား" ဟု လျှောက်လတ်သော် "သင်သည် ခွေးကဲ့သို့ ကျင့်သော ကောရခတ္တိယကိုမြင်၍ 'ဤ ရဟန်းသည် မြတ်စွာတကား' ဟု ကြံသည် မဟုတ်လော"ဟု မိန့်တော်မူ၏။

"ဟုတ်ပါ၏ အရှင်ဘုရား၊ အရှင်ဘုရားကား သူတပါးတို့၏ အရဟတ္တဖိုလ်ကို ဝန်တိုတော်မူ၏" ဟု လျှောက်၏။

မြတ်စွာဘုရားလည်း "မောဃပုရိသ....ငါဘုရားကား သူတပါးတို့၏အရဟတ္တဖိုလ်ကို ဝန်မတို၊ စင်စစ်မှာမူ နတ်လူအပေါင်းတို့၏ အရဟတ္တဖိုလ် အကျိုးငှာသာ ပြုနိုင်ခဲလှစွာသော စွန့်ခြင်းကြီး ငါးပါး၊ ပါရမီ ဆယ်ပါးတို့ကို ဖြည့်ကျင့်တော်မူအပ်၏။သင်သည်သာ ယုတ်မာသော မိစ္ဆာ အယူရှိသည်။ ထိုအယူကို စွန့်လော့၊ နေ့ညဉ့်ရှည်စွာ ဆင်းရဲခြင်းငှာ မဖြစ်စေလင့်။ သုနက္ခတ္တ အကြင် ကောရခတ္တိယကို ဘဝငြိမ်းပြီးသော ရဟန္တာဟု သင် မှတ်ထင်၏။ ထို ကောရခတ္တိယသည် ခုနစ်ရက်မြောက်သောနေ့၌ အစာမကြေသောအနာဖြင့်သေ၍ ကာဠကဉ္ဇိက အသုရကာယ် အမျိုး၌ ဖြစ်လတံ့။ ထို ကောရခတ္တိယ၏ အလောင်းကောင်ကို မြိန်း၊ မြက်ချုံ ရောက်သော သုသာန်၌ စွန့်ပစ်လတံ့။ သိလိုမူကား အလောင်း

ကောင်ကိုကပ်လျက် လက်ဖြင့်သုံးသပ်၍ မေးလျှင် လားရာဂတိကို ကြားလတံ့”ဟု မိန့်တော်မူ၏။

ထိုအခါ သုနက္ခတ္တသည် ကောရခတ္တိယသို့ ကပ်၍ “ငါ့ရှင်၊ ရဟန်းဂေါတမသည် သင့်ကို ခုနစ်ရက်မြောက်သောနေ့၌ အစာ မကြေသော ရောဂါဖြင့် သေလတံ့၊ သေပြီး၍ ကာဠကဉ္စိက အသုရာမျိုး၌ ဖြစ်လတံ့၊ ကြွင်းရစ်သော အလောင်းကောင်ကိုပြိန်း မြက်ချုံ ရောက်သော သုသာန်၌ ပစ်လတံ့၊ ကပ်၍ မေးလျှင် အလောင်းကောင်က လားရာဂတိကိုကြားလတံ့ဟု ဆို၏။ ရဟန်း ဂေါတမ၏ စကားမချွတ်ယွင်းအောင် ပညာဖြင့် ဆင်ခြင်၍ စား သောက်ပါ”ဟု ဆိုလာ၏။

ကောရခတ္တိယလည်း ခွေးကဲ့သို့ ခုံလောက်ကြား၌ အိပ်လျက် ဦးခေါင်းကို မပြီးသော် မျက်စိတို့ကို ဖွင့်၍ ကြည့်လျက် “အသို့ ဆိုသနည်း၊ ရဟန်းဂေါတမသည် ငါတို့နှင့် သဘောမတူရန် သူတကား။ ရန်သူ၏ စကား ဟူသည်ကား မှန်သည် ဟူ၍ မရှိ၊ သင်သည် သွားလေ၊ ဤအရာဝယ် ငါသိပြီ”ဟု ဆို၍ အိပ်မြဲ အိပ်လေ၏။

သုနက္ခတ္တလည်း ဘုရားစကားတော်ကို ချွတ်ယွင်းစေလိုသော ကြောင့် တနေ့သုံးကြိမ်သတိပေးလာ၏။ တရက် နှစ်ရက် စသည် ကိုလည်း လက်ချိုး၍ ရေတွက်မှတ်သား၏။ ထိုအခါ ကောရ ခတ္တိယသည်၊ သုနက္ခတ္တ စကားကို ကြား၍ ခြောက်ရက်ပတ်လုံး အစာမစားဘဲ နေသဖြင့် ခုနစ်ရက်မြောက်သောနေ့၌ အလုပ် အကျွေးတယောက်သည် ဝက်သားကို ကောင်းမွန်စွာ ချက်ပြုတ်

ပြီးလျှင်ထမင်းနှင့် ဟင်း ယူခဲ့ပြီးသော် ကောဃခတ္တိယ၏ရှေ့မြေကြီးပေါ်တွင် စုပုံ လှူဒါန်းလာ၏။

ကောရခတ္တိယသည်ခုနှစ်ရက်ပတ်လုံးအစာနှင့်ကင်း၍ ပြင်းစွာ နှိပ်စက်အပ်သော မှတ်သိပ်ခြင်း ရှိရကား၊ ရဟန်း ဂေါတမ၏ စကားမှန်သည်ဖြစ်စေ၊ မမှန်သည်ဖြစ်စေ၊ ဝစွာစား၍ သေရခြင်းကား မြတ်၏ဟု ကြံလျက် တတောင်ဆစ်နှစ်ဖက် ပုဆစ်နှစ်ဖက်တို့ကို မြေဝယ်တွားလျက် ခွေးလိုသွားပြီးလျှင် အတိုင်းအရှည်မရှိ စားသဖြင့် အစာကို မခြေစေနိုင်သောအားဖြင့် သေ၍ ကိုယ်ကား သုံးဂါဝုတ်၊ ခံတွင်းပေါက်ကား အပ်နှာဖားမျှ၊ ထိပ်လယ်တည့်တည့်တွင် လယ်ပုဇွန်ကဲ့သို့ ပြူးပြူး ထွက် နေသော မျက်စိရှိသော အရိုး၌ အရေကပ်၍ ခြောက်ကပ်သော အသွေးအသားရှိသော ကဋကဥ္စိတ အသုရကာယ်ဘုံ၌ ဖြစ်လေ၏။

ထိုအခါ အဖော်ဖြစ်သော တိတ္တိတိုသည် နေ့ကို ရေတွက်၍ ရဟန်းဂေါတမ၏ ဤစကားသည် မှန်စေဦးတော့၊ ယခုအခါ အလောင်းကောင်ကို တပါးသော သုသာန်၌ စွန့်ပစ်ပြီးမှ ဒုတိယ အချက်တွင် မှသာဝါဒကံဖြင့် စွပ်စွဲအံ့ဟု ကြံ၍ အလောင်းကောင် ကို နွယ်ကြိုးတို့ဖြင့်ဖွဲ့ယှက်ပြီးလျှင် သုသာန်တပါးသို့ ဆောင်ကြရာ ပြိန်းမြက်ချုံရောက်သော ဗီရဏတ္ထမ္ဘက သုသာန်သို့သာ ရောက် လေကုန်၏။

တိတ္တိတို့လည်း ပြိန်းမြက်ခြုံရောက်သော သုသာန်၏ အဖြစ်ကို သိ၍ သုသာန်တပါးသို့ ဆောင်မည်ဟု ကြိုးစွာ အားထုတ်ပါ

သော်လည်း ကြိုးလွန်နွယ်တို့သာပြတ်၍ အလောင်းကောင်သည် မရွေ့မရှား တည်လေ၏။

ထိုအခါ သုနက္ခတ္တသည် ရတန်းဂေါတမ၏ ဤစကားသည် မှန်စေဦးတော့ သူသေကောင်ကိုမေးလျှင် လားရာဂတိကို ပြောလတံ့ ဆိုသော နောက်ဆုံးစကားအတိုင်း မေးမည်၊ ပြောလျှင် ပြောစေ၊ မပြောလျှင် ဤတတိယ အချက်တွင် မုသာဝါဒကံဖြင့် စွပ်စွဲအံ့ဟုကြံ၍ အလောင်းကောင်၏ ကျောကို လက်ဖြင့် သုံးသပ်ပြီးလျှင် လားရာဂတိကိုမေး၏။ အလောင်းကောင်လည်း ငုတ်တုတ်ထိုင်ပြီးလျှင် "ငါ့ရှင် သုနက္ခတ္တ၊ ငါသည် မှားသော မိစ္ဆာအယူကို ယူမိသောကံကြောင့် ကာဠကဉ္စိက အသုရကာယ်ဘုံ၌ ဖြစ်ရချေသည်"ဟု ပြောဆို ပြန်ကြားပြီးလျှင် ပက်လက်လန်၍လဲလေ၏ ဟု ဒီဃနိကာယ်၊ ပါထေယျဝဂ်ပါထိကသုတ်၌ လာသည်။

ဤအရာဝယ် ကဋ္ဌကထာ၌ သူသေကောင်သည် တန်ခိုးတော်ကြောင့် ထိုင်၍ ပြောရသည် ဟူ၍ရင်း၊ ကာဠကဉ္စိက အသုရကာယ်ကိုယ်တိုင်ပင် ပူးဝင်၍ ပြောစေသည် ဟူ၍ရင်း နှစ်မျိုးဖွင့်သည်။

ဘဂဝါကိရကောရခတ္တိယံ အသုရယောနိတော
အာနေတွာ သရီရေ အဓိမောစေတွာ ကထာပေသိ။
ကမေဝါ သရီရံကထာ ပေသိ။ အစိန္တေယျာ ဟိ
ဗုဒ္ဓဝိသယော(ပါထေယျ အဋ္ဌကာ)

အနက်ကား။ ။ဘဂဝါ၊ မြတ်စွာဘုရားသည်၊ ကောရခတ္တိယံ၊ ကောရခတ္တိယကို၊ အသုရယောနိတော၊ ကာဠကဉ္ဇိက အသုရာ အမျိုးမှ၊ အာနေထွာ၊ ဆောင်၍၊ သရိရေ၊ မိမိ အလောင်း၌။ အဓိမောစေထွာ၊ ငုပ်စေ၍၊ ကထာပေသိကိရ၊ ဆိုစေသတတ်၊ ဝါ တနည်းကား တမေဝသရီရံ ထိုကိုယ်ကိုပင်လျှင် ကထာပေသိကိရ၊ ဆိုစေသတတ်၊ဗုဒ္ဓ ဝိသယော၊ဘုရားတို့အရာကို။ အစိန္တေယျာဟိ၊ မကြံနိုင်သည်သာတည်း။

မင်္ဂလိဂေါ်သာလ ဝတ္ထု

နွားတင်းကုပ်၌ ဖွားအပ်သောကြောင့် ဂေါ်သာလဟု အမည်မှည့်အပ်သော ကျွန်တယောက်သည် တနေ့သောအခါ ချော်ချွတ်သော ရွှံ့မြေအပြင်မှာ ဆီအိုးထမ်းလျက် သွားသည်ကို အရှင်က "အမောင်၊ မချော်စေလင့် မာခလိ"ဟု ဆိုသည်ကို၊ မာခလိ ဟူသော အာချုတ် သည်သည်ာကို ဆိုသောအရာ ဖြစ်ရကား၊ အာချာတ်သဘော ကွယ်ပျောက်၍ နောင်အခါ နာမ်အရာတွင် မင်္ခလိဟု အမည်တပ်လျက် နှစ်မည်ကို စပ်၍ မင်္ခလိဂေါ်သာလဟု တွင်၏။

ထိုသူသည် မေ့လျော့သဖြင့် ချော်ချွတ်၍ လဲသောကြောင့် ဆီအိုးကွဲရကား၊ အရှင်အား ကြောက်သဖြင့် ပြေးခြင်းငှာ အား

ထုတ်၏။ ယင်းသို့ပြေးခြင်းငှာ အားထုတ်သည်ကို အရှင်မြင်လျှင် ပုဆိုးစွန်းကိုဆွဲလေ၏။ ထိုသို့ဆွဲမိလျှင်ပုဆိုးကိုချွတ်၍အလွတ်ကိုယ်ချည်းသာပြေးရှာလေ၏။ ပြေး၍ ရွာတရွာသို့ဝင်လျှင် ရဟန္တာမှတ်၍ ကိုးကွယ်လုပ်ကျွေးကြကုန်၏။ ထိုမက္ခလိဂေါသာလသည် မိမိကို သူတပါးတို့က ရဟန္တာမှတ်၍ လုပ်ကျွေး ပူဇော်ကြလျှင် အစေလကတို့၏ "အာတပန ပရိတာပန" အကျင့်ကို ယူ၍ အသက်ထက်ဆုံးကျင့်သဖြင့် သေသည်၏နောက်၌ထို မိစ္ဆာဒိဋ္ဌိကံဖြင့် မဟာအဝီစိငရဲကြီး၌ ကျက်ရလေ၏။

ဒုစမိုက်ဆယ်ပါး ဝတ္ထုတော်ကြီး။

ဒုစရိုက်မှ သီးခြားထုတ်အပ်သော

အရိယူပဝါဒကံ

ဒုစရိုက်မှ အသီး အခြား ထုတ်အပ်သော အနန္တရိယကံနှင့် တူသော အလားရှိသော အရိယူပဝါဒမည်သော ဝစီကံ အထူး သည် ရှိ၏။ ထိုစကားသည် မှန်၏။ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ သာဝကတို့အား၊ ယုတ်သော အပိုင်းအခြားအားဖြင့် လူသော တာပန်တို့အားသော်လည်း အဆုံးစွန်ဖြစ်သော အန္တိမ ဝတ္ထု ဖြင့်၎င်း၊ ဂုဏ်ကိုဖျက်ဆီးသဖြင့်၎င်း၊ အကျိုးမဲ့ လိုသည်ဖြစ်၍ ပုတ်ခတ် စွပ်စွဲ ဆဲရေး ကဲ့ရဲ့ခြင်းသည် အရိယူပဝါဒကံ မည်၏။ ထိုနှစ်ပါးတို့တွင်—

၁။ ဤပုဂ္ဂိုလ်တို့အား ရဟန်းတရားသည် မရှိ၊ ဤပုဂ္ဂိုလ် တို့သည် ရဟန်း မဟုတ်ကုန်ဟု ပြောဆို စွပ်စွဲ ဆဲရေး ကဲ့ရဲ့ခြင်းသည်၊ အန္တိမ ဝတ္ထုဖြင့် စွပ်စွဲဆဲရေး ကဲ့ရဲ့ သည် မည်၏

၂။ ဈာန်၊ ဝိမောက္ခ၊ မဂ်၊ ဖိုလ် စသော ကျေးဇူးတရားတို့သည် ဤပုဂ္ဂိုလ်တို့၌ မရှိကုန်ဟု ပြောဆို စွပ်စွဲ ဆဲရေး ကဲ့ရဲ့ခြင်းသည် ဂုဏ်ကို ဖျက်ဆီးသဖြင့် စွပ်စွဲ ကဲ့ရဲ့သည် မည်၏။

ထိုနှစ်ပါးတို့ကိုလည်း အရိယာအဖြစ်ကို သိလျက် အမျက်နိုင်ငံသို့လိုက်၍ စွပ်စွဲသည် ဖြစ်စေ၊ မသိဘဲလျက် စွပ်စွဲသည် ဖြစ်စေ အရိယူပဝါဒကံ မည်သည်သာတည်း။ ထိုကံသည် လေးသော အပြစ် တည်းဟူသော ဝန်ရှိ၏။ နတ်ရွာ၊ နိဗ္ဗာန်၊ ဈာန်၊ မဂ်၊ ဖိုလ်ကို တားဆီး ပိတ်ပင်နိုင်၏။ ပြကြောင်း ဘက်သေ ကား ဤသို့တည်း။

သီဟိုဠ်ကျွန်း၌ ဆွမ်းခံဝင်တော်မူသော ရဟန္တာ အရှင်မြတ်တပါးသည်လေနာပြင်းစွာဖြစ်သဖြင့်တခုသောအိမ်မှ ရအပ်သော ယာဂုကို အခိုး ငွေ့ အပူမစဲမီပင် ဆေးအကျိုးငှာ လမ်းအနီး အပါး၌ပင် သပိတ်ဖြင့် စောင်း၍ သုံးဆောင်တော်မူ၏။

:

ထိုသည်ကို နောက်ပါ သောတာပန် ရဟန်းငယ် မြင်ရသော အခါ "ဤမထေရ်ကြီးကား လျောက်ပတ်သည် မလျောက်ပတ်သည်ဟု ဆိုအပ်သော လောကစာရိတ္တ၊ သာရုပ္ပ အသာရုပ္ပကိုမျှ မသိ၊ မွတ်သိပ်လှန်းစွ"ဟု စိတ်ဖြင့် စွပ်စွဲ ကဲ့ရဲ့မိသည်နှင့် ထိုပြစ်မှားမိသောကံကို တားမြစ်၍ မကန်တော့ မတောင်းပန်မိ

သဖြင့် အထက်မဂ် အထက်ဖိုလ်တို့ မတက်နိုင်သည့် ဝတ္ထုကိုရင်း၊ အဂ္ဂသာဝကနှစ်ပါး၌ အန္တိမဝတ္ထုဖြင့် စွပ်စွဲ ဆဲရေးသော ကောကာလိက ရဟန်း၏ ထိုအရိယူပဝါဒကံ ပစ်ချသဖြင့် မဟာပဒုမငရဲ၌ ခံရသည့် ဝတ္ထုကိုရင်း မှတ်အပ်၏။

× × ×

ကောကာလိကဝတ္ထု

ကောကာလိကဝတ္ထု

ထိုကောကာလိက ရဟန်းသည် အဂ္ဂသာဝက နှစ်ပါး၌ လာဘသက္ကာရကို အကြောင်းပြု၍ ကြီးစွာသော အမျက် ဒေါသ၊ မစ္ဆရိယ ဖြစ်သည်နှင့် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်ပြီးလျှင်“အရှင်ဘုရား၏ တပည့် သာရိပုတ္တရာ၊ မောဂ္ဂလာန် တို့သည် သီလမရှိသော သူတည်း။ ဆိုးမတော်မူ”ဟု နှုတ်ဖြင့် စွပ်စွဲ လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားသခင်သည် ဤ ကောကာလိက၏ သန္တာန်အစဉ်၌ ဖြစ်သော အရိယူပဝါဒကံကို တားမြစ်နိုင်အံ့လော့၊ မတားမြစ်နိုင်အံ့လောဟု ကြည့်ရှုဆင်ခြင် တော်မူလျှင် မတားမြစ်နိုင်အံ့သည်ကို မြင် တော် မူ လျက် ပင်၊ ကိုယ်တော်မြတ်၏ ရှေ့တော်မှောက်သို့ ရောက်လာသော သူတ ပါးတို့၏ မကောင်းမှုကံကို ဆိုးမတားမြစ်တော်မမူ၊ လျစ်လျူ

ရှုတော်မူဘိသည်ဟု ဉာဏ်အမြင်နှသည့် ပုထုဇဉ်တို့ စွပ်စွဲခြင်းမှ ကင်းစိမ့်သောငှာ—

ပေသလာ သာရိပုတ္တမောဂ္ဂလာနာ၊ ကောကာလိကစိတ္တံ ပသီဒေဟိ။ ။ဟု သုံးကြိမ်တိုင်အောင် တားမြစ်ဆုံးမတော်မူ၏။

သာရိပုတ္တမောဂ္ဂလာနာ၊ သာရိပုတ္တရာ မောဂ္ဂလာန်တို့သည်၊ ပေသလာ၊ အသက်ကဲ့သို့ ချစ်မြတ်နိုးအပ်သော သီလရှိကုန်၏။ ကောကာလိက၊ ကောကာလိကစိတ္တံ၊ သင်၏ စိတ်ကို၊ ပသီဒေဟိ၊ ကြည်စေလော။

ဤသို့ ဆုံးမတားမြစ်တော်မူလျှင် ကောကာလိက ရဟန်းသည် "အရှင်ဘုရား၏ တပည့်များကို ဆုံးမတော်မမူလိုလျှင် နေတော်မူ"ဟု ဆိုပြီးလျှင် ရှေ့တော်မှ ထ၍ သွားရာ ဇေတဝန်ကျောင်းတော်တံတိုင်းပြင်ဘက်သို့ရောက်လျှင် နှမ်းစေ့၊ ဆန့်ကွဲ၊ ပဲနောက်၊ ပဲကြီး၊ ဆီးသီး၊ ရှိရှားး၊ ဖန်ခါး၊ ဆီးဖြူ၊ သမ္ဘာရာ၊ ရှောက်သီး ပမာဏ မီးလောင်ဖုနှင့် တူသော အိုင်းအဖုတို့သည် ကိုယ်မှ ပေါ်ထွက်လျက် ပြင်းစွာ ပူလောင်သဖြင့် မြေ၌ လူးလဲရလေ၏။

ထိုအခါ ကောကာလိက ရဟန်း၏ ဥပ္ပဇ္ဈာယ်ဆရာ အနာဂါမ် အဖြစ်ဖြင့် စုတေ၍ သုဒ္ဓါဝါသပြဟ္မာ့ဘုံ၌ ဖြစ်သော တုရူပြဟ္မာကြီးသည် သက်ဆင်းလာပြီးလျှင် "ကောကာလိက၊ သင်သည်

အင်္ဂသာဝက နှစ်ပါး၌ ပြစ်မှားခြင်းမှ တောင်းပန်ကန်တော့လေ၊ ဤသို့ တောင်းပန်ကန်တော့သဖြင့် ငြိမ်းစေလော့”ဟု ဆိုးမလာ၏။ ထိုပြဟ္မာကြီး စကားကိုလည်း နည်းတူပင် ပြင်ပယ်ဆန်လှန်၍ ပြန်စေပြီးသည့်နောက်၊ စုတိကျသဖြင့် ထို အရိယူပဝါဒကကြောင့် မဟာပဒုမငရဲ၌ ကျက်ရကြောင်း၊ အင်္ဂုတ္တရနိကာယ် ကောကာလိကသုတ်၊ သံယုတ္တနိကာယ် ပြဟ္မသံယုတ်ပါဠိတော်တို့၌လာသည်။

ဤသို့အလွန်ကြီးသော အပြစ်ရှိသော မဟာသာဝက၊ အလွန်လေးသောဝန်ရှိသော မဟာဘာရိဘ ဖြစ်သော်လည်း အနန္တရိယကံ၊ တပါးသော ပါဏာတိပါတ စသော ဒုစရိုက်ကံတို့ကဲ့သို့ မကုစားအပ်သော အတေကိစ္ဆကံ မဟုတ်၊ ကုစားအပ်၊ ကုစားကောင်းသော သတေကိစ္ဆကံပင် ဖြစ်၏။ ထို့ကြောင့် စိတ်ဖြင့်ပြစ်မှားစွပ်စွဲမိရာ၌ ဤသို့သော စကားတဖန်မဆိုပြီ ဟူ၍ရင်း၊ စင်ကြယ်စွာ ဆောက်တည်အပ်သော စိတ်ဖြင့် တောင်းပန်ကန်တော့သည်ရှိသော်၊ နတ်ရွာ၊ နိဗ္ဗာန်၊ ဈာန်၊ မဂ်၊ ဖိုလ်ကိုမတားမြစ်နိုင်။ ရှေးကံမရှိသော အခါကဲ့သို့ ပြကတေ့တိုင်း ဖြစ်လေ၏။ ထိုကံသည်လည်း တောင်းပန် ကန်တော့အပ်သော ပယောဂသမ္ပတ္တိတရား တားဆီးအပ်သည်ဖြစ်၍ အဟောသိကံ အဖြစ်သို့ ရောက်၏။

ယင်းအနက်ကို ထင်ရှားစေခြင်းငှာ မဟာပစ္စည်း မထေရ်၌ စိတ်ပြစ်မှားမိသော သောရေယ သူဌေးသား ဝတ္ထုကိုရင်း၊ ရဟန္တာအရှင်မြတ်၌ စောင်းပန်းကန်တော့သော သောတာပန်ရဟန်းငယ်၏ ဝတ္ထုကိုရင်း ဆောင်အပ်၏။

သောရေယျသူဌေးသား

ဝတ္ထု

သာဝတ္ထိပြည်တွင် သောရေယျမည်သော သူဌေးသားသည် ရထားစီးလျက် ဂင်္ဂါမြစ်မှရေးချိုး၍အပြန်တွင် ဇမ္ဗူရာဇ်ရွှေစင် အဆင်းနှင့်တူသော အရှင်မဟာကစ္စည်းထေရ်၏ အဆင်းတော်ကို မြင်လေလျှင် လွန်စွာတပ်မက်သော စိတ်ရှိသည်ဖြင့်၍ "ဤမထေရ် သည်ငါ၏မယားဖြစ်လေသော် တော်လေစွ၊ ဤမထေရ်၏ အဆင်းသည် ငါ၏မယားအဆင်း ဖြစ်ပါလေသော် တော်လေစွ" ဟု စိတ်ကကြံစည်မိစဉ် ခနဥ္စပင်လျှင် ပုရိသိ အိန္ဒြေ ကွယ်လျက် ဣတ္ထိန္ဒြေသည် ထင်စွာဖြစ်လာ၏။

ထိုအခါ လွန်စွာရှက်နိုးသည်ဖြစ်၍ ရထားမှဆင်းသက်ထွက်ပြေးပြီးလျှင် တက္ကသိုလ်ပြည်သို့ ကူးသည့် သင်္ဘောတွင် လိုက်သဖြင့် တက္ကသိုလ်ပြည်သို့ရောက်က မိမိ၏ အဆင်းအင်္ဂါ လက္ခဏာ လိမ္မာရေးခြားရှိခြင်းနှင့် ပြည့်စုံရကား တဦးသော သူဌေးသားနှင့်အကြောင်းရှိ၍ သားနှစ်ယောက်မြင်ပြီးမှ အရှင်မဟာကစ္စည်းထေရ်ကို တဖန်စင်ကြယ်သောစိတ်ဖြင့် ကန်တော့ပြန်ရာ အထက်က ပြစ်မှားမိသောကံသည် ကွယ်ပျောက်၍ ယောကျ်ားဖြစ်မြဲဖြစ်ပြန်လျှင် မထေရ်ထံတော်၌ပင် ရဟန်းပြုသဖြင့် ဘဝအဆုံးသတ် အရဟတ္တဖိုလ်ကိုင် ကူးမြောက်နိုင် လေသည်။

ပြုဆိုအပ်ပြီးခဲ့သော ဒေသ ပန် ရဟန်းငယ်သည် ရဟန္တာအရှင်မြတ်၌ လောကစာရိတ္တ သာဓုပူ၊ အသာဓုပူကိုမျှ မသိဘဲ ဘိခိုက်ပြစ်မှားမိသောကံ ပယ်လှန်ကန့်ကွက်၍ အသက်ပြင်သော ဈာန်၊ မဂ်၊ ဖိုလ်၏ အန္တရာယ်ရောက်သည်ကို ရဟန္တာ အရှင်မြတ် သနားတော်မူသဖြင့် ရဟန်းငယ်အား ဆုံးမတော်မူလျှင် စင်ကြယ်သောစိတ်ဖြင့် တောင်းပန်ကတော့က ထိုပဒုဋ္ဌကံကွယ်၍ တခနခြင်း အထက်မဂ်ဖိုလ်သို့ရောက်နိုင်ကြောင်း ဓမ္မပဒ အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ တို့၌လာသည်။

ဤသို့တောင်းပန်ကန်တော့၍ ကုစားရာ၌လည်း ထိုပြစ်မှားမိသောကံ အပြစ်မှ ကြောက်လန့် တုန်လှုပ်သော သံဝေဂဉာဏ် အရင်းခံလျက် ထိုကံမှ ထမြောက်စေခြင်းငှာ သန့်ရှင်း စင်ကြယ်လှသော မဟာကုသိုလ်စိတ်ဖြင့် တောင်းပန်ကန်တော့ မှသာ

လျှင် ထိုပြစ်မှားမိသောကံသည် အဟောသိကံဖြစ်နိုင်၏။ ယင်းသို့ ကားမဟုတ် ဆရာ၊ မိဘ စိုးရပိုင်သူ တို့က အနိုင်အထက် နှုတ်၊ လက်တို့ဖြင့် ခြိန်းခြောက်တိုက်တွန်း၍ လောက ဝဇ္ဇကိုင် လျှက် စိတ်စက်မဖြူ ကန့်ဘော့သူတို့မှာ ထိုကံသည် မကွယ်မသိမ်း မငြိမ်း နိုင်ဖလ။ ထိုစကား၏ ထင်ရှားကြောင်း သက်သေကား—

× × ×

ဒေဝိလရသေ့ဝတ္ထု

လွန်လေပြီးသောအခါ ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်းသည်မင်းပြုစဉ် ဒေဝိလအမည်ရှိသော တဦးသော ရသေ့သည် တယောက်သော အိုးထိန်းသည် ဇရပ်၌ တည်းခို နေထိုင်လေ၏။ ထိုအခါ နာရဒအမည်ရှိသော အဘိညာဏ်ရ ရသေ့ တဦးသည် ဟိမဝန္တာမှ ရောက်လာပြန်၍ ထိုဇရပ်၌ပင် တည်းခို နေထိုင်ပြန်လေ၏။

တရံရောအခါ ဒေဝိလရသေ့သည် အာဝသမစ္ဆရိယ ဖြင်းပြစွာနှိပ်စက်သဖြင့် နာရဒ ရသေ့ကို အမှုရှာ၍ ထိုအာဝါသမှ ပြေးစေအံ့ ဟု ကြံပြီးလျှင် ညဥ့်အချိန်လှေကားဝတွင် အနောက်သို့ဦးခေါင်းမူလျက် အိပ်လေ၏။ နာရဒရသေ့လည်း အကြောင်းရှိ၍ လှေကားသို့ဆင်းမည်ပြုရာ ဒေဝိလရသေ့၏ ဆံကျစ်ဦးစွန်း

ကိုနှင်းမိလေလျှင် ဒေဝိလရသေ့လည်း "ငါ၏ ဆံကျစ်ဦးစွန်းကို နှင်းသည်ကား အဘယ်သူနည်း" ဟုမေး၏။ နာရဒရသေ့က "အဆွေ၊ သင်ရှိမှန်းမသိ၍ ထိခိုက်မိပါသည်။ သည်းခံပါ" ဟု တောင်းပန်၍ ဆင်းလေ၏။

ဒေဝိလရသေ့လည်း အပြန်နှင့်တဖန် တွေ့အောင် အရှေ့သို့ ဦးခေါင်းမူ၍ အိပ်ပြန်၍ နာရဒရသေ့လည်းဇရပ်သို့အတက်တွင် အနောက်သို့ ဦခေါင်းရှိသည်ဟူသော အမှတ်ကိုယူ၍ အရှေ့သို့ ရှောင်လွှဲတက်ပြန်လျှင် ဒေဝိလ ရသေ့၏ ရေမျို လည်ပင်းကို နှင်းမိပြန်လေ၏။

ထိုအခါဒေဝိလရသေ့သည် အိပ်ရာမှထပြီးလျှင် "ဤရသေ့စဉ်းလဲကား ငါ့ကိုအကြိမ်ကြိမ် စော်ကားနှိပ်စက်ခြင်းကို ပြု၏။ ထိုသီလမရှိသော ရသေ့ယုတ်မာကို နက်ဖန် နေဝန်းပေါ်သည့်ကာလ နေမင်းသည် ဦးခေါင်းကို ခုနစ်စိတ်ခွဲသည်ဖြစ်စေသော" ဟု ကျိန်ဆိုစွပ်စွဲ ဆဲရေးလေ၏။ နာရဒ ရသေ့လည်း "ယခု ကျိန်ဆိုသော ဘေးသည် အဘယ်သူ့ထံသို့ ရောက်အံ့နည်း" ဟု မိမိအဘိဉာဏ်ဖြင့် ဆင်ခြင်လျှင် ဒေဝိလရသေ့၏ ဦးခေါင်းခုနစ်စိတ် ကွဲလတံ့သည်ကိုမြင်၍ သနားသဖြင့် နေကိုမထွက်ရအောင် တားမြစ်တော်မူသည်။

ထိုအခါအမိုက်မှောင်အတိသာဖြစ်ရကား မင်းနှင့်တကွသော ပြည်သူတို့သည်၊ အကြောင်းအထူးကို စုံစမ်းရှာဖွေလျှင် ၊ ရသေ့

နှစ်ဦးတို့၏ ငြင်းခုံခိုက်ရန် ရှိသည်ကို သိသောကြောင့် နာရဒ ရသေ့ထံ ချဉ်းကပ်ပြီးလျှင် "အရှင်ရသေ့မြတ်၊ ယခု နေမထွက်သော အကြောင်းကား အဘယ်အကြောင်း ပါနည်း" ဟု လျှောက်၏။

နာရဒ ရသေ့လည်း "မင်းကြီး၊ ဤဒေဝိလ ရသေ့သည် အပြစ်မရှိသော ငါ့အား နေဝန်း ပေါ်ထွက်လျှင် နေမင်းသည် ဦးခေါင်းကို ခုနစ်စိတ် ခွဲစေသောဟု ကျိန်ဆဲပြစ်မှား၏။ ထိုသို့ ကျိန်ဆဲပြစ်မှားသော မကောင်းမှု ဥပဝါဒကံသည် ငါ၌မရောက်၊ ထိုရသေ့၌သာရောက်လျက် နေဝန်း ပေါ်လျှင် ဦးခေါင်း ခုနစ်စိတ်ကွဲလတံ့သည်ကို မြင်၍ သနားသောကြောင့် နေကိုမထွက်ရအောင် ငါတန်ခိုးဖြင့် တားမြစ်ပေသည်" ဟု ဆို၏။

ထိုအခါ ဗာရာဏသီမင်းသည် "အရှင်ရသေ့မြတ်၊ ထိုရသေ့၏ဘေးမှလည်း ချမ်းသာလေအောင် နေလဲထွက်မြဲထွက်၍ သတ္တဝါများကို အလင်းကို ရပါလေအောင် အဘယ်သို့ ပြုအံ့နည်း" ဟု လျှောက်ပြန်၏။ နာရဒရသေ့လည်း "မင်းကြီး၊ ငါ့ကိုရှိခိုး ကန်တော့ တောင်းပန်လျှင် ထိုအပြစ်မှ ပပျောက်၏။ ထိုအခါ နေဝန်းကို ငါလွှတ်မည်" ဟု ဆို၏။ မင်းနှင့်တကွသော ပြည်သူတို့သည် ထိုစကားကိုကြားလျှင် ဒေဝိလရသေ့အား "ရှင်နာရဒ ရသေ့ကို ကန်တော့ တောင်းပန်ပါ" ဟု တိုက်တွန်း ကြကုန်၏။

ဒေဝီလရသေ့လည်း "ငါမတောင်းပန် မကန်တော့"ဟု မပျော့မညွတ်သောစိတ်ဖြင့် အတင်းအမှာ ခုခံလေလျှင် မှူးမတ် ပြည်သူတို့သည် ဒေဝီလရသေ့၏ဆံကျစ်၊ လက်ခြေတို့ကို ဆွဲငင် ကိုင်တွယ်၍ နာရဒရှင်ရသေ့၏ခြေကို ဦးတိုက်စေပြီးမှ ထိုပြစ် မှားသောကံသည် ပပျောက်ပါပြီလောဟု မေး လျှောက်ကြ ကုန်၏။

နာရဒရှင်ရသေ့လည်း "ဤဒေဝီလ ရသေ့သည် မိမိစိတ် စေတနာဖြင့် ကောင်းစွာကန်ခံ၍ တောင်းပန်သည်မဟုတ်၊ သူတ ပါးတို့နိုင့်ထက်စီးနင်း အတင်းတိုက်တွန်း ၍သာ ကန်တော့ခြင်း ဖြစ်သောကြောင့် ထိုအပြစ်မှ မပျောက်မပ၊ သို့သော်လည်း ထိုရသေ့အား တခုသော မြေစိုင်ခဲကို ဦးခေါင်း၌ ရွက်စေလျက် လည်ပင်း အတိုင်း အရှည်ရှိသော ရေ၌ သက်ဆင်း၍ နေစေ ရမည်။

ထိုအခါ ငါသည် နေဝန်းကို လွှတ်အံ့၊ နေဝန်းပေါ်သည်နှင့် မြေစိုင်ခဲကိုလွှတ်၍ ရေတွင်ငုပ်စေရမည်"ဟု အစီအရင်ကိုပေး၏။ ရှင်ရသေ့ပေးသည့် အစီအရင်အတိုင်း မင်းနှင့်တကွသော ပြည်သူ တို့ စီရင်ကြလေလျှင် နာရဒရှင်ရသေ့က နေဝန်းကိုလွှတ်လိုက်၍ နေဝန်းထွက်သည်နှင့်တပြိုင်နက် ဒေဝီလ ရသေ့ထိပ်ထက်၌ မြေ စိုင်ခဲသည် ခုနစ်စိတ်ကွဲလေ၏။ ရသေ့မူကား ရေတွင်ငုပ်၍ ပြေး သောကြောင့် ချမ်းသာလေ၏ဟု နာရဒဇာတ်တွင်လာသည်။

ဤဝတ္ထုဒေသနာတော်၌ ယခုပစ္စုပ္ပန်ဘဝတွင် ကျရောက်လတံ့သောအပြစ်မျှကိုတုံသော်လည်းစိတ်စေတနာနှင့်တကွ ဓုရနိက္ခေပ မချ မပျော့မကန်တော့သောလူတို့၌ အပြစ်မှ မလွတ်နိုင်သည်ကို ထောက်က၊ နောက်နောက်သော အနန္တရအနာဂါတ်ဘဝတွင် ကျရောက် လတံ့သော ဇနကကံချင်းကိုကား ဆိုရာမရှိပြီ—ဟု သိအပ်ကုန်၏။

ဤအရာ၌ ကုစားကောင်း၏ ဟူသည်ကိုလည်း ကိုယ်ဖြင့် ပုတ်ခတ်ခြင်း စသည်မပြုမူ၍ စိတ် နှုတ် တို့ ဖြင့် စွပ် စွဲ ဆဲ ရေး ပြစ် မှား ရာ၌ သာ မှတ်အပ်၏၊ ကိုယ်ဖြင့် ပုတ်ခတ်ခြင်းစသောအမှုကို ပြုရာ၌ရှင်း၊ နှုတ်ဖြင့်သော်လည်း သက်သေခံခြင်း စသည်ဖြင့် အကျိုးစီးပွားကို ဖျက်ဆီးပြီးသော အတ္တဘာဥန်က ဖြစ်ရာ၌ရှင်း၊ တောင်းပန်ကန်တော့ သော်လည်း အ ဟော သိ ကံ အ ဖြစ် သို့ မရောက်နိုင်။

ဤအရိယူပဝါဒကံသည် ဝသီဒုစရိုက်၌အကျုံးဝင်သော်လည်း မဟာသာဝဇ္ဇဖြစ်သောကြောင့် အသီးထုတ်ဆောင်အပ်သတည်း။ ထို့ကြောင့် သမန္တပါသာ ဒီကာဝိနည်း အဌကထာ၌—

တတ္ထ ဝစီဒုစ္စရိတဂ္ဂ ဟဏေန၊ အရိယူပဝါဒေ မနောဒုစ္စရိတဂ္ဂဟဏေန စ မိစ္ဆာဒိဋ္ဌိသင်္ဂဟိတာယာပိ ဣမေ သံပိ ဒိန္နံ ပုနဝစနံ မဟာသာဝဇ္ဇ ဘာဝဒဿနတ္ထန္တိ ဝေဒိတဗ္ဗံ၊ မဟာသာဝဇ္ဇောဟိ အရိယူပဝါဒေါ အနန္တရိယ

သတိသော၊ ယထာတ "သေယျထာဝိ သာရိပုတ္တာဘိက္ခု သီလသမ္ပန္နော သမာဓိသမ္ပန္နော ပညာသမ္ပန္နော ဒိဋ္ဌေဝ ဓမ္မေ အညံအာရာဓေယျ၊ ဧဝံ သမ္ပဒမိဒံ သာရိပုတ္တ ဝဒါမိ၊တံဝါစံ အပ္ပဟာယ တံစိတ္တံ အပ္ပဟာယ တံဒိဋ္ဌိံ အပ္ပဋိနိဿဇ္ဇိတွာ ယထာဘတံနိက္ခိတ္တော၊ ဧဝံနိရယေ" တိ – ဟူ၍ မိန့်သည်။

အနက်။ ။တတ္ထ–ဒဝနေ၊ ထိုပါဠိတော်၌။ ဝစီဒုစ္စရိတဂ္ဂဟဏေန၊ ဝစီဒုစ္စရိတသဒ္ဒါဖြင့်သာလျှင်။ အရိယူပဝါဒေ၊ အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲကဲ့ရဲ့ခြင်းဟု ဆိုအပ်သောအရိယူပဝါဒကံကို။ မနောဒုစ္စရိတဂ္ဂဟဏေန၊ မနောဒုစ္စရိတသဒ္ဒါဖြင့်လည်း မိစ္ဆာဒိဋ္ဌိယာ၊ မှားသောအယူဟုဆိုအပ်သော မိစ္ဆာဒိဋ္ဌိကို။ သင်္ဂဟိတာယာပိ၊ သင်္ဂြိုဟ်ရေတွက်ပြီးသော်လည်း။ ဣမေသံပိဒိန္န၊ ဤနှစ်ပါးကုန်သောတရားတို့ကိုလည်း။ ပုနဝစနံ၊ တဖန်ဟောတော်မူခြင်းသည်။ မဟာသာဝဇ္ဇဘာဝဒဿနတ္ထံ၊ ကြီးသော အပြစ်ရှိသော အဖြစ်ကိုပြခြင်း အကျိုးရှိ၏။ ဣတိ၊ ဤသို့။ ဒေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ-တဒေဝသစ္စံ၊ ထိုစကားသည်လျှင် မှန်လှစွာ၏။ အရိယူပဝါဒေါ၊ အရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲကဲ့ရဲ့ခြင်းသည်။မဟာသာဝဇ္ဇော၊ ကြီးသောအပြစ်ရှိ၏။ အာနန္တရိယသတိသော၊ အနန္တရိယကံနှင့်တူ၏။ ယထာဟ၊ ဘုရားဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူကား။ သေယျထာပိ။ ပ။ ဧဝံနိရယေတိ၊ ဟူ၍၊ အာဟ ဟောတော်မူ၏။

သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ သေယျထာပိ၊ ဥပမာ မည်သည်ကား။သီလသမ္ပန္နော၊ အရဟတ္တမဂ်သီလနှင့်ပြည့်စုံသော။

သမာဓိသမ္ပန္နော၊ အရဟတ္တမဂ်ပညာနှင့်ပြည့်စုံသော။ ဘိက္ခု၊ အရဟတ္တမဂ္ဂဉာဏ် ရဟန်းသည်။ ဒိဋ္ဌေဝဓမ္မေ၊ မျက်မှောက်သော ကိုယ်၏ အဖြစ်၌သာလျှင်။ အညံ၊ အရဟတ္တဖိုလ်ကို။ အာရာဓေယျယထာ၊ ပြီးစေနိုင်သကဲ့သို့၊ ဝါ၊ နှစ်သက်စေနိုင်သကဲ့သို့။ ဧဝံ၊ ဤအတူ။ သာရိပုတ္တ၊ ချစ်သား သာရိပုတ္တရာ။ ဣဒံသမ္ပဒံ၊ ဤဥပမာ ဥပမေယျ၏ ပြည့်စုံခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ တံဝါစံ၊ ထိုအရိယာပုဂ္ဂိုလ်တို့အား စွပ်စွဲခြင်းကို။ အပ္ပဟာယ၊ မပယ်မူ၍။ တံဒိဋ္ဌိံ၊ ထိုမှားသောအယူကို။ အပ္ပဋိနိဿဇ္ဇိတွာ၊ မစွန့်မူ၍။ အာဘတံ၊ ငရဲသူတို့သည်။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော ယထာ၊ ပစ်ချအပ်သကဲ့သို့။ ဧဝံ၊ ဤအတူ။ အာဘတံ၊ အရိယူပဝါဒကံသည် ဆောင်အပ်သည်ဖြစ်၍။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ပစ်ချအပ်၏။

အဓိပ္ပါယ်ကား။ ။အရိယာ ပုဂ္ဂိုလ်တို့အား စွပ်စွဲဆဲရေးသော ဤအရိယူပဝါဒကံကို ပြုအပ်ပြီးသော ဝစီဒုစရိုက်၌ မှားသောအယူဆိုအပ်သော မိစ္ဆာဒိဋ္ဌိကံကို မနောဒုစရိုက်၌ သင်္ဂြိုဟ်ရေတွက်အပ်ပြီးလျှက် ထိုနှစ်ပါးသော တရားတို့ကို ထပ်၍အသီးထုတ်ဖော်လျှက် ဟောတော်မူပြန်ခြင်းသည် ကြီးသောအပြစ်ရှိသော မဟာသာဝဇ္ဇ အလွန်လေးသော ဝန်ရှိသော မဟာရိယ အဖြစ်ကို ပြတော်မူခြင်းငှါ ထပ်၍ ဟောတော်မူပြန်၏။

အဘယ်သို့ ကြီးသောအပြစ်၊ လေးသောဝန် ရှိသနည်းဟူမူ၊ မာတုဃာတက စသော အနန္တရိယ ဂရုကံငါးပါးတို့တွင် တပါး

ပါးထိုက်သောသူသည် ထိုကံတို့မှ၊ ပ—လွတ်စေခြင်းငှါ ဒါန သီလစသော အထူးထူးသော ကုသိုလ်ကံတို့ကို အသက်ထက်ဆုံး မှနေမနား အားထုတ်ပါသော်လည်း အားထုတ်သမျှသောကုသိုလ် ကံတို့သည် ကေသရာခြင်္သေ့မင်းရှေ့ဝယ် ယုန်သူငယ်မသန်းဝံ့ ဘိသကဲ့သို့၊ အနန္တရိယကံကိုလွန်၍ မိမိအကျိုးဖြစ်သော ဇနက ပဋိသန္ဓေကို မဖြစ်စေနိုင်ကုန်။

အမိကိုသတ်ခြင်း—မာတုဃာတက၊ အဖကိုသတ်ခြင်း—ပိတုဃာတက၊ ရဟန္တာကိုသတ်ခြင်း—အရဟန္တဃာတက၊ မြတ်စွာဘုရားကို သွေးစိမ်းတည်အောင် ပြုခြင်း—ဗုဒ္ဓလောဟိတုပ္ပါဒက၊ သံဃာတော်ကိုသင်းခွဲခြင်း၊ သံဃဘေဒက—ဟု ဆိုအပ်သော ဤကံငါးပါးတို့သည်သာလျှင်၊ သေသည်၏ အခြားမဲ့၌ ကံတပါး ကို တားမြစ်ပြီးလျှင် မိမိအကျိုးကို ဖြစ် စေ နိုင် သော ကြောင့် အာနန္တရိယဟူ၍ရင်း၊ နက်စွာသောရေ၌ ကျအပ်သော လေးစွာသော ကျောက်ခဲ၊ ကျောက်ဆောင်၊ ကျောက်တောင်ကြီးသည် မရပ်မတန့် မငံ့မဆိုင်းဘဲ အမြဲနစ်လေဘိ သကဲ့သို့၊ ထိုအတူလေးစွာသောဝန်ရှိသည်ဖြစ်၍ ရေပြည်သို့သာ မြင့်ရှည်စွာ ငုပ်ရသော ကြောင့် ဂရုက ဟူ၍ရင်း ဆိုအပ်၏။

ထို အနန္တရိယဂရုကံကဲ့သို့ပင် ယခုပြအပ်သော အရိယူပဝါဒကံ၊ မိစ္ဆာဒိဋ္ဌိကံတို့သည်လည်း ကြီးစွာသော အပြစ်ရှိခြင်း၊လေးသောဝန်ရှိခြင်း မြဲသောအပါယ်ဂတိရှိခြင်း အလားတူကုန်၏။

ဥပမာအားဖြင့်ကား အရဟတ္တမဂ်သိက္ခာသုံးပါးနှင့် ပြည့်စုံသော အရဟတ္တ မဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်သည် မဖောက်မပြန် အမှန်စင်စစ် အရဟတ္တဖိုလ်သည် ဖြစ်ရဘိသကဲ့သို့၊ ထိုအတူ အရိယူပဝါဒကံ၊ မိစ္ဆာဒိဋ္ဌိကံရှိသော သူတို့သည်၊ ငရဲသူတို့ကို ငရဲထိန်းတို့သည် ငရဲ၌ ဆောင်ယူ ပစ်ချ အပ်ကုန်၏။

ထိုသို့ပင် ကြီးသောအပြစ်၊ လေးသောဝန်၊မြဲ သော ဂ တိ ရှိသော်လည်း ပြုအပ်ပြီးသော အနန္တရိယကံ၊ ပါဏာတိပါတ၊ အ ဒိ န္နာ ဒါန် စ သော ကံ တို့ကဲ့သို့ မကုစားကောင်း၊ မကုစားနိုင်သော အတေတိစ္ဆကံ မဟုတ်။ ကုစားကောင်း ကုစားနိုင်သော သတေစ္ဆကံပင် ဖြစ်သည်။ ကုစားမှုကား အကျိုးကို မဖြစ်စေအပ်သော အဟောသိကံအဖြစ်သို့ ရောက်၏။ မကုစားလျှင်သာ မြဲသောအပါယ်ဂတိရှိ၏။ ထို့ကြောင့်—

တံဝါစံ အပ္ပဟာယ တံစိတ္တံအပ္ပဟာယ တံဒိဋ္ဌိ
အပ္ပဋိနိဿဇ္ဇိတွာ။ ။ဟောတော်မူသည်။

ပြစ်မှားအပ်သော ပုဂ္ဂိုလ် ထင်ရှား မရှိရာ၌ကား သွားလေရာရာ အရပ်သို့ ရှေးရှု၍ရင်း၊ ပရိနိဗ္ဗာန်ဝင်ရာ၊ ထားရာ အကြွင်းသုသာန်တိုင်အောင်လည်း သွား၍ ကန်တော့ တောင်းပန်အပ်၏ဟု ပြတော်မူလို၍ ဝိသုဒ္ဓိမဂ် အဋ္ဌကထာ၌—

အရိယာသံ ဂတာဒိသာဘိမုခေန အဉ္ဇလိပဂ္ဂဟေတွာ
တုမှေ ခမထာတိ ဝတ္တဗ္ဗံ။သစေ ပရိနိဗ္ဗုတော၊ ပရိ

နိဗ္ဗုတမဥ္စဍ္ဍာနံ ဂန္တွာယာဝ သိဝံထိတပ္ပ ဂန္တွာ
ခမာပေတပ္ပံ၊ ဇေံကတေ နေဝသဂ္ဂါဝရဏံ နမောက္ခာ
ဝရဏာဥ္စ ဟောတိ။ ဟု မိန့်တော်မူ၏။

အနက်။ ။အရိယသာ၊ အရိယာအား။ ဂတိဒိသာဘိမုခေန၊ သွားလေရာရာ အရပ်သို့ ရှေးရှု၍၊အဉ္စလီ၊ လက်အုပ်ကို ပဂ္ဂဟေတွာ၊ ချီ၍။ တုမှေ၊ အရှင်ဘုရားတို့သည် မေ၊ အကျွန်ုပ်အား ခမထာတိ၊ သည်းခံပါကုန်လော့ဟု။ ဝတ္တဗ္ဗံ၊ ဆိုအပ်၏။ သစေ၊ အကယ်၍။ သော၊ ထိုအရိယာပုဂ္ဂိုလ်သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ဝင်စံခဲ့အံ့။ ပရိနိဗ္ဗုတမဥ္စဍ္ဍာနံ၊ ပရိနိဗ္ဗာန်ဝင်ရာထားရာသို့။ ဂန္တွာ သွား၍။ ယာဝသိဝတိကမ္ပိ၊ သုသာန်တိုင်လည်း ဂန္တွာ၊ သွားလေ၍။ ခမာပေတဗ္ဗံ၊တောင်းပန်ကန်တော့အပ်၏။ ဇေံကတေ၊ ဤသို့ တောင်းပန်ကန်တော့သည်ရှိသော်။ သဂ္ဂါဝရဏံ၊ နတ်ရွာကို ဆီးတား ပိတ်ပင်ခြင်းသည်။ နေဟောတိ၊ မဖြစ်သည်သာတည်း။ မောက္ခာဝရဏာဥ္စ၊ မဂ်ဖိုလ်ကို ဆီးတား ပိတ်ပင်ခြင်းသည်။ နဟောတိ၊ မဖြစ်သည်သာတည်း။

* အရိယူပဝါဒကံ ပြီး၏ *

အရိယူပဝါဒကံနှင့် တစိတ်တူသော

ဥပါဝါဒကံ၊ မိတ္တဒုဗ္ဘိကံ

စေတီ၊ ဗောဓိ၊ မိဘ၊ ဆရာ၊ အသက်ဂုဏ်ကြီးမြတ်သောသူ၊ သီလဝန် ဂုဏဝန် ဖြစ်သော ရသေ့၊ ရဟန်း၊ ပုဏ္ဏား၊ ထမင်းသခင်အရှင်စိုးမင်း၊ မိမိ၌ ကျေးဇူးရှိဖူးသောသူ အစရှိသော ခင်ပွန်းကြီး၊ မပြစ်မှားထိုက် ဒဏ်မထားထိုက်သော သူတို့အား ပြစ်မှားခြင်း၊ ဒဏ်ထားခြင်းအမှုတို့ မပြုအပ်၊ ဤသို့ ပြုအပ်သော စေတီ၊ ဗောဓိ အစရှိသည့် မပြစ်မှားထိုက်သူတို့တွင်—

၁။ အကြင် ဂုဏ်သီလရှိသော သူတို့အား ဂုဏ်၊ သီလကို ရှုတ်ချစွပ်စွဲဆဲရေးခြင်းသည် ပြုအပ်ပြီးသော အရိယူပဝါဒကံနှင့် တစိတ်တူသော ဥပဝါဒကံ ဖြစ်၏။

၂။ ထိုမှကြွင်းသော ကိုယ်နှုတ်တို့ဖြင့် အကျိုးစီးပွားမဲ့ ဖြစ်အောင် ကြံဆောင် ပြုလုပ်အားထုတ် စုပ်စွဲဆဲရေး ထိပါး ပြစ်မှား ကျူးလွန်ခြင်းသည် ခင်ပွန်းဖျက်၊ ခင်ပွန်းဖြုတ်ဖြစ်သော မိတ္တဒုဗ္ဘိကံ ဖြစ်၏။

ထိုသို့ ပြုအပ်ပြီးသောစေတီ၊ ဗောဓိ၊ အမိ၊ အဖ အစရှိသော မပြစ်မှားထိုက် ဒဏ်မထားထိုက်သောသူအား ပြစ်မှားခြင်း၊ ဒဏ်ထားခြင်းကို ပြုသောသူတို့သည် ယခုပစ္စုပ္ပန်ဘဝ၌ပင်မြေမျို ခြင်း၊ မိုးကြိုးလောင်မီးကျခြင်း၊ ကိုယ့်အိမ်ရာ စသည်ကို မီးသင့် လောင်ခြင်း၊ ကိုယ်၌ကြီးစွာသော အနာရောဂါ ဒုက္ခဝေဒနာ ပေါက်ရောက်နှိပ်စက်ခြင်း၊ မျက်စိကန်းခြင်း၊ နားပင်းခြင်း၊ ဆွံ့အခြင်း၊ မင်းဘေး မင်းဒဏ် သင့်ခြင်း၊ လက်နက်မိုး၊ သဲမိုး ရွာခြင်း ဟူသော မဟာအင္ဒေါသ အပြစ်ကြီး ရှစ်ပါးတို့တွင် တပါးပါးရောက်တတ်ကုန်၏။

ဥပဝါဒကံနှင့်စေတီ၊ ဗောဓိ၊ အမိ၊ အဖ၊ ဂုဏ်၊ သီလ ကြီးမြတ်သောသူ အစရှိသည်တို့၌ ပြစ်မှားမိသော အချို့သော ကံတို့သည် သဂ္ဂအန္တရာယ် မဂ္ဂအန္တရာယ်တိုင်အောင် ဖြစ်စေ နိုင်ကုန်၏။ ပြကြောင်း သက်သေကား—

၁။ သာဝတ္ထိပြည် တခုသော ကျေးလက်ရွာသို့ ဆွမ်းခံ ကြွတော်မူသော သီလဝန္တ ရဟန်းတပါးကို ပြစ်မှား ချုပ်ချယ်လိုသော စိတ်ရှိသော ကောကမည်သော

မှဆိုးသည် ရဟန်းအား ခွေးတို့ဖြင့်လိုက်လေလျှင် ရဟန်းမြတ်လည်း ဘေးမှလွတ်စိမ့်သောငှာ၊ သစ်ပင်သို့ တက်၍ တောင်းပန်ခြင်းကိုပြု၏။ မုဆိုးလည်း အောက်ကရပ်လျက် ရဟန်း၏ ခြေဖဝါးကို မြားဖြင့် ထိုးစဉ် အတွင်း ရဟန်း၏ကိုယ်ကို ခြုံထားသော သင်္ကန်းသည် မုဆိုး၏ အလှည့်လိုက်ကြောင့် လျှောချ၍ မုဆိုး ကိုယ်ကို ခြုံရိုက် သကဲ့သို့ ကျလေလျှင် ခွေးတို့သည် ရဟန်းကျလာသည် ဟူသော အမှတ်ဖြင့် ကိုက်သတ် စားသောက်ကြသဖြင့် မုဆိုးသည် သင်္ကန်းတွင်း၌ အရိုးစုသာ ကြွင်းရစ်ခြင်း။

၂။ ခန္တိဝါဒီရှင်ရသေ့ကို ပြစ်မှားသောဗာရာဏသီ ပြည်ကြီးရှင် ကလာဗုမင်းကိုမြေမျိုခြင်း။

၃။ ဘုရားလောင်း မဟာနန္ဒိယ၊ စူဠနန္ဒိယမျောက်မင်း ညီနောင်တို့ကို ပြစ်မှားသော မုဆိုးအား မိုးကြိုး လောင်မီး ကျ၍ အိမ်ယာ၊ သား မယားနှင့် တကွ ပျက်စီးလျက် မိမိကိုယ်၌လည်း ထိုမီးလောင်အိမ်မှ ထုပ်လျှောက်ပေါ်သို့ကျ၍ ထိုအရပ်၌ပင်သေရခြင်း။

၄။ ချောက်သို့ကျ၍ မတက်နိုင်သော ပုဏ္ဏားကိုကျောက် ကုန်းဖြင့်ပိုး၍ ချောက်မှ တင်ဆောင်ပြီးလျှင် လူတို့ ခရီးတိုင်အောင် ပို့လိုက်သော မဟာကပိ မျောက်

မင်းကို ကျေးဇူး ကျေးစွပ် ပုတ်ခတ် ရိုက်နှက်သော ပုဏ္ဏားယုတ်၏ ကိုယ်၌ ပဲနောက်၊ ပဲကြီး၊ ဆီးဖြူ၊ ဖန်းခါ်၊ ရှိရှား၊ သမ္ဘာရ ပမာဏရှိသော အိုင်းအမာ ဒုက္ခ ဝေဒနာတို့သည် ပေါက်ရောက် လူးလဲ့လျက် သေရခြင်း။

၅။ သရဘင်္ဂ ရှင်ရသေ့၏ တပည့်ဖြစ်သော ကိသဝစ္ဆ ရှင်ရသေ့အား တံတွေး ထွေးခြင်း၊ ဒန်ပူ ဖတ်ဖြင့် ပစ်ခြင်း စသည်ကို ပြု၍ ပြစ်မှားမိသော ကုမ္ဘဝတီ ပြည့်ကြီးရှင် ဒဏ္ဍကီမင်းနှင့်တကွသော ပြည်သူတို့ကို လက်နက်မိုး၊ မီးကျီးမိုး၊ ကျောက်ကြီးမိုး၊ သဲမိုး တို့ သည် အစဉ်လိုက်ရွာ၍ အတောင်ခြောက်ဆယ်တိုင် အောင်တက်သဖြင့် ယူဇနာ ခြောက်ဆယ် တိုင်တိုင် နိုင်ငံအလုံး ပျက်ပြုန်းသေကြေခြင်း။

၆။ အမိကိုခြေဖြင့်ကျောက်ကန်သော မိတ္တဝိန္ဒက သူဌေး သားကို သမုဒ္ဒရာ အလယ်ကျွန်းတွင် ဦးခေါင်း၌ သန်လျက် စက်သွားကျ၍ ပတ်ပတ်လည်လျက် ခံရ ခြင်း။

ဤသို့အစရှိသော အပြစ်ကြီးတို့သည် ရောက်တတ်ကုန်၏။ ထိုသို့ မပြစ်မှားထိုက်သော ခင်ပွန်းကြီးတို့အား ပြစ်မှားခြင်းကို ပြုသော မိတ္တဒုဗ္ဘိဟီနပါပ ပုဂ္ဂိုလ်တို့သည် ငရဲ၌ကျက်ရတတ်

၏။ ပြအပ်ပြီးသော မြေမျိုခြင်းစသည် ဖြစ်ရဘတ်၏။ ပစ္စုပ္ပန်ဘဝ၌ပင် မိမိအကျိုးစီးပွားကို စွန့်သည်မည်၏။ အသက်ရှင်လျက်ပင် သေသည် ခြောက်သွေ့သည် မည်၏။ ထို့ကြောင့် ဘူရိဒတ်နဂါးမင်းအား ပတ္တမြားရမက်ဖြင့် ခင်ပွန်းဖျက်မည် ပြုသောနေသာဒပုဏ္ဏားကို သားဖြစ်သူ သောမဒတ္တ ဆုံးမသော အခန်းတွင်—

မစ္စတိနိရယေ ဃောရေ၊ မဟီယာပိဝရိယတိ၊
မိတ္တဒုဗ္ဘိ ဟိတစ္စာဂိ၊ ဇီဝန္တောဝ ါပိသုဿတိ။

ဟု ဘူရိဒတ်ဇာတ်တော်၌ လာ၏။

စကားပြေ။ ။ဖခင်၊ ခင်ပွန်းကို ပြစ်မှားသောသူသည် ကြောက်မက်ဖွယ် ရှိသော ငရဲ၌ ကျက်ရ၏။ ထို အဆွေခင်ပွန်း ပြစ်မှားသောသူကို မြေကြီးသော်လည်း မျိုတတ်၏။ မိမိ၏ အကျိုးစီးပွားကို စွန့်သည်မည်၏။ အသက် ရှင်လျက်လည်း ခြောက်သွေ့သည် မည်၏။

အယုတ်သဖြင့်ကား— အကြင်သူသည် သစ်ပင်ရိပ်၌ ခိုအောင်းပြီ စက်လျောင်း ကိန်းအောင်းနေထိုင်ဘူးသည် ဖြစ်အံ့၊ အကျိုးမဲ့ကို

ဖြစ်အောင် ထိုသစ်ပင်ကိုသော်လည်း မဖျက်ဆီးအပ် ဟု တေမိ မင်းသားအား မြုပ်သတ်မည့်အကြံနှင့် နံလျှား လေးဘက်ရှိသော တွင်းကို တူးဆဲဖြစ်သော သုနန္ဒာ ရထားထိန်းကို ဘုရားလောင်း ဆုံးမသော အခန်းတွင်—

ယဿရုက္ခဿ ဆာယာယ၊ နိသီဒေယျ သယေယျ ဝါ၊
နတဿသာခံ ဘိန္ဒေယျ၊ မိတ္တဒုဗ္ဘော ဟိ ပါပကော။

ဟု တေမိဇာတ်တော်၌ လာသည်။

စကားပြေ။ ။အကြင်သစ်ပင်၏ အရိပ်၌နေမှုလည်း နေဖူးငြား အံ့၊ အိပ်မှုလည်း အိပ်ဖူးငြားအံ့။ ထိုသစ်ပင်၏ အခက်ကို မချိုးဖျက်ရာ။ အကယ်၍ ချိုးချက် ငြားအံ့၊ အဆွေခင်ပွန်း ပြစ်မှားသော သူသည် ယုတ်မာသည်သာလျှင်တည်း။

ဤအရာ၌ ဂုဏ်ကျေးဇူး အထူးရှိပေသော မပြစ်မှားအပ် သော ခင်ပွန်းကြီးတို့သည် သစ်ပင်ကြီးနှင့်တူ၏။ ထို ခင်ပွန်းကြီး တို့၏ ဂုဏ်ကျက်သရေ ကျေးဇူးဥပကာရတို့သည် သစ်ကိုင်း သစ် ခက်နှင့်တူ၏။ ကျေးဇူး ဂုဏ်အထူး ရှိပေသော ခင်ပွန်းကြီးတို့၏ ဂုဏ်ကျေးဇူးကို ထိပါး နှိပ်စက် ဖျက်ဆီးချုပ်ချယ် အန္တရာယ် ပြု သော သူတို့သည် အရိပ်ခိုလျက် အခက်ကို ချိုးသောသူနှင့် တူ၏

ဟု ဥပမာ ဥပမေယျကို စပ်၍ပြတော်မူလိုသောကြောင့် ယသာ ရုက္ခသာဆာယာယ ဟု ဟောတော်မူသည်။

ထို့ကြောင့် မပြစ်မှားအပ်သော ဂုဏ်ကျေးဇူး ဥပကာရ ကြီး မြတ်လှစွာသော ဘုရား အစရှိသော ခင်ပွန်းကြီးတို့အား မပြစ် မှားအပ်။ အယုတ်သဖြင့် ရှေးက သိမြင် ကျွမ်းမဝင်ဘူးဘဲလျက် သူ့အိမ်ထက်၌ တရက်တညဥ့် တလုတ်စာမျှပင် သုခ ခံစားဘူး သော သန္တ၀ံ၌ အဆွေခင်ပွန်းကိုသော်လည်း မနောကံမျှ မပြစ် မှားအပ်၊ ပြစ်မှားမိသည် ရှိသော် အဆွေခင်ပွန်းပြု မိတ္တဒုဗ္ဘိ ဟိနပ ါပပုဂ္ဂိုလ်အဖြစ်သို့ ရောက်သည်ကို ရည်၍—

၁။ ရှေးကခင်မင်၊ ကျွမ်းမဝင်လျက်၊ အကြင်သသူ၊ ကြည်ဖြူနှစ်သက်၊ သူ့အိမ်ထက်ဝယ်၊ တရက်တည၊ တနေ့မျှလည်း၊ သုခခံစား၊ များပြားမဟုတ်၊ တလုတ် ထမင်း၊ တရှုပ်ဟင်းကို၊ ဝမ်းတွင်းလျှာနှူး၊ သုံးရ ဘူးမူ၊ ထိုသသူအား၊ ပြစ်မှားတရံ၊ မနောကံမျှ၊ မကြံအပ်ပေ။ ကြံပချေမူ၊ လူလေလူယုတ်၊ ခင်ပွန်း ပြုတ်ဟု၊ သမ္ဗုဒ္ဓစစ်၊ ရှင်ချစ်ပေါ်မည်း၊ ဟောထုံး နည်းကို၊ နိသျှည်းမှတ်သား၊ ဝမ်းဝယ်ထား၍၊ မှတ် သားမမေ့၊ ဆောက်တည်လေ့က၊ စုတေ့မနေ၊ ခန္ဓာ ကြွေလည်း၊ နတ်ပြည်ခြောက်တန်၊ ရောက်ကြောင်း မှန်သည်၊ ကေန်မသွေ သည်သာတည်း ဟူ၍ရင်း—

၂။ ကျေးဇူးလှယ်ပြိုင်၊ မဆပ်နိုင်သော် ကြံ့ခိုင်မေတ္တာ၊ အဝေယာနှင့်၊ အဗျာပဇ္ဇ၊ အနိဃ ဟူ၍ရင်း ရှေး ပညာရှိတို့ စပ်ဆို ဆုံးမကြကုန်သည်။

ဤသို့ပြအပ်ပြီးသော စေတီ၊ဗောဓိ၊ အမိ-အဖ အစ ရှိသော ခင်ပွန်းကြီးတို့အား နှုတ်-စိတ်တို့ဖြင့် ပြစ်မှား ကျူးလွန်မိသည် ရှိသော် ဖြူစင်ကြည်ညိုလှစွာသော စိတ် စေတနာ သဂ္ဂါရဝ နှိမ့်ချမာန်လျှော့ ကန်တော့ တောင်းပန်သောသူတို့အား သဂ္ဂန္တရာယ်၊ မဂ္ဂန္တရာယ် မရှိ၊ အဟောသိကံ ဖြစ်နိုင်သည်။ ထို့ကြောင့် အင်္ဂုတ္တိုရ်ရှိကာ၌-

ဒေါသေန၊ ဟိ မာတာပိတုသု စေတိယေသု
ဗောဓိမှိ ပဗ္ဗဇိတေပိ အပရဇ္ဈိတွာ ဒုဋ္ဌော
ခမထာတိ အယံဒေါသံ ဒေသေတိ၊ တဿသဟ-
ခမနေ နေဝ တံ ကမ္မံ ပဋိပါကတိက မေဝ
ဟောတိ၊ ပယောဂသမ္ပတ္တိယာ ဝိပါကဿ ပဋိဗာဟိ
တတ္တာ၊ အတိတကမ္မ ဘာဝေန အဝိပါကမေ့တံ အာ
ပန္နတ္တံ နေဝ သဂ္ဂါဝရဏံ နမောက္ခာ ဝရဏာစ္စ
ဟောတိ။ ဟု မိန့်ဆိုတော်မူသည်။

စကားပြေ။ ။အမျက်ကြောင့်လျှင် အမိအဖတို့၌ ပြစ်မှား အံ့။ စေတီ၌ရင်း၊ ဗောဓိတို့၌ရင်း၊ ရဟန်း၌ရင်း ချွတ်ယွင်း သောစိတ်ဖြင့် ပြစ်မှားမိအံ့၊ သည်းခံပါကုန်လောဟု ဤသူသည်

အပြစ်ကို တောင်းပန်အံ့၊ ထိုတောင်းပန် ပူဇော်ကန်တော့သော သူအား ပူဇော်ကန်တော့သည်နှင့် တကွသာလျှင် ထိုမှားမိသောကံသည် တဖန် ပြကတေ့သာလျှင် ဖြစ်၏။ ပယောဂ၏ ပြည့်စုံခြင်းဖြင့်အကျိုးကို မြစ်အပ်သည်၏ အဖြစ်ကြောင့်အဟောသိကံ အဖြစ်ဖြင့် အကျိုးမပေးသော တရားသဘောသို့ ရောက်၏။ ထို့ကြောင့် နတ်ရွာကို ဆီးတားပိတ်ပင်ခြင်းသည်ရင်း၊ မဖြစ်သည်သာလျှင်တည်း။ မဂ် ဖိုလ် ကို ဆီးတားပိတ်ပင်ခြင်းသည်လည်း မဖြစ်တော့။

ကိုယ်ဖြင့် ထိခိုက်ပြစ်မှားရာ အတ္တဘာဠနက ဖြစ်ရာတို့၌ ကန်တော့တောင်းပန်မှု လဟုကမျှသာဖြစ်နိုင်သည်ကိုရင်း၊ နှုတ်စိတ်တို့ဖြင့် မှားရာ၌ ကန်တော့သော သူတို့အား သဂ္ဂမဂ္ဂဇနက အန္တရာယ်ပင် အဟောသိကံ ဖြစ်သော်လည်း ပဝတ္တိဝိပါကမှု လေးသောအမှု၌ စိုးစဉ်းရံဖန်ကြွင်းရန်ရှိသည်ကိုရင်း၊ အရိယူပဝါဒကံ၌ နည်းပြအပ်ပြီးသော အစဉ်ဖြင့် သိအပ်၏။ ဤသို့ဆိုအပ်ခဲ့ပြီးသောခင်ပွန်းကြီးတို့၌ မပြစ်မှားခြင်း။ ပြစ်မှားမိသည်ရှိသော် ကန်တော့တောင်းပန်၍ နောင်တဖန် မပြစ်မှား မိအောင် သတိပညာဖြင့် စောင့်စည်းကုန်သော ကလျာဏမိတ္တ ပူဇက ပုဂ္ဂိုလ်တို့၌ ရထိုက်သော အကျိုးစီးပွားတို့ကို တေမိ ဇာတ်တော်၌ ဤသို့ လာရှိ၏။

၁။ ပဟူတဘက္ခော ဘဝတိ၊ ဝိပ္ပမုတ္တော သကာ ဃရာ၊
ဗဟုနံ့ ဥပဇီဝန္တိ၊ ယောမိတ္တာနံနဒုဗ္ဘတိ။

အချင်းရထားထိန်း၊ အကြင်သူသည် ခင်ပွန်းတို့အား မပြစ်မှား၊ ထိုသူသည် မိမိအိမ်မှ ထွက်သွားသော်လည်း များသော အစာ ဆန်ရေရှိသည် ဖြစ်၏။ များသောသူတို့သည် ထိုခင်ပွန်း မပြစ်မှားသော သူကိုမှီ၍ အသက်မွေး ရကုန်၏။"

၂။ ယံယံဇနပဒံ ယာတိ၊ နိဂမေ ရာဇဓာနိယော၊
သဗ္ဗတ္ထပူဇိတော ဟောတိ၊ ဟောမိတ္တာနံ နဒုဗ္ဘတိ၊

အကြင်သူသည် ခင်ပွန်းတို့အား မပြစ်မှား၊ ထိုသူသည် အကြင်အကြင် ဇနပုဒ်သို့ရင်း၊ အကြင်အကြင် နိဂုံးသို့ရင်း၊ အကြင်အကြင် မင်းနေပြည်တို့သို့ရင်း သွားလေ၏။ ထိုသူအားခပ်သိမ်းသောအရပ်တို့၌ သူတို့ပူဇော်အပ်သည် ဖြစ်၏။

၃။ နာဿ စောရာ ပသဟန္တိ၊ နာတိမညန္တိ ခတ္တိယာ၊
သဗ္ဗေ အမိတ္တေတရတိ၊ ယောမိတ္တာနံ န ဒုဗ္ဘတိ။

အကြင်သူသည် ခင်ပွန်းတို့အား မပြစ်မှား၊ ထိုသူအား ရန်သူတို့သည် မညှဉ်းဆဲနိုင်ကုန်၊ မင်းတို့သည် မထေမဲ့မြင် မပြုဝံ့ကုန်၊ ခပ်သိမ်းကုန်သော ရန်သူတို့ကို လွန်နိုင်၏။

အကြင်ယူသည် ခင်ပွန်းတို့အား မပြစ်မှား၊ထိုသူသည် ချောက်ကမ်းထက်မှရင်း၊ တောင်ထက်မှရင်း၊ သစ်ပင်ထက်မှရင်း ကျသည် ဖြစ်၍ စုတေခဲ့သော်လည်း ကိုးကွယ်ရာကိုရ၏။

၁၀။ ဝိရုဠ္ဍ မူလသန္တာနံ၊ နိဂြောဓမိဝ မာလုတော၊
အမိတ္တာ နပ္ပသဟန္တိ၊ ယောမိတ္တာနံ နဒုဗ္ဘတိ။

အကြင်သူသည် ခင်ပွန်းတို့အား မပြစ်မှား၊ ထိုသူအား ပွားသော မြစ်ပျဉ်းရှိသော ပညောင်ပင်ကို လေသည် မညှဉ်းဆဲနိုင်သကဲ့သို့ ရန်သူတို့သည် မညှဉ်းဆဲနိုင်ကုန်။

အထက်ပါ ပါဠိနှင့် စကားပြေတို့ကို အဓိပ္ပာယ်ပြန်ပါက အောက်ပါအတိုင်း ဖြစ်သည်။

မပြစ်မှားထိုက်သော ခင်ပွန်းကြီးတို့ကို မပြစ်မှားခြင်း၊ ပူဇော်ခြင်းကိုပြုကုန်သော မိတ္တပူဇက ပုဂ္ဂိုလ်တို့အား၊ များသောအစာဆန်ရေ ရရှိခြင်း၊သူတပါးတို့သည် မှီမှီကိုမှီ၍ အသက်မွေးရခြင်း၊ နိဂုံးဇနပုဒ်မင်း နေပြည်တို့သို့သွားသော် သူတပါးတို့၏အပူဇော်ကိုခံရခြင်း၊ မင်း ခိုးသူ ရန်သူတို့ လွှမ်းမြောက်နိုင်ခြင်း၊ ချမ်းသာစွာ မိမိအိမ်သို့လာရခြင်း၊ သဘင်အလယ်၌ ဝမ်းမြောက်ရခြင်း၊ ဆွေမျိုးတို့ထက် လွှမ်းမြောက်ခြင်း၊ သူတပါးတို့ ရှိသေမြတ်နိုးခြင်း၊ ကျေးဇူးသတင်း ကျော်စောခြင်း၊ အခြံအရံများခြင်း၊ မီးကဲ့သို့ထွန်းတောက်ပခြင်း၊ နတ်ကဲ့သို့ တင့်တယ်ခြင်း၊ ဘုန်းကြက်သရေရှိခြင်း၊ နွားတို့၏ ပွားများစည်ကားခြင်း၊ လယ်၌

ပျိုးသော မျိုး၏ သီးနှံဖွံ့ဖြိုးခွန် တုတ်တိုး၍ အကျိုးစီးပွားများခြင်း၊ မြစ်ပျဉ်းရှိသော ပညောင်ပင်ကို လေသည် မနှိပ်စက်နိုင်သကဲ့သို့ ရန်သူတို့သည် မနှိပ်စက်နိုင်ခြင်း အစရှိသော ကောင်းကျိုးတို့နှင့် ပြည့်စုံကုန်၏။

ထိုသို့မပြစ်မှားထိုက်သော အဆွေခင်ပွန်းတို့အား မထိမပါး မပြစ်မှားဘဲ လိုလားသိမ်းဆည်း ချုပ်တည်းကော်ရော် ပူဇော်စောင့်ရှောက်၍ ရောက်အပ်သော အကျိုးအာနိသင် ရှိပါလျက် မိမိတို့စိတ်ကို ဝိပ္ပဋိသာရ ဖြစ်သော ရာဂ၊ ဒေါသ၊ မာန၊ ဣဿာ၊ အဝိဇ္ဇာစသော သမ္ပယုတ္တပါပ ဓမ္မသဟဇာတ ဇရားတို့သည် ဆောင်ယူ၍ ငြူစူချုပ်ချယ်သောအား ထိပါးစွန်းငြိ ပြစ်မှားမည်ရှိသော ညွှန်စပုပ်ဖြင့် ရောသုတ်လိမ်းအပ်သော အဝတ်ကို ကြည်လင်လှစွာသော ရေသီတာဖြင့် ကောင်းစွာ ဖွပ်လျှော်ကြေးညှော်ကင်းစင် ဖြူလွင်သန့်ရှင်း မွှေးကြိုင်ခြင်းသို့ ရောက်စေဘိ သကဲ့သို့၊ ထို့အတူ မကောင်းသော ဒုဋ္ဌ ဒေါသစိတ် ပါပကြောင့် ကျရောက်ဖောက်ပြန်မိသော အပြစ်ကို ကြည်ညိုလှစွာ သဂါရဝနိဝါတ မင်္ဂလာမဟာ ကုသိုလ်ဝင် ဖြူစင်သော စိတ်မြတ်ဖြင့် တုပ်ကွရှိသေစွာ သုံးဖြာကံညီ အဥ္စလိပဏာမ ဦးနှိမ်ချလျက် ခယမြတ်နိုး ရှိခိုးတောင်းပန်သဖြင့် အကုသိုလ် စိတ်ယုတ်ကို စွန့်ထုတ် စင်ကြယ်စေအပ်၏။ ထို့ကြောင့်—

ဇလေန ဘဝတိ ပက်ံ၊ ဇလေနေဝ ဝိသုဇ္ဈတိ၊
စိတ္တေန ဘဝတိပါပံ၊ စိတ္တေဝေန ဝိသုဇ္ဈတိ။

ဟု မိန့်တော်မူသည်။

ဇလေန၊ ရေကြောင့်။ ပင်္က၊ ညွှံသည်။ ဘဝတိ၊ ဖြစ်၏။ တံပင်္က၊ ထိုရေ႓ကြောင့်ဖြစ်သော ညွှံကို။ ဇလေနေ၀၊ ရေဖြင့် သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်စေ၏။ စိတ္တေန၊ စိတ်ကြောင့်။ ပါပံ၊ မကောင်းမှုသည်။ ဘဝတိ၊ ဖြစ်၏။ တံပါပံ၊ ထိုစိတ် ကြောင့်ဖြစ်သော မကောင်းမှုကို။ စိတ္တေနေ၀၊ စိတ်ဖြင့်သာလျှင်။ ဝိသုဇ္ဈတိ၊ စင်ကြယ်စေ၏။

ဤသို့စင်ကြယ်သောသူအား မှောင်အတိ ပြီးသောဥမင်ခန်း တိုက်၌ ဆီမီးတန်ဆောင်ကို လင်းပြောင်ထွန်းညှိက မှောင်တခဲ နက် ကွယ်ပျောက်ပျက်သည်နှင့် အောက်ထက်လျှံဝင်း အလင်း အတိသည် တပြိုင်နက် ဖြစ်ဘိသကဲ့သို့ ထို့အတူပူဇော်ကန်တော့ သောခန ဒွ ဒေါသကင်းစင်ပ၍ အပစာယနကုသိုလ်မြတ်သည် သဟဇာတ်ဖြစ်လာ၏။ ထို့ကြောင့် ယခုအခါ ဤဩဝါဒဒသ နာကို ဖတ်နာကြည့်ရှုကြကုန်သော သူတော်ကောင်း တို့သည် ပြအပ်သော အကုသိုလ်ယုတ် ညွှံပုပ်ပဝင် ကြေးညှော်တင်လျက် ဖြူစင်စေတတ်သော ရေမြတ်အမွန် ပူဇဝန္တသဂါရဝ. နိဝါတ မာ္ဂလာ အပစာယနကုသိုလ်မြတ်ဖြင့် ဆေးပွတ်သုတ်သင် ဖြူစင် သန့်ရှင်း စေအပ်လှ႓တော့သည်သာတည်း။

ဥပဝါဒကံနှင့် မိတ္တဒုဗ္ဘိကံ ပြီး၏။

ဒုစရိုက်ဆယ်ပါးကို ပေါင်း၍ဆိုးမ အပ်သော အမှာစကား

ပါဏာတိပါတအစ၊ မိစ္ဆာဒိဋ္ဌိ၊ ဥပဝါဒကံ အဆုံးရှိသော ဒုစရိုက်ဆယ်ပါးတို့၏ အပါယ်လေးဘုံ၌ ဇနကဟု ဆိုအပ်သော ပဋိသန္ဓေဝိပါတ် နာမက္ခန္ဓာ ကဋတ္တာ ရုပ်တို့ကို ဖြစ်စေ တတ်ကုန်သော ကမ္မပထ တို့သည် ကြီးသောအပြစ်ရှိသော မဟာသာဝဇ္ဇ၊ ငယ်သောအပြစ်ရှိသော အပ္ပသာဝဇ္ဇ ဟူ၍ နှစ်မျိုးရှိ၏။

ထိုသို့ပင်ရှိသော်လည်း စင်စစ်မှာမူ အပြစ်ကြီးသည် ဖြစ်စေ၊ အပြစ်ငယ်သည်ဖြစ်စေ၊ အကုသိုလ်ကံဟူက ပစ္စက္ခဘဝ၌ပင် စီးပွား ချမ်းသာ ဂုဏ်ကြက်သရေတို့ကို ဖျက်ဆီး၍ တမလွန် လောက၌ အပါယ်လေးပါးသို့သာ ပစ်ချတတ်သောအပြစ်နှင့် တကွ ဖြစ်ခြင်း၊ မကောင်းသော အကျိုးကိုပေးခြင်း လက္ခဏာသဘော သာဖြစ်ကုန်၏။ ထို့ကြောင့်—

သိဒ္ဓေဝ ဇလေစိတ္တာ၊ သိလာ မဟာဝ ခုဒ္ဒကာ
ပတန္တိ ခုဒ္ဒတကေနာ၀ပိ၊ အပါယံပါပကမ္မုနာ။

ဟု ဆရာမြတ်တို့ ဆိုကြကုန်၏။

စကားပြေ။ ။ရေ၌ ပစ်ချအပ်ကုန်သော သေးငယ်သော ကျောက်တို့သည် ကြီးသောကျောက်တို့ကဲ့သို့ နစ်မြုပ်ကုန်သည် သာတည်း။ သေးငယ်သော မကောင်းမှု ကံကြောင့်လည်း အပါယ်ဘုံသို့ ကျကုန်၏။

အဓိပ္ပါယ်ကား—ကျောက်တို့သဘောသည် ကြီးသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကျောက်မှုန်က ရေဝယ်ငုပ်မြဲ၊ နစ်မြဲဖြစ်သကဲ့သို့၊ ထို့အတူ မကောင်းမှုအကုသိုလ် ဒုစရိုက်ကံမှုန်က ကြီးသောကံဖြစ်စေ၊ငယ်သောကံဖြစ်စေ အပါယ်ဆင်းရဲသို့သာ ပို့ဆောင်ပစ်ချမြဲဖြစ်ကုန်၏ ဟုဆိုသည်။

ထိုသို့အပါယ်ဆင်းရဲသို့ ပို့ချတတ်သော ကြီးသောကံ၊ ငယ်သောကံ နှစ်ပါးတို့တွင် အပြစ်ကြီးသောကံ ပို့ချသော သူမှာ ကာလမြင့်ရှည်စွာ ခံရသည်။ အပြစ်ငယ်သောကံ ပို့ချသော သူမှာ ကာလမကြာ လျင်မြန်စွာလွတ်၍ လူ့ဘုံနတ်ဘုံသို့သာပြန်လာရတော့သည်။

ထို့ကြောင့် အနည်းငယ်သော မကောင်းမှုကံ ဖြစ်လျှင် အလေးမပြုလောက်ဟု မမှတ်အပ်၊ အဘယ်ကြောင့်နည်းဟူမူကား ထိုပစ်ချရာ ကံပင်ကုန်ကောင်လည်း ယေဘုယျအားဖြင့် ကံတပါးတို့သည် ဆက်လက်မိသဖြင့် အခွင့်ရကြ လေတော့သည်။ ထို့ကြောင့်—

ပတန္တော ခုဒ္ဒကေနေဝ၊ ဗဟူဟိ ပုနဝိဋ္ဌိတာ၊
မောက္ခော ကာသံ နဝိန္ဒန္တိ၊ ပါပံ ခုဒ္ဒမ္ပိ နာစရေ။

စကားပြေ။ ။သေးငယ်သော မကောင်းမှုဖြင့် သားလျှင် ရေသို့ကျသောသူတို့သည် တဖန် များစွာသော မကောင်းမှုကံတို့သည် ဖိစီးနှိပ်စက်အပ်ကုန်သည်ဖြစ်၍ လွတ်ရာ လွတ်ကြောင်း

အခွင့်ကို မရကြကုန်။ ထို့ကြောင့် အနည်းငယ်သော မကောင်းမှုကိုလည်း မကျင့်ရာ။

ထိုဂါထာ၏ ဥပမာနှင့်တကွ အဓိပ္ပါယ်ကား—

ဤလောက၌ အကြင်လိမ်လည်လှည့်ဖျား ကြေးမြီများသော လူတယောက်သည် မိမိချေးယူသုံးစွဲအပ်သော များစွာသော မြီရှင်ဦးရေ၊ ငွေအသပြာ၏ အနုပ္ပကကိုပေးဆပ်ချိန် သက္ကရာဇ် ပိုင်းခြားရင်း၊ လ—ရက် ကြာသောကြောင့် အရပ်တပါးသို့ ပြေးသွား ပုန်းရှောင်လေ၏။ ထိုအခါ ထိုလူ၏ မြီရှင်တို့သည် အထည်ထည်အဝဝ ရှာဖွေကြသော်လည်း ထိုသူကိုမတွေ့ဘဲ ရှိစဉ် အနည်းငယ်မျှသော ချေးမိသော မြီရှင်တဦးက ထိုသူအားလက်ပူးလက်ကြပ် ဖမ်းမိ၍ အစိုးရ အရေးပိုင် မြို့ကိုင်မြို့ကွပ် တို့ထံ အပ်နှံလျှောက်ထားလျှင် အစိုးရမင်းက ထိုမြီစားကို မသွား မထွက်စေရအောင် ထောင်ကန်း နှောင်အိမ် ကြိုးကြိမ် သံခြေကျင် တို့ဖြင့် ညှဉ်းပန်း ဆောင်းခံလေ၏။

ထိုစကားကို များစွာသောမြီရှင်တို့ကြားလျှင် "အရှင်အစိုးရမင်း၊ ယခုဖမ်းဆီး ပို့ဆောင် အပ်သော သူ၏ ပစ္စည်းကား အနည်းငယ်မျှသာပါ၊ ထိုသူသည် ကျွန်တော် ကျွန်တော်တို့၏ ပစ္စည်းကို အကြိမ်ကြိမ်လိမ်လည်၍ ချေးငှား သုံးစွဲသည်ကား အများပင် ရှိပါသေးသည်။ ဤလူလိမ် လူရှုတ်ကို အပ်နှံရင်း ပစ္စည်း ပြေသော်လည်း လွှတ်တော် မမူပါနှင့်" ဟု များစွာ စိုင်းရုံ၍ အဖုံဖုံလျှောက်ထားကြသဖြင့် လွှတ်ခွင့်မရနိုင်ဘဲသကဲ့သို့

ထို့အတူ အနည်းငယ်တခုသော အကုသိုလ်ကံပင် ဆွဲငင်ပစ်ချခွင့်ရက အတီတအခါ ကပ်ကမ္ဘာ အတန်တန်တွင် ကျင့်ကြံလွန်ကျူးခဲ့သမျှ အပရာ ပရိယကံတို့သည် လိုက်လံစုရောက် လမ်းကြောင်းပေါက်သဖြင့် အခွင့်ရကြ လေတော့သည်။

အညတြသာမန် ပုထုဇဉ်ကို မဆိုလင့်ဦး၊ ပါရမီတော်အဆင့်ဆင့်ကို ဖြည့်ကျင့်တော်မူပြီး၍ လောကမှန်ကူ သယမ္ဘူဦး မဂ္ဂင်မှူးဖြစ်တော်မူသော မြတ်စွာဘုရားသော်လည်း အကျိုးပေးရန် အကုသိုလ်ကံ ကုန်၍ အငတ္ထာဘုံသို့ ရောက်တော်မူသည် မဟုတ်ကုန်။ အစဆုံး ပထမမဂ်နှင့် အပါယဂမနိယကို သမုစ္ဆေဒပြုတော်မူပြီးလျှင် အဆုံးစွန်း စတုတ္ထမဂ်ဖြင့် အနုသယ ဟူသမျှကို တစမကျန် နှုတ်လှန်သတ်ဖြတ်တော်မူသောကြောင့်သာ ဆိုအပ်ခဲ့ပြီးသော အပရာပရိယကံတို့သည် အကျိုးပေးရာ ကာလ အသင့်အခွင့်မရ၍ မိမိတို့ သဘောအားဖြင့် အဟောသိကံ ဖြစ်ကြရလေကုန်သည်။ ဂတိငါးပါး သွားရာမမှန် ဝဲဆန်၌ ကျသော သစ်တုံးကဲ့သို့ စဆုံးမရှိ မသိအပ်သော ပုထုဇဉ်တို့မှာ ဆိုရာမရှိပြီ။ ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၌—

ပါပကမ္မံ နာမေတံ အပ္ပကန္တိ န အဝမညိတဗ္ဗံ။

ဟု မိန့်တော်မူလေသည်။ ဧတံ ပါပကမ္မံနာမ၊ ဤမကောင်းမှုကံမည်သည်ကား— အပ္ပကန္တိ၊ အနည်းငယ်မျှဟူ၍ နအဝညိတဗ္ဗံ၊ မထေမဲ့မြင် မပြုအပ်။

ထို့ကြောင့် ယခုအခါ ဤဟောပြော ဆုံးမသော စကားတော်ကို ဖတ်နာကြည့်ရှုကြကုန်သော သူတော်ကောင်း တို့သည်

အပရာပရိယ အတိတက ပြုကျင့်မိခဲ့သမျှသော မကောင်းမှုကံ တို့ကို လက်ခံစင်စစ် သဘောတူဖြစ်တတ်သော ဥပစ္စကမ္မအကုသိုလ် ကံကို တရံတဆစ်မျှ မဖြစ်စေရ။ "အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါ ဒါယ၊ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ" သမ္မပဓာန် နှစ်ပါးကို အားသစ် ကြိုးကုတ်လျက် အပါယ ဂမနိယ လုံး၀ ပိုင်ပိုင် ကျော်နင်းနိုင်အောင် ခိုင်ခံ့သော စိတ်ထားဖြင့် ပြဆိုအပ်ပြီး သော ဒုစရိုက်ဆယ်ပါးတို့ကို ပယ် ရှား ကြဉ် ရှောင် ကုန် ရာ သတည်း။

မကောင်းသော ဒုရိုက်အမှုကို ပြုကျင့်သဖြင့် ခံရသော ငရဲ အစရှိသော ဒုက္ခဆင်းရဲတို့နှင့် သက်ဆိုင်သော ဝတ္ထုသက်သေတို့ကို ပြခဲ့ပြီးပေပြီ။

ယခုအခါ မကောင်းသော ဒုစရိုက်အမှုကို ရှောင်ကြဉ်ခဲ့လျှင် မည်ကဲ့သို့ အကျိုးတရားခံစားရသည် ဆိုသည့် အကြောင်းကို ရေးသားဖော်ပြပါမည်။

ပါဏာတိပါတ သူ၏အသက်ကိုသတ်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် ခံစားရသောအကျိုးကျေးဇူး

ပါဏာတိပါတာ ဝေယာမဏိယာ အင်္ဂပစ္စင်္ဂသမ္ပန္နတာ
အာရောဟပရိဏာဟ သမ္ပတ္တိ ဇဝနသမ္ပတ္တိ သုပ္ပတိဋ္ဌိ
တပါဒတာ စာဂုတာ မုဒုတာ သုစိတာ သူရတာ
မဟဗ္ဗလတာ ဝိဿဋ္ဌဝစနတာ အဘေဇ္ဇပရိသတာ
အဆမ္ဘိတတာ အပ္ပဓံသိတာ ပရူပက္ကမေနအမရဏတာ
အနန္တပရိဝါရတာ သုရူပတာ သုသဏ္ဌာနတာ အပ္ပါ
ဗာဓတာ အသောကတာ လောကပ္ပိယတာ ပိယေဟိ

မနာပေဟိသဒ္ဒေဟိ အဝိပ္ပယောဂတာ ဒီဃာယုကတာတိ
ဧဝမာဒီနိဖလာနိဥပ္ပဇ္ဇန္တိ။ ။ခုဒ္ဒကပါဌအဋ္ဌကထာ။

စကားပြေ။ ။သူ၏ အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ခြင်းကြောင့် အင်္ဂါကြီးငယ်နှင့် ပြည့်စုံသည်၏ အဖြစ်၎င်း၊ လုံးရပ်သဏ္ဌာန်နှင့် ပြည့်စုံခြင်း၎င်း၊ လျင်မြန်ခြင်း အား နှင့် ပြည့်စုံခြင်း၎င်း၊ အညီအညွတ်ကောင်းစွာထိသော ခြေရှိသည်၏ အဖြစ်၎င်း၊ သနားဘွယ်ရှိသည်၏ အဖြစ်၎င်း၊ သိမ်မွေ့နူးညံ့သည်၏ အဖြစ်၎င်း၊ သန့်ရှင်းစင်ကြယ်သည်၏ အဖြစ်၎င်း၊ ရဲရင့်ခြင်းရှိသည်၏ အဖြစ်၎င်း၊ ခွန်အားဗလကြီးသည်၏ အဖြစ်၎င်း၊ ရှုံကြောက်ခြင်းကင်းသဖြင့် ပြကတေ့သန့်ရှင်း ပြေပြစ်သော စကားရှိသည်၏ အဖြစ်၎င်း၊ မပြိုမကွဲသော ပရိသတ်ရှိသည်၏ အဖြစ်၎င်း၊ကိုယ်လက်ခက်ထန် ဆန့်တကျင် မရှိသည်၏ အဖြစ်၎င်း၊ မပျက်စီးနိုင်သည်၏ အဖြစ်၎င်း၊ သူတပါးလုံ့လဖြင့် မသေနိုင်သည်၏ အဖြစ်၎င်း၊ အဆုံးမရှိ အတိုင်းမသိများသော အခြံအရံများ ရှိသည်၏ အဖြစ်၎င်း၊ ကောင်းသောအဆင်းရှိသည်၏ အဖြစ်၎င်း၊ ကောင်းသောသဏ္ဌာန်ရှိသည်၏ အဖြစ်၎င်း၊ နည်းသော အနာရှိသည်၏ အဖြစ်၎င်း၊ စိုးရိမ်ကြောင့်ကြကင်းသည်၏ အဖြစ်၎င်း၊ လူခပ်သိမ်းတို့ ချစ်မြတ်နိုးသည်၏ အဖြစ်၎င်း၊ ချစ်မြတ်နိုးကုန်အပ်သော သူတို့နှင့် နှစ်လိုအပ်ကုန်သော သူတို့နှင့် တကွ မကွေမကွင်းရသည်၏ အဖြစ်၎င်း၊ ရှည်သော အသက်ရှိသည်၏ အဖြစ်၎င်း၊ ဤသို့ အစရှိကုန်သော အကျိုးတို့သည် ဖြစ်ကုန်၏။

အဒိန္နာဒါနာ သူတပါးဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ် ခြင်းကြောင့် ခံစားရသော အကျိုးကျေးဇူး

အဒိန္နဒါနာ ဝေရမဏိယာ မဟဒ္ဓနတာ ဗဟုဓန
ဓညတာ အနန္တဘောဂတာ အနုပ္ပန္နဘောဂုပ္ပတ္တိ
ဥပ္ပန္န ဘောဂထာဝရတာ ကုဘ္ဘ တာနံဘောဂါနံ
ခိပ္ပပဋိလာဘိတာ ရာဇစောရုဒကဂ္ဂိ အပ္ပိယ
ဒါယာ ဒေဟိ အသာဓာရဏ ဘောဂတာ အသ
ဓာရဏမနုပဋ္ဌိလာဘော လောက္ကမဟာ နတ္ထိ
ဘာဝသ္သ အဇ္ဇာနနတာ သုခဝိဟာရိတာတိ
ဧဝမာဒီနိဖလာ နိဥပ္ပဇ္ဇန္တိ။ ခုဒ္ဒကပါဌအဋ္ဌကထာ။

စကားပြေ။ ။အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးသော သူ၏ ဥစ္စာကို ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် များသော ဥစ္စာ ရှိသည်၏ အဖြစ်ရင်း၊ များသော ဥစ္စာစပါးရှိသည်၏ အဖြစ် ရင်း၊ အဆုံးမရှိ အဘိုင်းမသိသော စည်းစိမ်ဥစ္စာ ရှိသည်၏ အဖြစ်ရင်း၊ မဖြစ်သေးသော စည်းစိမ်ဥစ္စာ ရှိသည်၏ အဖြစ်

ခြင်း၊ ဖြင့်ပြီးသော စည်းစိမ်ဥစ္စာ၏ မြဲမြံစွာ တည်သည်၏ အဖြစ်ခြင်း၊ အလိုရှိအပ်ကုန်သော စည်းစိမ်ချမ်းသာတို့ကို လျင်စွာ ရလွယ်သည်၏ အဖြစ်ခြင်း၊ မင်း၊ ခိုးသူ၊ ရေ၊ မီး၊ မချစ်မနှစ်လိုသော အမွေခံတို့နှင့် မဆက်ဆံသော စည်းစိမ်ရှိသည်၏ အဖြစ်ခြင်း၊ သူတပါးတို့နှင့် မဆက်ဆံသော စည်းစိမ်ဥစ္စာကိုရခြင်းခြင်း၊ လူအပေါင်းတို့ထက် မြတ်သည်၏ အဖြစ်ခြင်း၊ မရှိသည်၏ အဖြစ်ကို မသိသည်၏ အဖြစ်ခြင်း၊ ချမ်းသာစွာ နေရခြင်းရှိသည်၏ အဖြစ်ခြင်း၊ ဤသို့ အစရှိကုန်သော အကျိုးတို့သည် ဖြစ်ကုန်၏။

ကာမေသုမိစ္ဆာစာရ—မမြတ်သောမေထုန်အကျင့်ကိုရှောင်ကြဉ်ခြင်းကြောင့် ခံစားရသောအကျိုးကျေးဇူး

မမြတ်သော မေထုန်အကျင့်မှ ရှောင်ကြဉ်ခြင်းကြောင့် ကင်းသောရန်သူ ရှိသည်၏ အဖြစ်ငှင်း၊ သူခပ်သိမ်းတို့ ချစ်မြတ်နိုးသည်၏ အဖြစ်ငှင်း၊ ထမင်း အဖျော် အဝတ် အိပ်ရာနေရာ စသည်တို့ကို ရသည်၏ အဖြစ်ငှင်း၊ အပါယ်ဘေးမှ ကင်းလွတ်သည်၏ အဖြစ်ငှင်း၊ မိန်းမအဖြစ်ကို ရခြင်းငှင်း၊ နပုံးပဏ္ဍုတ်အဖြစ်ကို ရခြင်းငှာငှင်း၊ မထိုက်သည်၏ အဖြစ်ငှင်း၊ အမျက်ဒေါသ နည်းပါးသည်၏ အဖြစ်ငှင်း၊ မျက်မှောက် ထင်ထင်ပြုအပ်သော ကောင်းမှုရှိသည်၏ အဖြစ်ငှင်း၊ မကျသောပခုံးကျောက်ကုန်းရှိသည်၏ အဖြစ်ငှင်း၊ မရိုးမကျသော မျက်နှာရှိသည်၏ အဖြစ်ငှင်း၊ မိန်းမယောကျ်ားတို့အား အချင်းချင်းချစ်မြတ်နိုးသည်၏ အဖြစ်ငှင်း၊ ပြည့်စုံသော ဣန္ဒြေ ရှိသည်၏အဖြစ်ကိုငှင်း၊ ပြည့်စုံသော လက္ခဏာရှိသည်၏အဖြစ်ကိုငှင်း၊ ရွံရှာခြင်းကင်းသည်၏ အဖြစ်ကိုငှင်း၊ ကြောင့်ကျခြင်း ကင်းသည်၏

အဖြစ်ကိုရင်း၊ ချမ်းသာစွာ နေရခြင်း ကင်းသည်၏ အဖြစ်ရင်း၊ ဘေးမရှိသည်၏အဖြစ်ရင်း၊ ချစ်သောသူနှင့် မကွေကွင်းရသည်၏ အဖြစ်ရင်း ဤသို့ အစရှိကုန်သော အကျိုးတို့သည် ဖြစ်ကုန်သတည်း။

မဟုတ်မမှန်သော စကားဖြင့် လိမ်ညာ ပြောဆိုခြင်းကို ရှောင်ကြဉ်ခြင်းကြောင့် ခံစားရသော အကျိုး

မဟုတ်မမှန် ဖောက်ပြန် ချွတ်ယွင်းသော စကားကို ပြောဆိုခြင်းမှ ကြဉ်ရှောင်ခြင်းကြောင့် အထူးသဖြင့် ကြည်လင်သန့်ရှင်းသော စက္ခုစသဘော ဣန္ဒြေရှိသည်၏အဖြစ်၊ လွတ်လွတ်ကင်းကင်း သန့်ရှင်းသာယာစွာ ဆိုနိုင်သော စကားရှိသည်၏ အဖြစ်၊ ညီညွတ်ဖြူစင်သော သွားရှိသည်၏ အဖြစ်၊ မဆူလွန်းသည်၏ အဖြစ်၊ မကြုံ့လွန်းသည်၏အဖြစ်၊ မနိမ့်လွန်းသည်၏အဖြစ်၊မမြင့်လွန်းသည်၏ အဖြစ်၊ သိမ်မွေ့ နူးညံ့ကောင်းမြတ်သော အတွေ့ရှိသည်၏အဖြစ်၊ ကြာညိုပွင့်ရနံ့နှင့် အတူ မွှေးကြူ ထုံသင်းသော ခံတွင်းအနံ့ရှိသည်၏အဖြစ်၊ မိမိစကားကို နာယူသောကျေးကျွန် ခြွေရံပရိသတ် ရှိသည်၏အဖြစ်၊ ယုံကြည်အပ်သောစကားရှိသည် အဖြစ်၊ ကြာညို၊ ကြာနီအပွင့်နှင့် တူစွာ နူးညံ့သိမ်မွေ့သော မျက်စိ-လျှာရှိသော အဖြစ်၊မတုန် မလှုပ်မပြန့်လွင့်သည်၏အဖြစ်၊ နှလုံးဝမ်းသာသည်၏အဖြစ်၊ ဤသို့ အစရှိကုန်သော အကျိုးတို့သည် ဖြစ်ကုန်၏။

ချောပစ် ကုန်းတိုက်မှု၊ ချစ်သူ နှစ်ဦးကို ကွဲကွာ သွားအောင်(သို့မဟုတ်)မိမိအား ချစ်လာအောင် ချစ်သူနှစ်ဦးကို ရန်တိုက်ပေးမှုကို ရှောင်ကြဉ် ခြင်းကြောင့် ခံစားရသော အကျိုး။

ပိသုဏာဝါစာမှ ကြဉ်ရှောင်သော အကျိုးကို ဤသို့ ဟောတော်မူ၏။ ငါဘုရားသည် ရှေးသောကိုယ်တော်၏ အဖြစ်၌ လူဖြစ်သောအခါ ပိသုဏာဝါစာမှ ကောင်းစွာ ကြဉ်ရှောင်တော်မူသောကြောင့် လူ့ဘဝမှစုတေသော် နတ်ပြည်၌ဖြစ်တော်မူရာ၌ တပါးသောနတ်တို့ထက် ဆယ်ပါးသော ဂုဏ်ကျေးဇူးတို့ဖြင့် ထူးကဲလွန်မြတ်တော်မူ၏။ လူ့ပြည်၌ တဖန် ပြန်ဖြစ်သောအခါ လေးကျွန်းသနင်း စကြာမင်း အဖြစ်ကိုရ၍ အမျှလေးဆယ်

သော သွားတော်ရှိခြင်း၊ မခေါမကြဲသော သွားတော် ရှိခြင်း ဟူသော ပရိသလက္ခဏာထူး နှစ်ပါးကိုရ၍ မပြိုမကွဲ မြဲသော အခြံအရံ ပရိသတ်ရှိခြင်း အကျိုးထူးတို့ကို ရတော်မူ၏ဟု မိန့်တော်မူ၏။

× × ×

အယုတ်တမာ ကြမ်းတမ်းသော ဆဲဆိုမှုမှ ကြဉ်ရှောင်ခြင်းကြောင့် ခံစားရသော အကျိုးကျေးဇူး

ဖရုသဝါစာကို ကြဉ်ရှောင်ခြင်း၏ အကျိုးသို့ကား ဤသို့ ဟောတော်မူ၏။ ငါဘုရားသည် ရှေးသောကိုယ်တော်၏ အဖြစ်၌ လူဖြစ်သောအခါ ဖရုသဝါစာမှ ကောင်းစွာ ကြဉ်ရှောင်တော်မူသောကြောင့် လူ့ဘဝမှ စုတေသော် နတ်ပြည်၌ ဖြစ်တော်မူ၍ တပါးသော နတ်တို့ကို ဆယ်ပါးသောဂုဏ်ကျေးဇူးတို့ဖြင့်ထူးကဲ လွန်မြောက်တော်မူ၏။ လူ့ပြည်၌ ဖြစ်သောအခါ လေးကျွန်းသနင်း စကြာမင်းအဖြစ်ကိုရ၍ ကြီးပြန့်သောလျှာတော်၊ နူးညံ့သော လျှာတော်ရှိခြင်း၊ ဗြဟ္မာမင်း၏အသံ၊ ကရဝိတ် ငှက်မင်း၏ အသံနှင့်တူသော အသံတော်ရှိခြင်းဟူသော မဟာပုရိသလက္ခဏာ ထူး နှစ်ပါးကိုရ၍ သူ ခပ်သိမ်းတို့ ယုံကြည်အပ်သော စကား ရှိခြင်း၊ အဆုံးဘဝ၌ သဗ္ဗညုတအဖြစ်သို့ ရောက်၍ ထိုအတူ လူ သုံးပါးတို့ ယုံကြည်ထိုက်သောစကားရှိခြင်းအကျိုးထူးကိုရတော် မူ၏ဟု မိန့်တော်မူ၏။

အကျိုးမရှိ ပိန်ဖျင်းသောစကားကို ပြောဆိုမှုမှ ကြဉ်ရှောင်ခြင်းကြောင့် ခံစားရသော အကျိုး

သမ္ဖပ္ပလာပဝါစာမှ ကြဉ်ရှောင်ခြင်း၏ အကျိုးထူးကို ဤသို့ ဟောတော်မူ၏။ ငါဘုရားသည် ရှေးသော ကိုယ်တော်၏အဖြစ်၌ လူဖြစ်သောအခါ သမ္ဖပ္ပလာပမှ ကောင်းစွာကြဉ်ရှောင်တော်မူသောကြောင့် လူ့ဘဝမှ စုတေသော် နတ်ပြည်၌ ဖြစ်တော်မူ၍ တပါးသောနတ်တို့ကို ဆယ်ပါးသော ဂုဏ်ကျေးဇူးတို့ဖြင့်ထူးကဲလွန်မြတ်တော်မူ၏။ လူ့ပြည်၌ဖြစ်သောအခါ လေးကျွန်းသနင်း စကြာမင်းအဖြစ်ကိုရ၍ ခြင်္သေ့မင်းမေးနှင့်တူသော မေးတော်ရှိခြင်း တည်းဟူသော မဟာပုရိသ လက္ခဏာထူးကိုရ၍ သူတပါးတို့ မဖျက်ဆီးနိုင်ခြင်း၊ အဆုံးဘဝ၌ သဗ္ဗညုတအဖြစ်သို့ရောက်၍ ထိုအတူ သူ ခပ်သိမ်းတို့ မဖျက်ဆီးနိုင်ခြင်းအကျိုးထူးကို ရတော်မူ၏ဟု မိန့်တော်မူ၏။

သူတပါး စည်းစိမ်ဥစ္စာကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွဟု မတရားကြံစည်မှုမှ ရှောင်ကြဉ် ခြင်းကြောင့် ခံစားရသော အကျိုးထူး

သူတပါး စည်းစိမ်ဥစ္စာကို ငါ့ဟာဖြစ်လျှင် ကောင်းလေစွဟု မတရားကြံစည်ခြင်းမှ ရှောင်ကြဉ်ခြင်းကြောင့် တန်ခိုးကြီးခြင်း၊ နေ-လ အသွင် ထင်ရှားကျော်စောခြင်း၊ အမျိုးမြတ်ခြင်း၊ စည်းစိမ် ဥစ္စာပေါများခြင်း အကျိုးကျေးဇူးကို ခံစားရ၏။

·l· | ·l

သူတပါး၏အိုးအိမ်၊စည်းစိမ်၊အသက် သေကြေပျက်စီးသွားလျှင် ကောင်းသေစွဟု သူတပါးကို ပြစ်မှားမှုမှ ရှောင်ကြည်ခြင်းကြောင့် ခံစားရသော အကျိုးထူး။

အဗျာပါဒ ဟူသည်ကား မေတ္တာဘာဝနာ မေတ္တာကံတရားပင်ဖြစ်သောကြောင့် ၎င်း၏အကျိုးကား ချမ်းသာစွာအိပ်ရခြင်း၊ ချမ်းသာစွာနိုးရခြင်း၊မကောင်းသော အိပ်မက်ကို မမြင်မက်ခြင်း၊ နတ်တို့သည်ကောင်းစွာ စောင့်ရှောက်ခြင်း၊ နတ်-လူတို့ ချစ်ခြင်း၊ စိတ်လျင်စွာ တည်ကြည်လွယ်ခြင်း၊ မီးသည်၎င်း အဆိပ်သည်၎င်း လက်နက်သည်၎င်း မစူးဝင်နိုင်ခြင်း စသော တဆယ့်တပါးသော အကျိုး[illegible]ကို၎င်း၊ မိဘတို့အား သားသမီးတို့၏ သားသမီးကို[illegible]တို့၏ ချစ်ကြည်လေးမြတ်စွာ ဝတ္တရားနှင့် အညီဖြစ်သော မေတ္တာသည် စကြာမင်းအဖြစ်တိုင်အောင် ပြီးစေနိုင်သည်။

မမှားသော အယူကို ယူခြင်းကား....နတ်ရွာသုဂတိသို့ရောက်ခြင်း၊ မဂ်- ဖိုလ်-နိဗ္ဗာန်သို့ ရောက်ခြင်း အကျိုးကို ရသည်ဟူသတည်း။ ။

ဦးပျိုးမြင့်

မြန်မာပြည်

ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ကြက်၊ ဝက် ပိုင်ရှင်တို့လက်စွဲ

မြန်မာ့ ဘယဆေးများနှင့်
သစ်သီး သစ်ရွက် သစ်မြစ်များဖြင့်
ကုသ ကာကွယ်နိုင်သော တိရစ္ဆာန် ဆေးကျမ်းဖြစ်သည်။

မွေးမြူရေးစစ်စစ်မဟုတ်

ရောဂါကာကွယ် ကုသနည်းများသာဖြစ်သည်

ကျွဲ-နွားနှင့် တိရစ္ဆာန်

ဆေး ကျမ်း ကြီး

ထွက်ပါမည်။ စိန်ပန်းမြိုင်စာပေ။

မြန်မာပြည်နိုင်ငံရေး

သို့မဟုတ် မြန်မာပြည်၏။ သမိုင်းဖြစ်စဉ် ခေတ်ပြောင်း အမျိုးမျိုးနှင့် သမိုင်းစဉ်မှတ်တမ်း၊ ပဒေသရာဇ်ခေတ်၊ ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ လွတ်လပ်ရေးခေတ်၊ တော်လှန်ရေးခေတ် ၊ ဖြစ်စဉ် ခေါင်းစဉ် မှတ်တမ်း

ဝိဇ္ဇူရသခင်ချစ်မောင်

ဗမာပြည်နိုင်ငံရေးမှတ်တမ်း

၁၄၉၂–မှ ၁၉၇၄–ခုထိ

တအုပ် ၆–ကျပ်

ဗိမိုးနင်း ၏

စကားပြောပြောနည်းမျိုးစုံ

တအုပ် ၃–ကျပ်

ဗိန္ဒပန်းမြိုင် စာပေတိုက်၏

ရှေးဟောင်း စာအုပ်ကောင်း တအုပ်

ရှေးခေတ် ပညာရှိအပေါင်းတို့ အမှတ်အသား ပြုခဲ့သော မှတ်တမ်းပေစာ တဆူမှ ကူးယူစုဆောင်းအပ်သော ကျမ်းတဆူ။

လောကီပညာ

အခါ ယတြာ ညွှန်ပေါင်းကျမ်း

ဤစာအုပ်တွင်

ကုန်ရောင်းအခါယူနည်း၊ ခါတ်ဖက် နံဖက် ကောက်ယူ တွဲဖက်နည်း၊အောင်မြင်စေလိုလျှင် ခါတ်ယူနည်း၊ အခါပိုင်းခြား၍ တမျိုးယူနည်း။

အဆောင်အမျိုးမျိုး၊ (၇) ရက်၊ (၇) နံ၊ ယူပုံ-တွဲပုံ၊ စတိလုပ်ပုံ၊ လာဘ်ရွှင်၊ အန္တရာယ်ကင်း၊ ဘုရားကိုးကွယ်ပုံ နည်းမျိုးစုံနှင့် သစ်ပင်စိုက်၊ အိမ်၊ ကျောင်း ဆောက်ပုံ၊ ဥစ္စာပစ္စည်း တည်တန့်မှု၊ မေတ္တာစေတနာ အမျိုးမျိုး ပို့သနည်းများ၊ အခါ ယကြာစုံပါရှိသော ဗုဒ္ဓဘာသာဝင်အိမ်တိုင်းရှိအပ်သော စာအုပ်ဖြစ်သည်။

ထွက်ရန် မျှော်

စိန်ပန်းမြိုင် စာပေမှ

ဆရာကြီး ဗိမိုးနင်း၏

စာအုပ်များကို အဆက်မပြတ် ထုတ်ဝေလျက်ရှိရာ

ယခု....

၁။ ဘဝတိုက်ပွဲ

၂။ ထူးချွန်ရေး

၃။ ကိုယ့်ဒူးကိုယ်ချွန်

တမြိုင်တည်းထွက်မည်

နောက်လည်း အလျှင်သင့်သလို ပြန်လည်

ဖော်ထုတ်သွားပါမည်။

ရှေးဟောင်းစာပေ

သုတေသီတဦး ပြုစုသည့်

အထက် မြန်မာပြည်

ဘုရားသမိုင်းပေါင်းချုပ်

နှင့်

မန္တလေးခရိုင်လမ်းညွှန်ကျမ်း

စာအုပ် ထွက်ပါမည်

မျှော်

စိန်ပန်းမြိုင်စာပေ

လူတို့ အင်္ဂါ လက္ခဏာစုံ အဟောစုံ၊ ကောင်းမကောင်း

သဘောစိတ်နေ၊ ဆင်းရဲချမ်းသာ

အကျိုးပေး၊ အကျိုးယုတ်

အလုံးစုံအဟောပါသော

(လူတို့၏ လက္ခဏာခုံ ကျမ်းကြီး)

ထွက်လာမည်။

ဗိန္ဒုဝိနေမြိုင် စာပေတိုက်၏

နောက်ထပ်ပုံနှိပ်၊ ဘာသာရေး အနှစ်ချုပ် စာအုပ်

○ ဒါနပြုတိုင်း အလှူလုပ်တိုင်း သင့်မသင့်၊

○ သီလစောင့်တိုင်း၊ တကယ်စောင့်တာ ဟုတ်မဟုတ်၊

○ ဘာဝနာဆိုဘိုင်း၊ ဘာဝနာလား၊ ဘဝနာလား၊

○ ပစ္စယာနံ၊ ဝေယျာဝစ္စ၊ ပတ္တိဒါနံ၊ ပတ္တာနုမောဒန

စသည်ဖြင့် ပြတ်ပြတ်ရှင်း၍ ပြုစုထားသော....

ပုညကိရိယ ဆယ်ပါး စာအုပ်တော်ကြီး

အလှူခံပုဂ္ဂိုလ်၊ အလှူပေး ပုဂ္ဂိုလ်၊ အလှူဝတ္ထု ပစ္စည်း
စသည်ဖြင့် စီစစ်ရှင်းလင်းချက်နှင့်တကွ ထွက်လာမည်။